ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ရက်၊ တနင်္လာနေ့ (28-12-2015) (၈၄၂၈)

**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေကျွှာတောင်ဆရာတော် ဦးတိလောက

# မြန်မာနိုင်ငံ ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့ စတင်ဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ကြီးကို ကျွမ်းကျင်သူများပါဝင်ကာ စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသူများကို ဖိတ်ခေါ်ကြိုဆိုမည်ဖြစ်ကြောင်း သိရသည်။

"ယနေ့ ကမ္ဘာပေါ်မှာ ယာဉ်တိုက်မှုကြောင့် နှစ်စဉ်လူ ၁ ဒသမ ၂ သန်း ကျော်သေဆုံးပြီး သန်း ၅၀ ခန့် ထိခိုက်ဒဏ်ရာရနေပါတယ်။ နေ့စဉ်လမ်းအသုံးပြုသူ ၃၀၀ ကျော် သေဆုံးနေပြီး လာမည့် ၂၀၂၀ ခုနှစ်မှာ နေ့စဉ်လူ ၅၀၀၀ ခန့် သေဆုံးနိုင်ကြောင်း သုတေသီများက ခန့်မှန်းထားပါတယ်။ ဒါကြောင့် မဖြစ်မနေ ယာဉ်အန္တရာယ်ကို တားဆီးဖို့ လိုအပ်လာပြီဖြစ်တဲ့အတွက် ကမ္ဘာ့ကုလသမဂ္ဂက (၂၀၁၁-၂၀၂၀) ဆယ်စုနှစ်ကို ယာဉ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်ရမည့် (၁၀)စုနှစ်အဖြစ် သတ်မှတ်ပြီး လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဒုတိယသမ္မတ ဦးစီးပြီး အမျိုးသားအဆင့် ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ယာဉ်အန္တရာယ်ကင်းရှင်းရေး တာဝန်ယူကြရတဲ့ ဆက်စပ်ဝန်ကြီးဌာနများ အတွင်း၊ ဦးစီးဌာနများအတွင်း တစ်ဌာနနှင့် တစ်ဌာန အပြစ်ဖို့မနေကြဘဲ ငြင်းခုံမှုမရှိ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အောင်မြင်လာမှာ ဖြစ်ပါတယ်။ ယခုဖွဲ့စည်းမယ့် မြန်မာနိုင်ငံ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး အဖွဲ့ကြီးကလည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအသုံးပြုသူများရဲ့ အသက်ကယ်တင်ရေးလုပ်ငန်းမှာ ပေါင်းစပ်ကူညီ ပါဝင်လာမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အဖွင့်အမှာ စကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့●

## ရွှေတိဂုံပုံတူစေတီတော် ပန္နက်တော်တင် တွင်းတော်ဝန်းနှင့် သိမ်တော်ရေစက်ချပွဲ ကျင်းပ

စာမျက်နှာ - ၈

## အသစ်ဝင်ရောက်လာသော ဗီယက်နမ်လေကြောင်းလိုင်း မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးကို ပီပြင်စွာဖော်ဆောင်

စာမျက်နှာ - ၈

# ဆည်၊ကန်၊ရေလှောင်တမံများတည်ဆောက်ခြင်းကြောင့် ဒေသခံပြည်သူများ အကျိုးကျေးဇူးများစွာရရှိ

သတင်းနှင့် ဓာတ်ပုံ(စိုးဝင်း-MLA)

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဆည်၊ ကန်၊ ရေလှောင်တမံများ တည်ဆောက်ခြင်းကြောင့် ဒေသခံပြည်သူများအတွက် ရေဘေးကာကွယ်ခြင်း၊နွေရာသီဆည်ရေသောက် ဧရိယာစိုက်ပျိုးရေ(ရေချို) ရရှိခြင်း၊ သောက်သုံးရေပေးဝေနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာရရှိစေကြောင်း ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက ပြောကြားသည်။

ဆည်မြောင်းဦးစီးဌာန ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ အင်ဂျင်နီယာပညာရှင်တစ်ဦးက "ဆည်တွေကိုဆောက်ဖို့ ဒီဇိုင်းတွက်ချက်တဲ့အခါမှာ ဆည်ရဲ့ သက်တမ်းနှစ် ၅၀ မှန်းပြီး အနှစ် ၅၀ အတွင်း ဝင်ရောက်လာမယ့် သဲနုန်း

စာမျက်နှာ ၃ ကော်လံ ၁ သို့❒



ငမိုးရိပ်ရေလှောင်တမံ ရေပိုလွှဲနှင့် ဆည်အားတွေ့ရစဉ်။

**ထူးခြားသည့် ညအပူချိန်များ**

| | |
|---|---|
| ပူတာအို | ၂ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၃ ဒီဂရီစင်တီဂရိတ် |
| ခန္တီး | ၃ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ ဒီဂရီစင်တီဂရိတ် |

## ကလေးဒေသ ရေဘေးသင့် ရွာလေးများပုံရိပ်

ကလေး - ဝင်းသူ

ကလေးဒေသတွင် ထင်ရှားသည့် ရှေးဟောင်းရွာသုံးရွာရှိသည်။ ထိုရွာသုံးရွာကို စတင်တည်ထောင်သူတို့နှင့် ပတ်သက်၍-

**"အရင်းရန်နိုင်**
**အလယ်ကြွက်ဖောက်**
**အဖျားရဲလှကောက်"**ဟူသော စာဆိုအရ ရှေးဦးအရင်းမူလ နတ်ချောင်းရွာကို သူကြီးဦးရန်နိုင်ကလည်းကောင်း၊ အလယ်ရွာဖြစ်သော နတ်မြောင်းရွာကို သူကြီး ဦးကြွက်က လည်းကောင်း၊ ရွာနှစ်ရွာ၏အဖျားလည်းကျသော နတ်နန်းရွာကလေးကို သူကြီးဦးရဲလှကလည်းကောင်း ၁၂၅၈ ခုနှစ်တွင် လခြား၍တစ်ပြိုင်နက် တည်ထောင်ထားခဲ့ကြပါသည်။

မြစ်သာအရှေ့ဘက်ရှိ"ယောမန္တလေး"ဟု အမည်တွင်သော အင်းတင်ရွာကြီးမှာ မြစ်သာကမ်းပါးပဲ့၍ ရွာပျက်သွားသောအခါ ထိုအင်းတင်ရွာကြီးတွင် နေထိုင်ခဲ့ကြသူများက မြစ်အနောက်ဘက်သို့ ပြောင်းရွှေ့၍ ရွာသစ်များတည်ထားခဲ့ကြပါသည်။

နတ်မြောင်း၊ နတ်ချောင်း၊ နတ်နန်း ရွာညီနောင်သုံးရွာကို တည်ထောင်ခဲ့ကြသကဲ့သို့ အင်းစိန်ရွာ၊ ငါးဖားရွာ ဟူ၍လည်း မြစ်သာမြစ်အနောက်ဘက်တွင် ရွာသစ်များတည်ထားခဲ့ကြပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့○



ကြေးမုံစာတည်းရှုထောင့် ၂၈-၁၂-၂၀၁၅၊ တနင်္လာနေ့

# အဖြစ်အများဆုံးရောဂါ ကာကွယ်

ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နှလုံးရောဂါကုသမှုဌာနတွင် နေ့စဉ် နှလုံးရောဂါဝေဒနာရှင်တစ်ရာခန့် လာရောက်ကုသလျက်ရှိကြောင်း သိရသည်။ လာရောက်ကုသကြသည့် လူနာများတွင် နှလုံးသွေးကြောကျဉ်း လူနာများနှင့် မွေးရာပါနှလုံးရောဂါဖြစ်ပွားသည့်လူနာများ အများဆုံးဖြစ်ကြောင်း သိရသည်။

ယခုအခါ နှလုံးရောဂါသည် ကမ္ဘာပေါ်တွင် အဖြစ်ပွားဆုံးရောဂါဖြစ်ပြီး လူ့အသက်သေဆုံးမှုတွင်လည်း အများဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ဖြစ်ပွားရခြင်းအကြောင်းအရင်းများ အမျိုးမျိုးရှိသည့်အနက် သွေးတိုးရောဂါရှိသောအခါ နှလုံးထိခိုက်မှုကို ပိုဖြစ်စေပြီး သွေးကြောများပျက်စီးကာ သွေးကြောပိတ်ဆို့မှု ဖြစ်နိုင်ခြေပိုများသည်။ အမျိုးသားများမှာ အမျိုးသမီးများထက် နှလုံးရောဂါဖြစ်နိုင်ခြေ ပိုများသည်။

မိဘမျိုးရိုးတွင် နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါတစ်ခုခု ရှိသူများမှာ အခြားသူများထက် နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြေပိုမိုများသည်။ အသက် (၄၀) ကျော်လာသူများမှာ အသက် (၄၀) အောက် အရွယ်များထက် နှလုံးနှင့်သွေးကြောရောဂါများ ဖြစ်ပွားနိုင်ခြေပိုများသည်။ သွေးတွင်း ကိုလက်စထရောများပါက သွေးကြောအတွင်း၌ အဆီခဲများဖြစ်စေပြီး သွေးကြောများ တဖြည်းဖြည်းကျဉ်းလာတတ်သည်။ သွေးကြောများ ကျဉ်းသွားသောကြောင့် နှလုံးဆီသို့ သွေးစီးဆင်းမှုနည်းသွားစေပြီး နှလုံးရောဂါဖြစ်ပွားလာခြင်းဖြစ်သည်။

ဆေးလိပ်တွင်ပါဝင်သည့် နစ်ကိုတင်းမှာ နှလုံးခုန်မြန်စေပြီး သွေးကြောများကို ကျဉ်းစေသောကြောင့် နှလုံးဆီသို့ သွေးစီးဆင်းမှုကို လျော့နည်းစေသည်။ ဆီးချို၊ သွေးချိုရောဂါရှိသူများ၏ လေးပုံ သုံးပုံခန့်သည် နောက်ဆက်တွဲဖြစ်ပွားသည့် နှလုံးနှင့်သွေးကြောရောဂါများကြောင့် အသက်သေဆုံးခဲ့ကြသည်ဟု ဆေးပညာလောကမှ ဆိုထားသည်။ ဆီးချို၊ သွေးချိုရောဂါ ဝေဒနာရှင်များသည် သွေးချိုကို ထိန်းထားနိုင်သည်ဆိုလျှင်ပင် နှလုံးနှင့် သွေးကြောရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်မားပြီး သွေးချိုကို ထိန်းမထားနိုင်ခဲ့လျှင် နှလုံးနှင့်သွေးကြောများအား ဆိုးဆိုးရွားရွား ထိခိုက်နိုင်သည်ဟု သိရသည်။

ထို့အပြင် အဝလွန်သူများ ဖြစ်ပွားနိုင်ခြေများပြီး အထူးသဖြင့် ခါးတစ်ဝိုက်တွင် အဆီများသူများမှာ နှလုံးနှင့် သွေးကြောရောဂါဖြစ်ပွားနိုင်ခြေများသည်ဟု ဆိုသည်။ အရက်သောက်သုံးသူ အများစုမှာ သင့်တင့်သည့် ပမာဏသို့မဟုတ် ချင့်ချိန်သောက်သုံးသူ အလွန်နည်းပါးသည်။ အလွန်အကျွံသောက်သုံးမှုကြောင့် နှလုံးနှင့် သွေးကြောရောဂါ ဖြစ်နိုင်ခြေများလာသည်။ အရက်မသောက်သော်လည်း အခြားအရေးကြီးသောအချက်မှာ စိတ်ဖိစီးမှုများခြင်းဖြစ်သည်။ စိတ်ဖိစီးမှုများသောကြောင့် ခန္ဓာကိုယ်တွင်းမှ ထွက်လာသည့် ဟော်မုန်းများက နှလုံးနှင့်သွေးကြောများအား ထိခိုက်စေသည်ဟု ဆိုထားသည်။

အလွယ်ကူဆုံးကုသမှုအနေဖြင့် နေ့စဉ်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးခြင်းသည် နှလုံးနှင့် သွေးကြောရောဂါများ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။ ပုံမှန်လေ့ကျင့်ခန်း မလုပ်ခြင်း၊ လှုပ်ရှားမှု မရှိခြင်းတို့ကြောင့် နှလုံးနှင့် သွေးကြောရောဂါ ဖြစ်ပွားနိုင်ခြေကို မြင့်တက်စေသည်။ လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် သွေးတွင်း ကိုလက်စထရောပမာဏနှင့် သွေးပေါင်ချိန်ကို လျှော့ချပေးနိုင်သည်။ ထို့အပြင် ဆီးချို၊ သွေးချိုရောဂါနှင့် အဝလွန်ဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးသည်ဟု သိရသည်။

နှလုံးရောဂါကို တိတ်တဆိတ် လူသတ်သမားဟု ဆိုကြသည်။ အခြားရောဂါများမှာ ရောဂါအတိမ် အနက်အလိုက် ဆရာဝန်မပြသေးမီပင် လူနာနှင့်ပတ်သက်သူတို့အနေဖြင့် အကြမ်းဖျင်းခန့်မှန်းနိုင်မည်ဖြစ်သောကြောင့် ဆေးရုံသို့အမြန်သွား၍ အချိန်မီအသက်ကယ်တင်နိုင်သည်။ နှလုံးရောဂါသည်မှာ ထိုသို့မဟုတ်ချေ။ အနီးပတ်ဝန်းကျင်သာမက မိမိကိုယ်တိုင်ပင် မခန့်မှန်းနိုင်သဖြင့် ရုတ်တရက် အသက်သေဆုံးနိုင်သည်အထိ ဖြစ်ပေါ်နိုင်သဖြင့် လူတိုင်းလူတိုင်း အထူးသတိထားကြရမည်ဖြစ်သည်။

ထို့ကြောင့် လူတို့ကို ရုတ်တရက် သစ်စိမ်းချိုး၊ အစိမ်းခြွေ ခြွေနိုင်သော နှလုံးရောဂါမဖြစ်ပွားအောင် မိမိကိုယ်ကို စိတ်နှင့်ခန္ဓာ သတိကပ်ကာ ဆင်ခြင်နေထိုင်သင့်ပေသည်။ ဗုဒ္ဓဘာသာအားဖြင့် ဘာဝနာပွားများခြင်းဖြစ်သည်။ လူတိုင်းအနေဖြင့် ကိုယ်လက်လှုပ်ရှားမှု နေ့စဉ်ပုံမှန်ပြုလုပ်ပေးသင့်ပေသည်။ ။

## အလုပ်အကိုင်အခွင့်အလမ်း များပြားလာခြင်းနှင့်အတူ နေ့စား ပုတ်ပြတ် အလုပ်သမားတည်ငြိမ်မှုနည်းကာ ရွှေ့ပြောင်းမှုများရှိနေ

**မန္တလေး ဒီဇင်ဘာ ၂၇**


မန္တလေးမြို့တွင် စက်မှုဇုန်(၁)နှင့် စက်မှုဇုန်(၂)တို့တွင် စက်ရုံ၊ အလုပ်ရုံများ ပေါများကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခဲ့သည်။ စက်ရုံများပေါများလာခြင်းနှင့်အတူ အနီးအနားကျေးရွာများတွင် လယ်လုပ်သားရှားပါးမှုများပင် ကြုံတွေ့ခဲ့ရသည်။ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားခန့်ထားမှုမှာ လခစားဝန်ထမ်းအဖြစ်ခန့်အပ်ခြင်း၊ နေ့စားပုတ်ပြတ်စနစ်ဖြင့် လုပ်ကိုင်သည့်အလုပ်သမားများခန့်ခြင်းပင်ဖြစ်သည်။ ပုတ်ပြတ်အများစုမှာ အိတ်ပြတ်ဖြင့်ပေးလေ့ရှိသည်။

ဝန်ထမ်းများသည်လည်း ရရှိသည့် လစာပေါ်မူတည်ကာ အလုပ်ပြောင်းလဲမှုများပြားကာ အလုပ်ပြောင်းလျှောက်ခြင်းများ ပြုလုပ်လာကြသည်။ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် နေ့စားပုတ်ပြတ်အလုပ်သမားများမှာ တည်ငြိမ်မှုနည်းလျက်ရှိကြောင်း သိရသည်။ စက်မှုဇုန်(၂) အဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်း(ကားကြီးကွင်း) စည်ပင်ဖွံ့ဖြိုးလာခြင်းနှင့်အတူ နေ့စားပုတ်ပြတ်ကုန်တင်၊ ကုန်ချ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါများလာခဲ့သည်။ ကားကြီးကွင်းကုန်တင်၊ ကုန်ချလုပ်သားများသည် တစ်နေ့လျှင် အနည်းဆုံးငွေကျပ်တစ်သောင်းကျော်အထိဝင်ကြောင်း သိရသည်။

စက်ရုံ၊ အလုပ်ရုံများသည် အလုပ်ပါးချိန်နှင့် အလုပ်များချိန်တို့ ရာသီအလိုက်ကွာခြားမှု ရှိတတ်ပြီး အလုပ်များချိန်တွင် နေ့စားပုတ်ပြတ်များသည် မိုးလုံလေလုံအလုပ်အကိုင်ကောင်းကာ နေ့တွက်ကိုက်ပြီး အလုပ်ပါးချိန်တွင် ရရှိငွေနည်းပါးလေ့ရှိသည်။ ထိုသို့သော ကာလများတွင် နေ့စားပုတ်ပြတ်အလုပ်သမားများသည် အလုပ်ကောင်းရာ ကားကြီးကွင်းနှင့်တကွ အခြားစက်ရုံများသို့ ပြောင်းရွှေ့လုပ်ကိုင်သည့်အတွက် အလုပ်သမားထိန်းသိမ်းမှုခက်ခဲကြောင်း သိရသည်။

လက်ရှိကာလတွင် မွေးမြူရေးအစာစက်ရုံများနှင့် အချို့သော စက်ရုံများတွင် နေ့စားပုတ်ပြတ်အလုပ်သမားများကို ထိန်းနိုင်ရန် အလုပ်ပါးသည့်အခါ နေ့စားခကိုက်အောင်ပေးခြင်းများအထိပါ ပြုလုပ်လေ့ရှိကြသည်။ နေ့စားပုတ်ပြတ်အလုပ်သမားများ နေ့တွက်မရရှိပါက တစ်နေ့လုပ်အားခ ငွေကျပ် ၃၆၀၀ ပြည့်အောင် ဖြည့်ပေးကြသည်။ လက်ရှိကာလတွင် ပြောင်းနေလှန်းလုပ်ငန်းများနှင့် အခြားလုပ်ငန်းများမှ တစ်နေ့လုပ်အားခ ငွေကျပ် တစ်သောင်းကျော်ရရှိသည့်အတွက် စက်ရုံ၊ အလုပ်ရုံများတွင် ကုန်ပစ္စည်းအိတ်အတင်၊ အချ နေ့စားပုတ်ပြတ် အလုပ်သမားနည်းပါးလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**




## ဖာပွန်မြို့နယ် ယောချောင်းကျေးရွာ၌ ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဆောင်ရွက်

**ဖာပွန် ဒီဇင်ဘာ ၂၇**

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကရင်ပြည်နယ် ဖာပွန်မြို့နယ် ယောချောင်းကျေးရွာ မေတ္တာမွန်စာကြည့်တိုက်၌ ယနေ့ နံနက် ၉ နာရီက အသိပညာပေးဟောပြောခြင်းနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ညိုပြာက သဘာဝပတ်ဝန်းကျင်း စိမ်းလန်းစိုပြည်ရေးခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများက ခင်းကျင်းပြသထားသော စာအုပ်စာစောင် ၂၅၀ ကျော်၊ ဆုရပညာပေးပန်းချီများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဓာတ်ပုံမှတ်တမ်းများအား စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။



အဆိုပါ ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းနေအရွယ် ကလေးများနှင့် ပြည်သူများအား ပြင်ပ စာပေဗဟုသုတများရရှိစေပြီး စာဖတ်သည့်အလေ့အထများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**(သိန်းစိုးမြင့်)**

## မြစ်ကြီးနားဆရာအတတ်သင် မူပိုင်တေးသီချင်းသတ်မှတ်ခံရ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံပညာရေး သုတေသီဦးစီးဌာနရှိ ပညာရေးသတင်းနှင့် အချက်အလက်ဌာနအနေဖြင့် ပညာရေးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သည့် သက်ဆိုင်ရာ ပညာရေးကောလိပ်အလိုက် သတ်မှတ်ထားသော ပညာရေးဆိုင်ရာကျောင်းတေးသီချင်းများကို Forever Group for Edu ရုပ်သံနှင့် Sky Net ၏ Educational မှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါ ရုပ်သံလိုင်းများမှ ကျန်ရှိနေသေးသည့် ကျောင်းတေးသီချင်းများကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ရာ ပညာရေးဝန်ကြီးဌာန ပညာရေးကောလိပ်ကျောင်းအားလုံးအနေဖြင့် ကိုယ်ပိုင်တေးသွားများကို တင်ပြရန် တောင်းခံလျက်ရှိရာ မြစ်ကြီးနားဆရာအတတ်သင်အနေဖြင့် 'ဥဩစစ်သည်'တေးသီချင်းကို ကူးယူထုတ်လွှင့်ခွင့်ပြုလိုက်သည်။

ယင်း 'ဥဩစစ်သည်'တေးသီချင်းမှာ တေးဂီတစာဆို မေမြို့ဆွေလင်းက ၁၉၇၇-၁၉၇၈ ခုနှစ်တွင် ရေးစပ်သီကုံးခဲ့ခြင်းဖြစ်ပြီး ၁၉၇၇-၁၉၇၈ခုနှစ် မြစ်ကြီးနားဆရာအတတ်သင်ကျောင်း ငွေရတုနှစ်မှ စတင်သီဆိုခဲ့သည်။

'ဥဩစစ်သည်'တေးသီချင်းသည် မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနမှ ထုတ်လွှင့်ခဲ့ပြီးဖြစ်ကာ တေးသီချင်းကို ဥတ္တရလမင်းစာပေထုတ်ဝေရေးအဖွဲ့က တစ်နိုင်ငံလုံးသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**(ရွှေလင်းပြည့်စုံ)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစက်ချုပ်သင်တန်းဖွင့်

**ကျောက်တန်း ဒီဇင်ဘာ ၂၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးတွင် အထောက်အကူဖြစ်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက်ရည်ရွယ်၍ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲတွင် အသက်မွေးဝမ်းကျောင်း စက်ချုပ်သင်တန်း အမှတ်စဉ် (၅/၂၀၁၅) ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတန်ဂျီးက သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသူ ၄၉ ဦး တက်ရောက်ခဲ့သည်။

သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲသို့ သင်တန်းသားသင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခမသကြိန်၊ ဒေအးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

## ပြည်တွင်းရေးရာ

### ကလေးဒေသမှ

ထိုရွာများအနက် မြစ်သာကမ်းဘေးတွင် မေးတင်လျက်ရှိသော နတ်နန်းရွာကလေး၏ သုံးပုံတစ်ပုံမှာ မြစ်သာရေတိုက်စား၍ ရေထဲမျောပါခဲ့ကြသည်။ လူနေအိမ်သုံးလုံးရေထဲမျောပါသွားပြီး အိမ်ခြေ ၂၀ ကျော်မှာ ကမ်းပါးပဲ့၍ အိမ်ပျက်ကာ နတ်ချောင်းရွာ၏အနောက်ဘက် ဝေဘူလတောင်ခြေသို့ ပြောင်းရွှေ့ခဲ့ကြရသည်။

"နှစ်ပေါင်း ၁၀၀ ကျော်လျှင် မြစ်ရေသည် မူလနေရာသို့ ပြန်လည်ရောက်ရှိလေ့ရှိသည်" ဟူသော ရှေးလူကြီးများ၏ ပြောစကားအရ နတ်နန်းရွာအနီးရှိ မြစ်သာမြစ်ရေသည် မူလမြစ်သာမြစ်ဟောင်းရေစီးရာသို့ ကမ်းပါးပဲ့ကာ ရောက်ရှိလာခဲ့ရပေတော့သည်။

၂၀၁၅ ခုနှစ်တွင် ကလေးဒေသ၌ မကြုံစဖူးထူးကဲ ရေတက်ခဲ့သည်။ ကလေးနယ်ရှိ မြစ်သာ၊ နေရဉ္စရာ၊ မဏိပူရမြစ်သုံးသွယ်နှင့် ချောင်းမြောင်းများ ရေပြည့်လျှံကာ ကလေးတစ်နယ်လုံး မြို့၏သုံးပုံတစ်ပုံမှာ ရေကြီးရေလျှံ ရေနစ်မြုပ်ခြင်းခံခဲ့ရသည်။

ကျေးရွာပေါင်း ၁၆၀ ရှိသည့်အနက် ၆၀ ခန့် ရေနစ်မြုပ်ပျက်စီးခဲ့ကြရသည်။ လယ်မြေဧကပေါင်း ၆၀၆၆၆ ဧက ရေလွှမ်းမိုးခံရကာ လယ်ဧကပေါင်း ၅၅၈၈၆ ဧက ထိခိုက်ခဲ့ရပြီး လယ်ဧကပေါင်း ၄၉၀၁၅ ဧက ပျက်စီးခဲ့ရသည်။ ၄၁၃ ဧကမှာ ရေစားကမ်းပြိုခံခဲ့ရပြီး လယ်ဧကပေါင်း ၁၄၅၁၂ ဧကမှာ နုန်းစေးများဖုံးလွှမ်းခံခဲ့ရပါသည်။

ထိုနည်းတူ နတ်နန်းရွာကလေး၏ လယ်ယာဧကများစွာသည်လည်း ကမ်းပါးပဲ့ခြင်း၊ ရေလွှမ်းနုန်းတင်ခြင်းများကြောင့် ပျက်စီးခဲ့ကြရသည်။ နတ်နန်းရွာကလေး ကမ်းပါးပဲ့ရေတိုက်စားခြင်းခံရသဖြင့် အိမ်ခြေ ၈၀ခန့်ရှိ ရွာကလေးမှာလည်း ရွာဟောင်းနှင့် ရွာသစ်ဟူ၍ နှစ်ရွာကွဲသွားခဲ့သည်။

မိဘဘိုးဘွားလက်ထက်မှစ၍ ဓားမဦးချနေထိုင်ခဲ့ကြသော နတ်နန်းရွာသူရွာသားများမှာ မိမိဇာတိမြေကို မခွဲမခွာလိုသူများက တစ်ဖက်၊ ရွာသစ်သို့ ပြောင်းရွှေ့လိုသူများကတစ်ဖက် နှစ်ဖက်သဘောထားကွဲကာ ရွာသစ်၊ရွာဟောင်းဟူ၍ ရွာကလေးနှစ်ရွာဖြစ်ပေါ်လာခဲ့သည်။

ကျွန်တော်သည် နတ်နန်းရွာဟောင်းသို့လည်းကောင်း၊ နတ်နန်းရွာသစ်သို့လည်းကောင်း နှစ်ရွာစလုံးသို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက သွားရောက်လေ့လာခဲ့သည်။

ပထမဦးစွာ ကျွန်တော်နေထိုင်ရာ နတ်ချောင်းရွာမှ လေးမိုင် လေးဖာလုံဝေးသော နတ်နန်းရွာဟောင်းသို့ ခြေကျင်သွားရောက်ခဲ့သည်။ နံနက် ၇ နာရီက ထွက်လာရာ နံနက် ၈ နာရီတွင် နတ်နန်းရွာဟောင်းသို့ ရောက်ရှိခဲ့သည်။

နတ်နန်းရွာဆိုင်းဘုတ်အရောက်တွင်ကား မြစ်သာမြစ်ကမ်းပဲ့သဖြင့် မြစ်ရေနောက်ကျိကျိသည် နတ်နန်းရွာဆိုင်းဘုတ်နားအထိ ရောက်ရှိနေသည်။ ယမန်နှစ်က ကမ်းပါးပဲ့၍သွားကြည့်ရာ ရွာနှင့်ကိုက် ၅၀ ခန့်အကွာတွင်ရှိသေးသော်လည်း ယခုနှစ်တွင်ကား နေအိမ်သုံးလုံးပါသွားပြီး အိမ်ခြေ ၂၀ ခန့်မှာ ကမ်းပါးများပြို၍ဖျက်ထားရသည်။

ယမန်နှစ်က ကိုက် ၅၀ အကွာရှိ အခြေခံပညာမူလတန်းကျောင်းမှာလည်း ကမ်းပါးပဲ့၍ ပြောင်းရွှေ့ထားရသည်။ ကျွန်တော်ရောက်သွားချိန်၌ မြစ်ကမ်းပါးအနီးရှိ မူလတန်းကျောင်းလည်းမရှိတော့။ ထိုကျောင်းအနီးဝဲ၊ယာရှိ အိမ်များလည်း မရှိကြတော့ဘဲ ယာယီဆောက်လုပ်နေထိုင်ကြသော မိုးကာမိုးတဲလေး သုံး၊လေးလုံးကိုသာတွေ့ရတော့သည်။

ထိုမိုးကာတဲများအနီးရှိမြေသားတို့မှာလည်း မြစ်ရေကမ်းပါးပဲ့ကာပပ်ကြားအက်၍ ပဲ့စားနေကြဆဲဖြစ်သည်။ ထိုနေရာမှ အရှေ့သို့တက်သွားသောအခါ သစ်တုံးအမှိုက်သရိုက်ဒိုက်များထူထဲစွာ တင်နေသည့် အိမ်ဝင်းများကို တွေ့ရသည်။ အချို့မှာ အိမ်ကိုဖျက်ပြောင်းနေကြဆဲဖြစ်သည်။

နတ်နန်းရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်သွားသောအခါ နတ်နန်းရွာ ဘုန်းတော်ကြီးကျောင်းတစ်ခုလုံး နုန်းတင်၊ ဒိုက်တွေတင်ကာ ကုဋိတစ်လုံးမှာ နုန်းများဖုံး၍ သုံးမရသည်ကို တွေ့ခဲ့ရသည်။ ယာယီကုဋိလေးတစ်လုံး ဆောက်ကာ သီတင်းသုံးနေသော နတ်နန်းဆရာတော်ကို သီတင်းသုံးရာသိမ်ရှေ့၌ တွေ့မြင်ခဲ့ရသည်။

ဆရာတော်က"ဒီသိမ်အထိ နုန်းတွေ၊ရေတွေဖုံးသွားတာ နတ်မြောင်းရွာ ရေစုပ်စက်နဲ့ ကလာဆေးပေးကြတယ်။ မနက်ဖြန်လည်း နတ်မြောင်းက ဒီနေရာကို လမ်းခင်းပြုပြင်ပေးကြမှာတဲ့" ဟူ၍ မိန့်ကြားသည်။

နတ်နန်းဘုန်းတော်ကြီးကျောင်းဝင်းတစ်ခုလုံးကား ဒူးဆစ်သာသာ ခါးလောက်ခန့် နုန်းစေးများတင်ကျန်သွားခဲ့သည်။ ဆရာတော် သီတင်းသုံးရာ သိမ်ကျောင်းလမ်းရှေ့၌ကား ဒိုက်ပုံကြီးမှာ ခါးလောက်ခန့်မြင့်တက်နေလေသည်။ ထိုဒိုက်ပုံကိုရှင်း၍ လမ်းပြင်ရပေဦးမည်သာတကား။

"ကားကလည်း ရေထဲ တစ်လကြာနစ်မြုပ်သွားတော့ ပြန်ပြင်ရင် သိန်း ၃၀ လောက်ကုန်မယ်။ ကားအသစ်ဖိုးကုန်မယ်လို့ ဝပ်ရှော့ကပြောတယ်" ဟု ဆရာတော်က ဆက်မိန့်ပါသည်။ ဆရာတော် ကားဝယ်ထားပြီး မကြာသေးမီ ရေကြီးနစ်မြုပ်ခံလိုက်ရသည်။

မူလတန်းကျောင်းကိုလည်း ပြောင်းရွှေ့ဆောက်လုပ်လျက်ရှိရာ အဆိုပါကျောင်းအစား နတ်နန်းရွာ ဘုန်းကြီးကျောင်းဆောင်တစ်ဆောင်တွင် ယာယီဖွင့်လှစ်စာသင်ကြားနေကြရသည်။ ရွာသစ်သို့ပြောင်းရွှေ့သွားသူများမှာကား နတ်ချောင်းရွာအနောက်ဘက်ရှိ ချောင်းခွရွာအလယ်တန်းကျောင်း(ခွဲ)တွင် ပြောင်းရွှေ့စာသင်နေကြရသည်။

ရွာဟောင်းတွင် ကျန်ရစ်သူများက ရွာဟောင်း၏ မြောက်ဘက်တစ်မိုင်ကျော်ကျော်ရှိ ကုန်းမြင့်သို့ ပြောင်းရွှေ့၍ စာသင်ကျောင်းကို ဆောက်လုပ်လျက်ရှိသည်။ ရွာဟောင်းနှင့် ရွာသစ်နှစ်ရွာ ကွဲသွားရာ ရွာဟောင်းတွင် ကျောင်းသားတစ်ဝက်နှင့် ဆရာမ နှစ်ဦး၊ ရွာသစ်တွင် ကျောင်းသားတစ်ဝက်နှင့် ဆရာမ နှစ်ဦးခွဲ၍ စာသင်ပေးလျက်ရှိကြပါသည်။

ရွာသစ်တွင်လည်း နတ်ချောင်းရွာ လူမှုရေးအသင်းခေါင်းဆောင် ဦးအုံ့ကျော် ဦးဆောင်၍ မူလတန်းကျောင်းဆောင် ယာယီတစ်ဆောင်ဆောက်လုပ်ပေးထားသည်။ နိုင်ငံတော်မှ ငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးပြီး ကျောင်းလည်းဆောက်ပေးမည်ဟု သိရသည်။ ထိုနည်းတူ ရွာဟောင်းတွင်လည်း နိုင်ငံတော်က လေမုန်တိုင်းဒဏ်ခံနိုင်မည့် ကွန်ကရစ်နှစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ပေးမည်ဟု သိရသည်။

ယခုအခါမူကား နတ်နန်းရွာကလေးမှာ ရွာသစ်ရောရွာဟောင်းမှာပါ ယာယီကျောင်းဆောင်များ ကိုယ်စီဆောက်လုပ်၍ ကလေးသူငယ်များ၏ပညာရေးကိုခရီးနှင်လျက်ရှိပါသည်။

ယခုအခါ ရွာဟောင်းတွင် အိမ်ခြေ ၃၀ ခန့်၊ ရွာသစ်တွင် အိမ်ခြေ ၈၀ ခန့် ပြောင်းရွှေ့နေထိုင်လျက်ရှိကြပါသည်။ မြစ်သာမြစ်ရေကား နှစ်ပေါင်း ၁၁၉ နှစ် အကြာတွင် နတ်နန်းရွာကလေးအား ရွာသစ်နှင့် ရွာဟောင်းဟူ၍ နှစ်ရွာဖြစ်ပေါ်စေကာ ရွာနှစ်ခြမ်းကွဲသွားခဲ့ရပါကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။



ပြောင်းရွှေ့နေရာချပေးထားသည့် နတ်ချောင်းရွာအနီး ဝေဘူလတောင်ခြေရှိ နတ်နန်းရွာသစ်တွင် နိုင်ငံတော်အစိုးရမှ အဝီစိတွင်းတူးပေးနေစဉ်။



ရေတိုက်စားခံနေရသော မြစ်သာမြစ်ကမ်းဘေးမှ နတ်နန်းရွာ။

### ရွှေ့ဖုံးမှ

ပို့ချမှုကို ခန့်မှန်းတွက်ချက်ထားတာပါ။ ရေပေးဝေနိုင်မယ့်ပမာဏအမြင့်မှာ ရေပြွန်ကို တပ်ဆင်တည်ဆောက်ထားခြင်းဖြစ်လို့ သဲနုန်းပို့ချပြီးဆည်ရေမပေးဝေနိုင်ဘူးဆိုတာမရှိပါဘူး။ ၁၉၆၂ ခုနှစ်က တည်ဆောက်ခဲ့တဲ့ မုန်တိုင်ဆည်၊ ကြက်မောက်တောင်ဆည်၊ ပြောင်းပြာဆည်တွေဟာ ယနေ့ထိ နှစ်၅၀ ကျော် သက်တမ်းရှိနေပါပြီ။ ခုထိရေပေးဝေလျက်ပါပဲ။ ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနအနေနဲ့ သစ်တောတွေ ပြုန်းတီးပြီးမြေဆီလွှာတိုက်စား သဲနုန်းပို့ချလာလို့ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း တိမ်ကောပျောက်ကွယ်ခဲ့တဲ့ ပန်းလှိုင်မြစ်ကြီးကိုတောင် ယခု ၂၀၁၅ ခုနှစ်မတ်လမှာစက်ယန္တရားကြီးတွေ၊ မြေတူးစက်ကြီးတွေနဲ့ တူးဖော်ပေးနိုင်ခဲ့ပါပြီ။ ခုဆိုရင် ၂၀၁၅ ခုနှစ် မိုးရာသီမှာပဲ နှစ်စဉ်ကြုံတွေ့ခံစားနေရတဲ့ ရေကြီးရေလျှံမှုတွေကိုကာကွယ်နိုင်ခဲ့တဲ့အပြင် သီးနှံတွေလည်း ဟိုးယခင်ပုံမှန်အတိုင်း ဒေသခံတွေကစိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ဆည်မြောင်းဦးစီးဌာနအနေနဲ့ ပြည်သူတွေရဲ့အခက်အခဲကို ကျရာတာဝန်ကနေဖြေရှင်းပေးဖို့ အမြဲရှိနေမှာပါ"ဟု ပြောကြားသည်။

ယခုအခါတွင် ကမ္ဘာတစ်ဝန်းရှိ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်သော အမေရိကန်၊ပြင်သစ်၊ ဗြိတိန်၊ နယ်သာလန်နှင့်တရုတ်အစရှိသည့် နိုင်ငံကြီးများတွင် ရေအရင်းအမြစ်အသုံးချမှု များပြားစွာရှိစေရန် ဆည်များတည်ဆောက်လျက်ရှိကြောင်း သိရသည်။ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက "မြန်မာနိုင်ငံမှာစီးဆင်းနေတဲ့ မြစ်ကြီး ရှစ်စင်းကနေ နှစ်စဉ်ပျမ်းမျှစီးဝင်ရေဟာ ဧကပေ ၈၇၇ သန်းရှိပါတယ်။ ဒါတွေကိုဆည်ကြီးတွေတည်ဆောက်၊ ရေလှောင်ပြီးသောက်သုံးရေ၊ စိုက်ပျိုးရေ၊ စက်ရုံအလုပ်ရုံများသုံးစွဲရေအဖြစ်ဧကပေ ၈၇ သန်း သာအသုံးပြုတာပါ။ သဘာဝစီးဝင်ရေအသုံးပြုနိုင်မှုနှုန်း ၁၀ ရာခိုင်နှုန်းခန့်သာ အသုံးပြုနိုင်ပါသေးတယ်။ ဒါကိုမြေဆီလွှာတိုက်စားလို့ သဲနုန်းပို့ချပြီးဆည်ရေအသုံးပြုနိုင်မှုနှုန်း ၁၀ ရာခိုင်နှုန်းပဲရှိသေးတယ်ဆိုပြီးအချို့က အယူအဆလွဲမှားနေကြပါသေးတယ်။ ပြီးတော့ ထပ်ပြီးလည်း သဘာဝရေအရင်းအမြစ်ရေသယံဇာတ ၉၀ ရာခိုင်နှုန်း ထုတ်ယူနိုင်ဖို့ ဆည်ကြီးတွေထပ်မံတည်ဆောက်ဖို့လိုပါသေးတယ်။ ဒီရေအရင်းအမြစ်တွေကိုသာအပြည့်အဝအသုံးချနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ဒီထက်မကအဆပေါင်းများစွာဒေသဖွံ့ဖြိုးတိုးတက်မှုတွေရလာမှာ အသေအချာပါပဲ"ဟု ရှင်းပြသည်။

သစ်ပင်သစ်တောများ ပြုန်းတီးပြီးမြေဆီလွှာများတိုက်စားမှုကြောင့် သဲနုန်းများပို့ချလာ၍ ပန်းလှိုင်မြစ်ကြောင်းကြီးသည်ပင်လျှင် ၂၀၀၀-၂၀၁၅ ခုနှစ်(၁၅)နှစ်တာကာလအတွင်း၌ တိမ်ကောပျောက်ကွယ်ခဲ့ရသည်။ထို့နောက် ဆည်မြောင်းဦးစီးဌာနမှ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မြေတူးစက်၊ စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လ၌ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၁၅ ခုနှစ် မိုးရာသီရေကြီးမှုများကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

ဒေသအသီးသီးနှင့်လျော်ညီသောလယ်မြေများရေအရင်းအမြစ်လုံလောက်စွာရရှိနိုင်စေရန်အတွက် နွေ၊ မိုး၊ ဆောင်း ဥတုသုံးခုစလုံးတွင်ဆည်ရေသောက်ဧရိယာများရှိနိုင်စေရန် ဆည်များမရှိမဖြစ်လိုအပ်ပေသည်။ ရာသီဥတုဆိုးရွားမှု၊ မိုးရွာသွန်းမှု များပြားခြင်းကြောင့် ချောင်းတစ်လျှောက်ကျေးရွာဒေသများ၌ ရေစီးအားအမြင့်ဆုံးရောက်ရှိကာ ရေပြည့်၊ ရေလျှံ၊ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လာသည်ကို ထိုဆည်များမှ ထိန်းသိမ်းထားနိုင်ကြောင်း ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၆)ရန်ကုန်ရုံးမှ သိရသည်။

❖❖❖

### မြန်မာနိုင်ငံမှ

မြန်မာနိုင်ငံ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့တွင် ကျွမ်းကျင်သူများပေါင်းစပ်ပါဝင်ပြီး အသက်ကယ်တင်ခြင်းလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်မည့်အသင်းသားများကို ကြိုဆိုကြောင်းနှင့် မော်တော်ယာဉ်လုပ်ငန်းပိုင်ရှင်များ၊ ကုန်းလမ်းပို့ဆောင်ရေး ဆက်စပ်လုပ်ငန်းရှင်များ၊ အာမခံလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ လုပ်ငန်းရှင်များ၊ ယာဉ်အပိုပစ္စည်းလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ အပါအဝင် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများ၊ ပံ့ပိုးကူညီဆောင်ရွက်မည့်သူများကို ဖိတ်ခေါ်ကြိုဆိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့ကြီးကို ပါမောက္ခ ဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာသစ်လွင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျွမ်းကျင်အဖွဲ့များပါဝင်ကာ "ယာဉ်အန္တရာယ်ကင်းရှင်းရေး ချိန်ခါမရွေး ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။

"မြန်မာနိုင်ငံ ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်များဖြစ်တဲ့ ယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ကြိုးစားဆောင်ရွက်နေပြီး ယာဉ်တိုက်မှုကြောင့် သေဆုံးသူလျှော့ချရေး ယာဉ်မောင်းများ လမ်းစည်းကမ်းလိုက်နာဖို့ ပညာပေးလုပ်ငန်းတွေလည်းဆောင်ရွက်ဖို့လိုပါတယ်" ဟု ဒေါက်တာသစ်လွင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အတွင်းက ယာဉ်မတော်တဆမှု ၁၅၀၀၀ ခန့်အထိ ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူ ဦးရေ ၂၅၀၀၀ ကျော်၊ သေဆုံးသူ ၄၀၀၀ ကျော်အထိ ရှိခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် မိတ်ဆက်ခြင်းကို ဒီဇင်ဘာ ၁၉ ရက်က ရန်ကုန်မြို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ကျင်းပခဲ့ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် တက်ရောက်ခဲ့သည်။

**(ဆုနှင်းလှဲ့)**

## တရုတ်နိုင်ငံ၏ ပထမဆုံးသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အတည်ပြုပြဋ္ဌာန်း

**ပေကျင်း ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံ၏ ပထမဆုံးသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒီဇင်ဘာ ၂၇ ရက်တွင် ထိပ်တန်းဥပဒေပြုအဖွဲ့အစည်းတစ်ရပ်က အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီအစည်းအဝေးတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဥပဒေပြုအမတ် ၁၅၉ ဦးစလုံးက တစ်ခဲနက်အတည်ပြုခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၌ အကြမ်းဖက်မှုဘေးအန္တရာယ် ပိုမိုခြိမ်းခြောက်လာနေပြီး ကမ္ဘာတစ်ဝန်းတွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေချိန်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို တရုတ်နိုင်ငံ၌ ပြဋ္ဌာန်းခြင်းဖြစ်သည်။

မကြာသေးမီကာလအတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး အီဂျစ်နိုင်ငံဝေဟင်အတွင်း ရုရှားခရီးသည်တင်လေယာဉ်တစ်စင်း ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ပျက်ကျမှုဖြစ်ပွားခဲ့သည်။

ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံများအား ခြိမ်းခြောက်လာနေသော စစ်သွေးကြွအဖွဲ့တစ်ဖွဲ့မှာ အိုင်အက်စ်အဖွဲ့ဖြစ်ပြီး ဒေသဆိုင်ရာစစ်သွေးကြွအုပ်စုများလည်း ခေါင်းထောင်လာနေသည်။

အူဂါ တိုင်းရင်းသားမျိုးနွယ်တို့နေထိုင်ရာ တရုတ်နိုင်ငံ ရှင်ကျန်းဒေသသည် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့် ဒေသတစ်ခုဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေသစ်အရ ပြည်တွင်းလုံခြုံရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရသည်။

**ဆင်ဟွာ။**



## အမေရိကန်နိုင်ငံတောင်ပိုင်း တက္ကဆက်ပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်၊ လူရှစ်ဦးသေဆုံး

**ဟူစတန် ဒီဇင်ဘာ ၂၇**

အမေရိကန်နိုင်ငံတောင်ပိုင်း တက္ကဆက်ပြည်နယ်တွင် ဒီဇင်ဘာ ၂၆ ရက်ညပိုင်းက လေဆင်နှာမောင်းတိုက်ခတ်ပြီး မိုးသက်မုန်တိုင်းများကျရောက်ခဲ့ရာ လူရှစ်ဦးသေဆုံးခဲ့ပြီး လူနေအိမ်များနှင့် မော်တော်ကားအများအပြား ထိခိုက်ပျက်စီးခဲ့ရကြောင်း မီဒီယာများက ဆိုသည်။

ဆောင်းရာသီတွင် ထူးထူးခြားခြားလေဆင်နှာမောင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်း ကျရောက်မှုများကြောင့် တက္ကဆက်ပြည်နယ်တွင် အပျက်အစီးများစွာဖြစ်ပေါ်ခဲ့ရသည်။ လေဆင်နှာမောင်း၏ပျက်စီးမှုဖြစ်စေနိုင်သည့် အကျယ်အဝန်းသည် ၆၄ ကီလိုမီတာခန့် ရှည်လျားပြီး တက္ကဆက်ပြည်နယ်မြောက်ပိုင်း ဒါးလက်စ်မြို့တစ်ခုလုံးသို့ မွှေနှောက်တိုက်ခတ်ခဲ့ကြောင်းသိရသည်။ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် မော်တော်ကားများပြောင်းပြန်အနေအထားသို့ရောက်ရှိကာ ခရစ်ယာန်ဘုရားကျောင်းများ အပါအဝင် လူနေအိမ်များပျက်စီးပြီး သစ်ပင်ကြီးများပြိုလဲကျကာ မြို့တွင်းလမ်းမများကို ပိတ်ဆို့လျက်ရှိကြောင်းသိရသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တက္ကဆက်ပြည်နယ်မြောက်ပိုင်း ဒါးလက်စ်မြို့တွင် လျှပ်စစ်မီးများပြတ်တောက်ခဲ့သည်။

ဒီဇင်ဘာ ၂၇ ရက် ညပိုင်းတွင် တက္ကဆက်ပြည်နယ်အနောက်ပိုင်းနှင့် နယူးမက္ကဆီကိုပြည်နယ်များတွင် အပူချိန်များလျော့ကျပြီး နှင်းမုန်တိုင်းများကျရောက်ကာ နှင်းထုထည် လေးစင်တီမီတာအထိ ရောက်ရှိနိုင်ကြောင်း အမေရိကန်အမျိုးသားရာသီဥတုဘေးအန္တရာယ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က သတိပေးပြောကြားထားသည်။

ဒီဇင်ဘာ ၂၆ ရက်ညပိုင်း လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် လူရှစ်ဦးသေဆုံးခဲ့ပြီး အမေရိကန်နိုင်ငံပြည်နယ်အများအပြားတွင် မိုးသက်လေပြင်းများနှင့် လေဆင်နှာမောင်းများတိုက်ခတ်ခဲ့ခြင်းကြောင့် အသေအပျောက်နှုန်းမှာ ၂၆ ဦးထိ မြင့်တက်နိုင်ကြောင်း သိရသည်။

**ဆင်ဟွာ။**

## ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်စေရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရန်စီစဉ်

**ကုလသမဂ္ဂ ဒီဇင်ဘာ ၂၇**

ဆီးရီးယားနိုင်ငံ၌ ငါးနှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းစစ်အဆုံးသတ်စေရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပြုလုပ်ရန် ကုလသမဂ္ဂက စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားပြည်တွင်းစစ်ပြီးဆုံးရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ဆီးရီးယားအစိုးရ ကိုယ်စားလှယ်များ၊ အတိုက်အခံအဖွဲ့များမှ ကိုယ်စားလှယ်များ အစုံအလင်တက်ရောက်ရန် မိမိလိုလားကြောင်း ကုလသမဂ္ဂ၏ ဆီးရီးယားဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးမှူး စတက်ဖန်ဒီမစ်တူရာ၏ ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဆီးရီးယားငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာအဖွဲ့များအားလုံး အပြည့်အဝပူးပေါင်းဆောင်ရွက်ရန် ကုလသမဂ္ဂ ဆွေးနွေးရေးမှူးက လိုလားကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

ဆီးရီးယားငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ နိုင်ငံတကာ လမ်းပြမြေပုံတစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဒီဇင်ဘာ ၁၈ ရက်တွင် တစ်ခဲနက် အတည်ပြုခဲ့သည်။ ယင်းမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံများအတွင်း ညီညွတ်မှုကို ပြသနိုင်သည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တွင် ဆီးရီးယား၌ အပစ်အခတ်ရပ်စဲနိုင်ရန်၊ အစိုးရနှင့် အတိုက်အခံအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နိုင်ရန်၊ နှစ်နှစ်ခန့်အတွင်း အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ ထူထောင်ရန်နှင့် ရွေးကောက်ပွဲကျင်းပရန် စသည့်လုပ်ငန်းစဉ်များကို လမ်းပြမြေပုံအဖြစ် ဖော်ပြထားသည်။

**ရိုက်တာ။**



## တောင်အမေရိကတွင် ရေကြီးရေလျှံမှုကြောင့် လူပေါင်း တစ်သိန်းကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**အဆွန်ဆီယွန် ဒီဇင်ဘာ ၂၇**

တောင်အမေရိကတိုက်တွင် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့်ဟု ယူဆရသည့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ အနည်းဆုံး လူလေးဦးသေဆုံးပြီး လူပေါင်း တစ်သိန်းကျော်ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

ရေကြီးရေလျှံမှုအဆိုးရွားဆုံးဖြစ်ပွားသည့် ပါရာဂွေးနိုင်ငံ၌ မြို့တော် အဆွန်ဆီယွန်မြို့နှင့် အနီးတစ်ဝိုက်တွင် လူပေါင်း ၉၀၀၀၀ ခန့် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်။

ဗီဒီယိုဖိုင်များတွင် အိမ်တစ်အိမ်၏ ပထမထပ်အထိနစ်မြုပ်နေပြီး ဒေသခံပြည်သူများသည် ရေထဲတွင် ခက်ခက်ခဲခဲကူးခတ်သွားလာနေသည်ကို တွေ့ရသည်။ ပါရာဂွေးအစိုးရက အဆွန်ဆီယွန်မြို့နှင့် အခြားဒေသများကို နိုင်ငံတော်အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည်။ ရေကြီးရေလျှံမှုဖြစ်ပွားသည့်ဒေသများသို့ အစားအစာနှင့် ရွက်ဖျင်တဲများ ကဲ့သို့သော ကယ်ဆယ်ရေးပစ္စည်းများ ပေးဝေလျက်ရှိသည်။

အာဂျင်တီးနား၊ ဥရုဂွေးနှင့် ဘရာဇီးနိုင်ငံတို့အပါအဝင် တောင်အမေရိကတိုက်ရှိ နိုင်ငံများတွင် စုစုပေါင်းလူဦးရေ တစ်သိန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရသည်။ အာဂျင်တီးနားနှင့် ဥရုဂွေးတွင် အနည်းဆုံးလူလေးဦးသေဆုံးခဲ့သည်ဟု ရိုက်တာသတင်းဌာနက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

## လော့စ်အိန်ဂျလိစ် အနောက်မြောက်ဘက်၌ တောမီးလောင်မှုကို ထိန်းချုပ်နိုင်

**ဗန်တူရာ (ကာလီဖိုးနီးယား) ဒီဇင်ဘာ ၂၇**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ဘက်၌ တောမီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင်များက ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာလီဖိုးနီးယားပြည်နယ် ဗန်တူရာစီရင်စု ဆိုလီမာဘိချ်ဒေသ၌ မြေနေရာဧက ၁၂၄၀ ခန့်မှာ တောမီးလောင်ခံခဲ့ရသည်။ တောမီးလောင်မှုကြောင့် အဝေးပြေးလမ်းမကြီးတစ်ခု၏ နယ်မြေအစိတ်အပိုင်းအချို့ကို ပိတ်ခဲ့ရပြီး ဒေသခံပြည်သူများကို ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မီးသတ်ဌာနတာဝန်ရှိသူများက ပြောကြားကြသည်။

တောမီးလောင်မှုကို ငြိမ်းသတ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင် ရာပေါင်းများစွာက ပါဝင်ကြိုးပမ်းခဲ့ကြသည်။ မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး လုပ်ငန်းဆောင်ရွက်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆောက်အအုံများသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ဘက် ၆၅ မိုင်ခန့်အကွာ ဗန်တူရာမြို့အနီး၌ ဒီဇင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီခန့်တွင် တောမီး စတင်လောင်ကျွမ်းခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် တောမီးလောင်မှုမှာ လျင်မြန်ခဲ့သည်။

**ရိုက်တာ။**



ပြည်တွင်းရေးရာ

# (၆၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာသင်တိုက်များမှ စာထောက်၊ စာမဆရာတော်ကြီးများ၊ စာပြန်၊ စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင်“တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ လွတ်လပ်ရေး၏ ဖွားဖက်တော်သဖွယ် မှတ်ယူခဲ့သော စာမေးပွဲကြီးဖြစ်ပြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ ရှေ့ပြေးနိမိတ်အရုဏ်ဦး အလင်းဖြစ်ခဲ့ပါကြောင်း၊ ထိုစာမေးပွဲကြီးကို စတင်ကျင်းပစဉ်က ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့တည်ရှိရာ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်မှော်ရုံ၌ (၄၆)ကြိမ်အထိ ကျင်းပပြုလုပ်ခဲ့ပြီး (၄၇)ကြိမ်မှစကာ ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီး ကျင်းပပြုလုပ်ခဲ့သည့် နေရာဖြစ်သော



မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာရေးဝန်ကြီးဌာနက နှစ်စဉ်မပြတ် တစ်နှစ်တစ်ကြိမ် ပျက်ကွက်မှုမရှိအောင် ကျင်းပခဲ့သည်မှာ ယခု (၆၈)ကြိမ်တိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်၌ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီး၏ အလင်းပေးစနစ်၊ အလင်းရောင် အားဖြည့်စနစ်၊ အသံထိန်းနံရံများ၊ အသံစုပ်အားကောင်းအောင် အသစ်လဲလှယ်ပြင်ဆင်ခြင်း၊ ပရိဘောဂများအပါအဝင် လုပ်ငန်း ၁၈ ခု အတွက် ငွေကျပ် သိန်းပေါင်း ၃၂၀၀ ကျော်ကို စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စေရန်အတွက် ယခင်နှစ်များနှင့်မတူ ပြင်ဆင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့၏ ထေရဝါဒဗုဒ္ဓသာသနာ့ဂုဏ်ရောင် ထွန်းပြောင်စေခဲ့သည့် ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီးနှင့်အတူ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတို့သည် ဆက်စပ်နေပါကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးအကြိုကာလများကတည်းက လွတ်လပ်ရေးရပြီးပါက ဆဋ္ဌသင်္ဂါယနာတင်ရန် အာသီသပြင်းထန်လျက်ရှိရာ ထိုသတင်းစကား ကြားသိကြသော ကျန်ထေရဝါဒ နိုင်ငံများက “သင်္ဂါယနာတင်ရန်မှာ ပိဋကသုံးပုံ အာဂုံဆောင်ပုဂ္ဂိုလ်များရှိမှသာ သင်္ဂါယနာတင်နိုင်ခွင့်ရှိကြောင်း”သဘောထားမျိုးဖြင့် ဝေဖန်ပြောဆိုချက်ကြောင့် ပိဋကအာဂုံဆောင် ပုဂ္ဂိုလ်ရရှိရေး ရည်ရွယ်လျက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာအတွက် အခြေခံ ပဓာနကျလှသည့် ပရိယတ္တိသာသနာတော်၏ အလံတံခွန်သဖွယ်ဖြစ်သည့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်အဖွဲ့အစည်းက နိုင်ငံတော်ကို ဦးဆောင်သည်ဖြစ်စေ အစဉ်အမြဲဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း”ဖြင့် လျှောက်ထားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကျောက်ဆည်မြို့ ရွှေစေတီပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂၈ ရက်အထိ ၃၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အာဂုံဖြေဆိုမည့် သာသနာ့အာဇာနည် ၂၃၅ ပါးနှင့် ရေးဖြေ ဖြေဆိုရန် သာသနာ့အာဇာနည် ၁၅၂ ပါး ဝင်ရောက် ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး စတင်ကျင်းပခဲ့သည်မှစ၍ ၁၉၉၈ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကာလအတွင်း ပိဋကသုံးပုံကို အာဂုံဆောင်နိုင်ပြီး ပါဠိတော်အပြင် အဋ္ဌကထာ ဋီကာနှင့်တကွ ခဲရာခဲဆစ် သဘောရေးဖြေကိုပါ အောင်မြင်တော်မူသည့် တိပိဋကကောဝိဒအောင် သာသနာ့အာဇာနည် အရှင်မြတ် ရှစ်ပါး ပေါ်ထွန်းခဲ့ပြီး တိပိဋကကောဝိဒ အောင်မြင်ပြီး၍ အနည်းဆုံးကာလ ငါးနှစ်သက်တမ်းပြည့်မြောက်လျှင် ဆက်ကပ်သည့် တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ်တို့မှာလည်း ၂၀၁၅ ခုနှစ်အထိ ရှစ်ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ဒလမြို့နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ အဖွဲ့လိုက် လည်ပတ်လေ့လာနေသည်ကို ဒီဇင်ဘာ ၂၆ ရက်က တွေ့ရစဉ်။**

## ❐ ကမ္ဘာလှည့်မှ

ဝင်ရောက်လျက်ရှိသည်။ ထိုသို့လာရောက်သူအများစုမှာ အနေးယာဉ်နှင့် ဆိုင်ကယ်ကယ်ရီတို့ကိုအသုံးပြု၍ လည်ပတ်လေ့လာမှုများ ပြုလုပ်လျက်ရှိသည့်အနက် ဧည့်လမ်းညွှန်မပါဘဲ တစ်ဦးတစ်ယောက်ချင်း လာရောက်လည်ပတ်သူတချို့မှာ ဝိသမလောဘသားတို့၏ ငွေကြေးပိုမိုတောင်းယူခြင်းများကို အများဆုံး ကြုံတွေ့နေရကြောင်း ဧည့်လမ်းညွှန်များနှင့် ဒေသခံ အနေးယာဉ်လုပ်သားများထံမှ သိရသည်။

“ကျွန်တော်တို့ အနေနဲ့တော့ အဖွဲ့လိုက်လာတာ များပါတယ်။ လာတဲ့အခါတိုင်းမှာလည်း ဧည့်သည်တွေကို အနေးယာဉ်တွေနဲ့ လိုက်ပို့ပေးတာကြောင့် အနေးယာဉ်လုပ်သားတွေနဲ့ ရင်းနှီးနေပြီ။ တချို့ဧည့်သည်တွေကျတော့ ဧည့်လမ်းညွှန်မပါဘဲ တစ်ယောက်တည်းသွားတဲ့အခါမှာ အခက်တွေ့အောင်လုပ်ပြီး ငွေကြေးပိုတောင်းခံရတာတွေ ကြုံရတယ်။ အခုဆိုရင် လူမှုကွန်ရက်စာမျက်နှာနဲ့ ဧည့်သည်အချင်းချင်း သတင်းလွှင့်လို့ တဖြည်းဖြည်း သတင်းတွေပြန့်လာတယ်။ နောက်ပိုင်းဆို အဲဒီနေရာကို ဧည့်သည် အဝင်နည်းသွားပြီး မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းပုံရိပ်ကို ထိခိုက်လာနိုင်တယ်” ဟု GRAND CIRCLE CRUISE LINE ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန် ဒေးဗစ်(ခ)ကိုဇော်မင်းဦးက ပြောသည်။

ထိုသို့သော ဖြစ်ရပ်များနှင့်ပတ်သက်၍ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် ဒလမြို့နယ်မြို့မရဲစခန်းသို့ လာရောက်၍ အသိပေးတိုင်ကြားခြင်းနှင့် အမှုဖွင့်ထားခြင်းများမရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏီတ)**

❐

# ကွန်ပျူတာစာစီ သင်ရိုးပိဋကတ်ကျမ်းစာတော်များ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ထေရဝါဒ ပိဋကတ်သုံးပုံ ကျမ်းစာအုပ်ရေ ၄၀ အနက်မှ သင်ရိုးပိဋကတ်ကျမ်းစာအုပ်ပေါင်း ၂၀ လျှင် တစ်စုံထား၍ ကွန်ပျူတာစီ သင်ရိုးပိဋကတ်တော်စုံရေး ၆၄ စုံ ကျမ်းစာအုပ်ရေ ၁၂၈၀ ကို တိပိဋကရွေးချယ်ရေးစာမေးပွဲအတွက် ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ကျင်းပရာ တိပိဋကဩဝါဒ ဆရာတော်ကြီးများ၊ ပုညနိမ္မိတာရာမ ရွှေသုဝဏ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယတို့ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗုဒ္ဓစာပေအဖွဲ့နှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဓမ္မစာရ ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြကာ ပိဋကတ်ကျမ်းစာတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားရာတွင် “ပိဋကတ်သုံးပုံ ကျမ်းစာအုပ်များသည် ယခင်ဆဋ္ဌသင်္ဂါယနာတင်ခေတ်ကတည်းက ခဲစာလုံးစာစီထားသော ပုံနှိပ်မှုများကို ဓာတ်ပုံရိုက်၍ အဆင့်ဆင့်ပြန်လည်ပုံနှိပ်နေရသဖြင့် စာလုံးပီပြင်မှုနည်းပါးလာကြောင်း၊ ထိုအခြေအနေကို ခံစားသိရှိတော်မူသော သဃ်န်းကျွန်းမြို့နယ် ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းဆရာတော် ဘဒ္ဒန္တသဒ္ဓိယသည် သာသနာရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လျှောက်ထားဩဝါဒခံယူကာ ပိဋကတ်သုံးပုံ ပါဠိတော်များကို စာလုံးစာမျက်နှာ အောက်ခြေမှတ်စုကအစ ဆဋ္ဌသင်္ဂါယနာမူအတိုင်း ကွန်ပျူတာစာစီမှုရရှိရေးအတွက် ကွန်ပျူတာပညာရှင်များ၏ အကူအညီကိုရယူလျက် ဝီရိယ၊ ဇွဲ၊ လုံ့လ စွဲမြဲစွာဆောင်ရွက်ခဲ့ကြောင်း၊ ဆဋ္ဌသင်္ဂါယနာမူအတိုင်း တိကျစွာ ကွန်ပျူတာ မူချောဖြစ်အောင် ဆောင်ရွက်ခဲ့ပြီး ပိဋကတ်သုံးပုံရှေ့ပိုင်း သင်ရိုးကျမ်း အုပ်ရေ ၂၀ အား ပုံနှိပ်ဆောင်ရွက်ခဲ့ပြီး ထိုကျမ်းစာအုပ်အစုံများအား အလှူရှင်များက ပညာသံဝတ္တနိက ကုသိုလ်အဖြစ်လှူဒါန်းကြခြင်းဖြစ်၍ ကုသိုလ်အကျိုး တိုးပွားကြမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလှူဒါန်းသည့် ကျမ်းစာအုပ်များအား ဒီဇင်ဘာ ၂၇ ရက်တွင်ကျင်းပမည့် တိပိဋကစာမေးပွဲကြီးတွင် စတင်အသုံးပြုမည်ဖြစ်ကြောင်း”လျှောက်ထားပြီး တိပိဋကဓရရွေးချယ်ရေး စာမေးပွဲအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာဘိဝံသထံမှ ဧည့်ပရိသတ်များက ရေစက်ချတရားနာယူကြသည်။

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ပုစ္ဆကဆရာတော်ကြီးများ၊ စာထောက်၊ စာမဆရာတော်ကြီးများ အသုံးပြုနိုင်ရန် ရွှေသုဝဏ်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် ပညာသံဝတ္တနိက ကုသိုလ်ရှင်များ၊ ဗုဒ္ဓစာပေအဖွဲ့မှ စာပေပညာရှင်များက ကွန်ပျူတာစာစီပုံနှိပ်ပြီးသော သင်ရိုးပိဋကတ်တော် အစုံတို့ကို လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးနှောင်းချည်မျှင်ရှည်ဝါ ကွင်းပြပွဲပြုလုပ်

**ဆားလင်းကြီး ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်၏ ၂၀၁၅-၂၀၁၆ မိုးနှောင်းချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးပွားစံပြကွက်ကွင်းပြပွဲကို ကံကြီးကျေးရွာ ဝါစိုက်တောင်သူဦးကံထ၏ ကွင်းအမှတ်(၈၃၄) ဦးပိုင်အမှတ် (၁၆၆/၁)၌ ပြုလုပ်သည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)ခရိုင်ဦးစီးမှူး ဦးမောင်မောင်သန်းက ခေတ်မီစိုက်ပျိုးနည်းစနစ်များကို အပြည့်အဝလိုက်နာ၍ စိုက်ပျိုးသင့်ကြောင်း၊ ထယ်ရေးနက်နက်ညက်ညက်နှင့် သွင်းအားစုများကို စနစ်တကျထည့်သွင်း၍ ဝါအလေအလွင့်မရှိအောင် ဆောင်ရွက်ပါက ဝါအထွက်နှုန်းနှင့်အတူ တစ်ဧကဝင်ငွေတိုးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက စိုက်ဧကတိုးတက်ရေးအတွက် အခြားသီးနှံများနှင့် သီးညှပ်စိုက်ပျိုးသင့်ကြောင်း၊ ဆားလင်းကြီး ချည်ထည်စက်ရုံအတွက် ကုန်ကြမ်းများ တစ်စိတ်တစ်ဒေသအထောက်အပံ့ရရှိနိုင်ရေး ခေတ်မီနည်းလမ်းများ အသုံးချကာ အထွက်နှုန်းနှင့် စိုက်ဧက တိုးတက်အောင်ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်ရှိပါက အချိန်မရွေးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက မည်သည့်သီးနှံမဆိုမြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ပျိုးသင့်ကြောင်းနှင့် ငွေချည်(၉)နှင့် ရွှေတောင်(၈)ဝါမျိုးများ၏ အရည်အချင်းလက္ခဏာများကိုရှင်းလင်းပြီး မျိုးသန့်မျိုးပွား ဝါစိုက်ခင်းများ၏ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောပြသည်။

**အောင်သီဟ (ဆားလင်းကြီး)**

# ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသမိုင်းဝင် ကျောင်းဆောင်ကြီးလေးဆောင် ပြင်ဆင်သစ်လွင်မှုများ

ဝင်းသီရိ(ကမ္ဘာအေး)

ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓသာသနာတော်မြတ်ကြီးကို အရှည်ခံ၍ တည်တံ့စေလိုကြသည်။ ကမ္ဘာတစ်ဝန်း ပြန့်ပွားစေလိုကြသည်။ သာသနာတည်တံ့ရန် ဦးစွာဆောင်ရွက်ရမည်။ သာသနာပြန့်ပွားရန် နောက်တစ်ဆင့်ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး နှစ်ပေါင်းငါးထောင်မက တည်တံ့ခိုင်မြဲရန် စိတ်အားထက်သန်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာအထွန်းကားဆုံး နိုင်ငံဖြစ်သည်ကို နိုင်ငံတကာက လက်ခံထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ရဟန်းသံဃာတော်များအပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်တကွ အများပြည်သူအားလုံး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး တည်တံ့ရေးကို အလေးထား အားထုတ်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့စေရေးအတွက် မြန်မာနိုင်ငံတွင် ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် သင်္ဂါယနာနှစ်ကြိမ်တိုင် သင်္ဂါယနာတင်ခဲ့ပြီးဖြစ်ပါသည်။

**ကွန်းကြီးလေးကွန်း နိမိတ်ထွန်း**

ဆဋ္ဌသင်္ဂါယနာတင် သင်္ဂီတိကာရက သံဃာတော်အပါး ၂၅၀၀ တို့ သီတင်းသုံးရန်အတွက် ကျောင်းဆောင်ကြီး လေးဆောင်တည်ဆောက်ရန်လိုအပ်သဖြင့် မဟာပါသာဏလိုဏ်ဂူတော်ကြီး အနောက်ဘက်မနီးမဝေးတွင် ကျောင်းဆောင်ကြီးလေးဆောင် ဆောက်လုပ်ခဲ့ကြပါသည်။ ကျောင်းဆောင်ကြီးလေးဆောင်အမည်ကို ကွန်းကြီးလေးကွန်းအမည်ယူလျက် အရှေ့ဘက်တွင် ပုဗ္ဗဝိဒေဟကျောင်းဆောင်၊ တောင်ဘက်တွင် ဇမ္ဗူဒိပကျောင်းဆောင်၊ အနောက်ဘက်တွင် အပရဂေါယာနကျောင်းဆောင်၊ မြောက်ဘက်တွင် ဥတ္တရကုရုကျောင်းဆောင်ဟူ၍ ညွှန်းဆိုအမည်နာမ ပေးထားခဲ့ပါသည်။

...တည်ဆောက်ခဲ့ပြီး ၁၀-၄-၁၉၅၄ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ဇမ္ဗူဒိပကျောင်းဆောင်မှာ တန်ဖိုးငွေကျပ် ၉၃၂၈၈၀ ကုန်ကျခဲ့ပြီး အပရဂေါယာနကျောင်းဆောင်မှာ ငွေကျပ် ၉၃၂၉၆၀ ကုန်ကျခဲ့ပါသည်။

**ကျောင်းဆောင်ကြီးလေးဆောင် တည်ဆောက်မှုသမိုင်း**

ကျောင်းဆောင်ကြီးလေးဆောင် ဆောက်လုပ်နိုင်ရေးအတွက် မြေယာကိစ္စများကို စီစဉ်ဆောင်ရွက်ပြီးနောက် အချိန်တစ်နှစ်ကျော်မျှသာ ကျန်ရှိခဲ့ပါသည်။ ထိုအဆောက်အအုံများကို တာဝန်ခံအင်ဂျင်နီယာ ဦးသက်ထွန်းနှင့် ကန်ထရိုက်တာ ဦးသိန်းဖေတို့က ဦးစီးဆောက်လုပ်ခဲ့ပါသည်။ ထိုမျှတိုတောင်းလှသောအချိန်အတွင်း ကျောင်းဆောင်ကြီးလေးဆောင်ကို အလျင်စလို ဆောက်လုပ်ခဲ့သည်ဖြစ်ရာ အဆောက်အအုံများတွင် ချို့ယွင်းချက်မကင်းဘဲ ကောင်းသင့်သလောက်မကောင်းသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အဆောက်အအုံများကို သင်္ဂါယနာအမီ ဆောက်လုပ်နိုင်ရန်အတွက် လိုအပ်သောအုတ်များ အချိန်မီဝယ်၍ မရရှိခြင်းကြောင့် ကမ္ဘာအေးကုန်းမြေတွင်ပင် အုတ်ဖုတ်၍ ဆောက်လုပ်ခဲ့ရပါသည်။ အပရဂေါယာနကျောင်းဆောင် ဆောက်လုပ်ရာတွင်လည်း အုတ်များကို အလျင်စလို ဖုတ်ခဲ့ရသဖြင့် အရည်အသွေးမမီသောအုတ်အချို့ ပါဝင်ခဲ့ပါသည်။

အထူးသဖြင့် အဆောက်အအုံအများစုမှာ သပ်ရပ်သေချာခြင်းမရှိဘဲ အမိုးမိုးရာတွင် Flat Roof အမိုးဖြင့် မိုးထားရာ မိုးဒဏ်မခံနိုင်သည့်အတွက် ခဲပြားများ ထပ်မံအုပ်မိုးခဲ့ရပါသည်။ အဆိုပါခဲပြားများသည်လည်း အပူအအေးဒဏ်ကိုမခံနိုင်ဘဲ အရည်ပျော်သောကြောင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံဖြစ်သည်ကို နိုင်ငံတကာမှ လက်ခံထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ရဟန်းသံဃာတော်များအပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်တကွ အများပြည်သူအားလုံး ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး တည်တံ့ရေးကို အလေးထား အားထုတ်ဆောင်ရွက်ကြရန်လိုအပ်**

**ပုဗ္ဗဝိဒေဟကျောင်းဆောင်နှင့် ဥတ္တရကုရုကျောင်းဆောင်**

ထိုကျောင်းဆောင် နှစ်ဆောင်တို့သည် တောင်မြောက်တန်းလျက် ပုံစံတူသုံးထပ်အဆောက်အအုံများဖြစ်ပါသည်။ အလျား ၂၀၈ ပေ၊ အနံ ၄၈ ပေ ကျယ်ဝန်းပြီး အပေါ်ဆုံးထပ်တွင် အခန်းပေါင်း ၅၀၊ အလယ်ထပ်တွင် အခန်းပေါင်း ၅၀၊ အောက်ဆုံးထပ်တွင် ခန်းမကြီး ခြောက်ခန်း၊ ခန်းမငယ်နှစ်ခန်းတို့ဖြင့် ပါဝင်ဖွဲ့စည်းထားရှိပါသည်။ ကျောင်းဆောင်ကြီး နှစ်ခုစလုံးကို ၄-၂-၁၉၅၃ ရက်နေ့တွင် အုတ်မြစ်စီတည်ဆောက်ခဲ့ပြီး ၁၀-၄-၁၉၅၄ ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ပုဗ္ဗဝိဒေဟကျောင်းဆောင်မှာ တန်ဖိုးငွေကျပ် ၉၀၂၈၈၀ ကုန်ကျခဲ့ပြီး ဥတ္တရကုရုကျောင်းဆောင်မှာ ငွေကျပ် ၈၅၆၉၁၀ ကုန်ကျခဲ့ပါသည်။

**ဇမ္ဗူဒိပကျောင်းဆောင်နှင့် အပရဂေါယာနကျောင်းဆောင်**

ထိုကျောင်းဆောင် နှစ်ဆောင်တို့သည် ထောင့်ချိုးပါဝင်သော ပုံစံတူသုံးထပ်အဆောက်အအုံများဖြစ်ပါသည်။ အလျား ပေ၂၈၀၊ အနံ ၄၈ ပေရှိ၍ အပေါ်ဆုံးထပ်တွင် ခန်းမကြီး နှစ်ခန်း၊ ထောင့်ချိုးခန်း နှစ်ခန်း၊ အခန်း ၅၀ ပါဝင်ပြီး အလယ်ထပ်တွင် အခန်း ၅၀ နှင့် အောက်ထပ်တွင် ခန်းမကြီးခြောက်ခန်း၊ ထောင့်ချိုးခန်း နှစ်ခန်းတို့ဖြင့် ပါဝင်ဖွဲ့စည်းထားရှိပါသည်။ ကျောင်းဆောင်ကြီး နှစ်ခုစလုံးကို ၇-၂-၁၉၅၃ ရက်နေ့တွင် အုတ်မြစ်စီ

ကာလအတန်ကြာသောအခါ ကတ္တရာပြားများဖြင့် အစားထိုး ဖုံးအုပ်ခဲ့ရပါသည်။ ထိုကတ္တရာပြားများသည်လည်း အချိန်ကြာရှည်စွာ ခိုင်ခံ့မှုမရှိသဖြင့် အဆိုပါအဆောက်အအုံများကို သွပ်ဖြင့် ပြန်လည်ပြောင်းလဲ၍ မိုးခဲ့ရပါသည်။

**နာဂစ်မုန်တိုင်းဒဏ်**

၂-၅-၂၀၀၈ ရက်နေ့တွင် ကျရောက်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကျောင်းဆောင်ကြီး လေးဆောင်၏ အမိုးအချို့မှာ လေဒဏ်သင့်ခဲ့ပြီး ပျက်စီးချို့ယွင်းခဲ့သဖြင့် အမိုးများကို သွပ်များဖြင့်ပင် အစားထိုးလဲလှယ်တပ်ဆင်ခဲ့ရပါသည်။ ယခင်သွပ်အမိုးနေရာ၌ အစားထိုးလဲလှယ်ခဲ့သော သွပ်အမိုးများမှာလည်း မိုးတွင်းကာလတွင် အလျင်စလိုဆောင်ရွက်ခဲ့ရသောကြောင့် မိုးယိုစိမ့်မှုထပ်မံဖြစ်ပွားခဲ့ရပါသည်။ ထို့ပြင် နှစ်ပေါင်း (၆၀)ကျော်ကြာပြီဖြစ်သော ကျောင်းဆောင်ကြီး လေးဆောင်တွင် အထွေထွေယိုယွင်းပျက်စီးမှုများဖြစ်ပေါ်နေသဖြင့် အသေးစိတ် ပြင်ဆင်မွမ်းမံရန် လိုအပ်လျက်ရှိပါသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ လက်ထက်၌ မွမ်းမံပြင်ဆင်မှုများ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှုဖြင့် သာသနာရေးဝန်ကြီးဌာနက အောက်ပါလုပ်ငန်းများကို ပြုပြင်မွမ်းမံဆောင်ရွက်ခဲ့ပါသည်-



ကျောင်းဆောင်ကြီးများ ပြုပြင်ပြီးစီးနေမှုကို တွေ့ရစဉ်။

**(၁) ကျောင်းဆောင်ကြီးလေးဆောင် အမိုးပြုပြင်ခြင်း**

ကျောင်းဆောင်ကြီးလေးဆောင်အား ယခင်က သစ်သားဖရိန်များ၊ ခုနစ်ပေ အမိုးသွပ်များဖြင့် မိုးအုပ်ထားခဲ့ရာ တစ်ဖက်စီ၌ သွပ်အဆက် ငါးဆက်ဖြင့် အုပ်မိုးထားခဲ့ပါသည်။ သွပ်အဆက်များ များပြားသောကြောင့် မိုးယိုစိမ့်မှုများ ထပ်မံဖြစ်ပွားခဲ့ရာ အစားထိုးလဲလှယ်ရန် လိုအပ်လာခဲ့ပါသည်။ ယခုအခါ Hollow Pipe သံဖရိန်များ၊ 4-Angle ၂၉ ပေရှည်သော သွပ်အမိုးပြားများဖြင့် လဲလှယ်တပ်ဆင်ခဲ့ရာ မိုးယိုစိမ့်ခြင်းအန္တရာယ်မှ ကင်းဝေးခဲ့ပါသည်။ ၎င်းအပြင် ကျောင်းဆောင်ကြီးများ၏ ဝရန်တာစင်္ကြံလမ်းများတွင် မိုးယိုခြင်းအန္တရာယ်မှလည်း ကင်းဝေးခဲ့ပါသည်။ ကျောင်းဆောင်ကြီးလေးဆောင် အမိုးအသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ကျောင်းဆောင်တစ်ဆောင်လျှင် ကုန်ကျငွေကျပ် ၄၅၀၀၀၀၀၀ ဖြင့် ကျောင်းဆောင်ကြီးလေးဆောင် အမိုးများအစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၁၈၀၀၀၀၀၀၀ အား လေးကျွန်းသူဓမ္မမိတ်ဆွေများအဖွဲ့က လှူဒါန်းခဲ့ပါသည်။

**(၂) ဆေးသုတ်ခြင်းလုပ်ငန်း**

ကျောင်းဆောင်ကြီးလေးဆောင် ဆေးသုတ်ခြင်းလုပ်ငန်း၌ ကျောင်းဆောင်တစ်ဆောင်လျှင် ကျပ် ၇၀၀၀၀၀၀ (အတွင်းအခန်းများမပါ) ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ကျောင်းဆောင်ကြီးလေးဆောင်အတွက် စုစုပေါင်းကုန်ကျငွေကျပ် ၂၈၀၀၀၀၀၀အား လေးကျွန်းသူဓမ္မမိတ်ဆွေများအဖွဲ့က လှူဒါန်းခဲ့ပါသည်။

**(၃) စတီးလက်ဆေးကန်များတပ်ဆင်ခြင်းလုပ်ငန်း**

ကျောင်းဆောင်တစ်ဆောင်၌ အထပ်သုံးထပ်ရှိပြီး အထပ်တစ်ထပ်လျှင် စတီးလက်ဆေးကန် ရှစ်လုံးဖြင့် တပ်ဆင်ခဲ့ရာ ကျောင်းဆောင်တစ်ဆောင်လျှင် စတီးလက်ဆေးကန် ၂၄ လုံး တပ်ဆင်ခဲ့ပါသည်။ ကျောင်းဆောင်ကြီးလေးဆောင်၌ စတီးလက်ဆေးကန် ၉၆ လုံး တပ်ဆင်ခဲ့ရာ စုစုပေါင်းကုန်ကျငွေကျပ် ၈၀၀၀၀၀၀ အား ရွှေသံလွင်ကုမ္ပဏီက လှူဒါန်းခဲ့ပါသည်။

**(၄) ဖိုင်ဘာရေတိုင်ကီများတပ်ဆင်ခြင်း**

ယခင်က ကျောင်းဆောင်တစ်ဆောင်လျှင် လေးပေပတ်လည်သံရေတိုင်ကီ နှစ်လုံးသာရှိသဖြင့် ရေသုံးစွဲမှုမလုံလောက်သောကြောင့် ရေတိုင်ကီများ ထပ်မံဖြည့်တင်းရန် လိုအပ်လာပါသည်။ ထိုလိုအပ်ချက်နှင့်အညီ ကျောင်းဆောင် တစ်ဆောင်လျှင် လေးပေပတ်လည် ဖိုင်ဘာရေတိုင်ကီ နှစ်လုံးထပ်မံဖြည့်တင်းခဲ့ရာ ကျောင်းဆောင်ကြီး လေးဆောင်အတွက် လေးပေပတ်လည် ဖိုင်ဘာရေတိုင်ကီရှစ်လုံး ဖြည့်တင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လေးပေပတ်လည် ဖိုင်ဘာရေတိုင်ကီရှစ်လုံးအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၄၀၀၀၀၀၀ အား ရွှေသံလွင်ကုမ္ပဏီက လှူဒါန်းခဲ့ပါသည်။

**(၅) ကုဋီရေအိမ်များ အစားထိုးလဲလှယ်ခြင်း**

ကျောင်းဆောင်ကြီးများ၏ အထပ်တစ်ထပ်၌ ကုဋီရေအိမ် ၁၂ လုံးရှိပြီး အထပ် သုံးထပ်အတွက် ကုဋီရေအိမ် ၃၆ လုံးတပ်ဆင်ထားရှိပါသည်။ ယခင်က ကုဋီရေအိမ်များမှာ ရိုးရိုးထိုင်များသာဖြစ်ပြီး ယခုအခါ အနောက်တိုင်းပုံစံ ကမုတ်များဖြင့် လဲလှယ်တပ်ဆင်ခြင်း၊ ကုဋီရေအိမ်အောက်ကြမ်းခင်းများအား ကွန်ကရစ်ကြမ်းခင်းအသစ်လောင်းခြင်း၊ အောက်ကြမ်းခင်းနှင့် ဘေးနံရံများအား ကြွေပြားများကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်ဘတ်ဂျက်မှ ကျပ် ၁၅၀၀၀၀၀၀၊ ဓမ္မဝံသဆရာတော်အရှင်စင်တောက်က ကျပ် ၅၀၀၀၀၀၀၀၊ အများပြည်သူလှူဒါန်းငွေကျပ် ၂၀၀၀၀၀၀၀ စုစုပေါင်းကုန်ကျငွေကျပ် ၈၅၀၀၀၀၀၀ ကုန်ကျခဲ့ပါသည်။ ယခင်က အထပ်တိုင်းရှိ ကုဋီရေအိမ်များတွင် ရေယိုစိမ့်သဖြင့် ရေလွှဲများပြုလုပ်ပေးရခြင်း၊ ထီးဆောင်း၍ ကုဋီတက်ရခြင်းများမှ ကင်းဝေးသွားပြီဖြစ်ပါသည်။

**(၆) ခုတင်များပြုပြင်ခြင်း**

ကျောင်းဆောင်ကြီးလေးဆောင်၌ အလယ်ထပ်နှင့် အပေါ်ဆုံးထပ်တို့တွင် တစ်ထပ်လျှင် အခန်း ၅၀ ဖြင့် အသီးသီးဖွဲ့စည်းထားရာ ကျောင်းဆောင်တစ်ဆောင်၌ အခန်း ၁၀၀ ရှိပါသည်။ ကျောင်းဆောင်ကြီးလေးဆောင်၌ အခန်း ၄၀၀ ရှိပြီး ၎င်းအခန်းများတွင် ထည့်သွင်းထားရှိသော ဆရာတော်များ သီတင်းသုံးသည့် ခုတင်များအနက်မှ ပြုပြင်ရန်လိုအပ်သော ခုတင်အလုံး ၁၅၀ အား အသေးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းကုန်ကျငွေကျပ် ၂၇၆၉၀၀၀ အကုန်ကျခံဆောင်ရွက်ခဲ့ပါသည်။

**(၇) စတီးကြိုးများတပ်ဆင်ခြင်း**

ကျောင်းဆောင်ကြီးလေးဆောင်၏ အပြင်ဘက်စင်္ကြံ၌လည်းကောင်း၊ ဆရာတော်များ သီတင်းသုံးသည့် အခန်း ၄၀၀ ၌လည်းကောင်း ဆရာတော်ကြီးများ သင်္ကန်းနှင့် အသုံးအဆောင်ပစ္စည်းများထားရှိရန်အတွက် စတီးကြိုးများ သွယ်တန်းခဲ့ရာ စုစုပေါင်းကုန်ကျငွေကျပ် ၂၇၃၇၀၀၀ အား လေးကျွန်းသူဓမ္မမိတ်ဆွေများအဖွဲ့က လှူဒါန်းခဲ့ပါသည်။

**(၈) လျှပ်စစ်မိန်းခလုတ်များလဲလှယ်ခြင်း**

ကျောင်းဆောင်ကြီးလေးဆောင်၌ လျှပ်စစ်မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် လျှပ်စစ်မိန်းခလုတ်များကို လဲလှယ်တပ်ဆင်ခဲ့ရာ နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းကုန်ကျငွေကျပ် ၆၈၄၀၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ပါသည်။

**(၉) လျှပ်စစ်မီးခလုတ်များလဲလှယ်ခြင်း**

ကျောင်းဆောင်ကြီးလေးဆောင်ရှိ စင်္ကြံလမ်းများ၌ ပျက်စီးယိုယွင်းနေသည့် လျှပ်စစ်မီးခလုတ်များကို လဲလှယ်တပ်ဆင်ခဲ့ရာ စုစုပေါင်းကုန်ကျငွေကျပ် ၁၀၀၀၀၀၀ အား လေးကျွန်းသူဓမ္မမိတ်ဆွေများအဖွဲ့က လှူဒါန်းခဲ့ပါသည်။

**(၁၀) ဖယောင်းပုဆိုးများဖြည့်တင်းခြင်း**

ကျောင်းဆောင်ကြီးလေးဆောင်ရှိ အခန်းများတွင် ကြမ်းခင်းဖယောင်းပုဆိုးများ ခင်းကျင်းနိုင်ရေးအတွက် ဝယ်ယူဖြည့်တင်းခဲ့ရာ စုစုပေါင်းကုန်ကျငွေကျပ် ၃၃၀၀၀၀၀ အား လေးကျွန်းသူဓမ္မမိတ်ဆွေများအဖွဲ့က လှူဒါန်းခဲ့ပါသည်။

**(၁၁) ဗီရိုငယ်များဖြည့်တင်းခြင်း**

ကျောင်းဆောင်ကြီးလေးဆောင်၌ ဆရာတော်ကြီးများ သီတင်းသုံးသည့် အခန်းများတွင် ဗီရိုငယ်အသစ် ၄၆၃ လုံးအား ဝယ်ယူဖြည့်တင်းခဲ့ရာ စုစုပေါင်းကုန်ကျငွေကျပ် ၁၈၆၀၀၀၀၀ အား လေးကျွန်းသူဓမ္မမိတ်ဆွေများအဖွဲ့က လှူဒါန်းခဲ့ပါသည်။ **စာမျက်နှာ ၇ သို့ »**



# တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးအထိမ်းအမှတ် ကပြဖျော်ဖြေ

**မန္တလေး ဒီဇင်ဘာ ၂၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ယဉ်ကျေးမှုအနုပညာအဖွဲ့မှ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကပြဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၄ ရက် ည ၇ နာရီခွဲက မန္တလေးမြို့ လမ်း(၈၀)ရှိ ယူနန်ဘုံကျောင်းတွင် ကျင်းပသည်။

ယင်းအခမ်းအနားကို မန္တလေးမြို့ ရုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးပိုမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါ်ခင်စောဦးနှင့် အမှုဆောင်များ၊ ယူနန်ဘုံကျောင်းဥက္ကဋ္ဌ ဦးကျော်စိန်နှင့် ဖူးကျင့်၊ ကွမ်တုံလူမျိုးစုဘုံကျောင်းများမှ တာဝန်ရှိသူများ၊ မန္တလေးမြို့သူ မြို့သားများ တက်ရောက်အားပေးကြည့်ရှုကြသည်။

ယင်းကပွဲတွင် ရှမ်းတိုင်းရင်းသားအက၊ "ဝ"တိုင်းရင်းသားအက၊ တရုတ်ယာနီတိုင်းရင်းသားအက၊ တရုတ်ယီတိုင်းရင်းသားအက၊ ဆပ်ကပ်အပါအဝင် အစီအစဉ် ၁၁ မျိုးဖြင့် ကပြဖြေဖျော်သည်။ ကပွဲအပြီးတွင် ယူနန်ပြည်နယ် ယဉ်ကျေးမှုအနုပညာအဖွဲ့အား မန္တလေးတိုင်ဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ ဆုငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ပြီး စုပေါင်းဓာတ်ပုံရိုက်ကူးကြောင်း သိရသည်။ **(ဌေးအောင်)**

# ဖေ့စ်ဘွတ်တွင် လူပျောက်ကြော်ငြာထားသည့် အမျိုးသမီးငယ်နှစ်ဦး လွယ်ဂျယ်မြို့တွင် ပြန်လည်တွေ့ရှိ၍ ထိန်းသိမ်းစောင့်ရှောက်ထား

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် လွယ်ဂျယ်မြို့ ရပ်ကွက်(၅)မှ ဦးမောင်စီ(၃၇)နှစ်၏နေအိမ်တွင် အိမ်အကူအဖြစ် အလုပ်လုပ်ကိုင်နေသည့် မိန်းကလေးနှစ်ဦးမှာ အင်တာနက်လူမှုကွန်ရက် Facebook တွင် လူပျောက်ကြော်ငြာထားသည့် မိန်းကလေးများ ဖြစ်နိုင်ကြောင်း အိမ်ရှင်ဖြစ်သူ ဦးမောင်စီ၏အကြောင်းကြားချက်အရ သတင်းရဲတပ်ဖွဲ့စိတ်(လွယ်ဂျယ်)နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(လွယ်ဂျယ်)မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် (၄၂)ရပ်ကွက်နေ ဒသမတန်း ကျောင်းသူ မနေခြည်လင်း(ခ)ဂူးဂူး(၁၅)နှစ်နှင့် မြောက်ဒဂုံမြို့နယ် (၃၈)ရပ်ကွက်နေ ဒသမတန်းကျောင်းသူ မနှင်းသဇင်(ခ)ပုရှည်(၁၆)နှစ်တို့ဖြစ်ပြီး Facebook တွင် လူပျောက်ကြော်ငြာထားသည့် မိန်းကလေးနှစ်ဦးဖြစ်ကြောင်း သိရသည်။

မေးမြန်းချက်အရ ၎င်းတို့နှစ်ဦးသည် စက်တင်ဘာ ၅ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(မြောက်ဒဂုံ)၌ လပတ်စာမေးပွဲဖြေဆိုပြီး ကမ္ဘာအေးဘုရားသို့ သွားရောက်ဖူးမြော်ခဲ့ကြောင်း၊ စာမေးပွဲမဖြေဆိုနိုင်၍ နေအိမ်သို့မပြန်လိုတော့သဖြင့် မြေနီကုန်းရှိ အပေါင်ဆိုင်တစ်ခုတွင် မနေခြည်လင်း(ခ)ဂူးဂူး၏လက်စွပ်အား ငွေကျပ် ၆၀၀၀၀ ဖြင့် ပေါင်နှံပြီး ရန်ကုန်မှ ပြင်ဦးလွင်သို့ ခရီးသည်တင်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြောင်း၊ ထို့နောက် ပြင်ဦးလွင်မြို့ ကားကြီးဝင်းအနီးရှိ ကုန်စုံဆိုင်တစ်ဆိုင်၌ ၎င်းတို့နှစ်ဦးမှာ ညီအစ်မအရင်းများဖြစ်ပြီး မိဘများ မရှိတော့သဖြင့် အလုပ်လုပ်လိုကြောင်းနှင့် အလုပ်ရှိ၊ မရှိ မေးမြန်းရာ ဆိုင်ရှင်မှ မမိုးဆိုသူနှင့် ဆက်သွယ်ပေးခဲ့ကြောင်း၊ မမိုးက ၎င်း၏အသိ ကြက်ဥဆိုင်တွင် တစ်လ ကျပ် ၆၀၀၀၀ ဖြင့် အလုပ်လုပ်ကိုင်လိုက လုပ်ကိုင်နိုင်ကြောင်း ပြောဆိုခဲ့ရာ ၎င်းတို့နှစ်ဦးက မလုပ်လိုကြောင်း ပြောဆို၍ မမိုး၏နေအိမ်တွင် တစ်ညအိပ်ခဲ့ကြောင်း၊ စက်တင်ဘာ ၇ ရက်တွင် မမိုး ဆက်သွယ်ပေးသည့် မအားမေဆိုသူ၏နေအိမ်တွင် တစ်ညအိပ်ခဲ့ပြီး ယင်းမှတစ်ဆင့် မအားမေ၏အစ်ကိုဖြစ်သူ လွယ်ဂျယ်မြို့ရှိ ဦးမောင်စီ၏နေအိမ်၌ တစ်လလျှင် ကျပ် ၅၀၀၀၀ ဖြင့် အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရ၍ ရန်ကုန်မြို့ရှိ ၎င်းတို့၏မိဘများထံသို့ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားပေးခဲ့ပြီး မနေခြည်လင်း(ခ)ဂူးဂူးနှင့် မနှင်းသဇင်(ခ)ပုရှည်တို့ နှစ်ဦးအား လွယ်ဂျယ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်နှင်းဝတ်ရည်၏ နေအိမ်တွင် ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# ဖားကန့်မြို့နယ်တွင် စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် ပျောက်ဆုံးနေသော လူသုံးဦးအား ရှာဖွေလျက်ရှိ

**ဖားကန့် ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ဒီဇင်ဘာ ၂၅ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က စွန့်ပစ်မြေစာပုံပြိုကျမှုဖြစ်ပွားခဲ့ပြီး လူသုံးဦးပျောက်ဆုံးနေကြောင်း သတင်းများအရ ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။

ဖားကန့်မြို့နယ် မမုံကျေးရွာအနီးရှိ ကန်ခါတွမ် စုပေါင်းစွန့်ပစ်မြေစာပုံမှ အလျား ပေ ၁၀၀၊ အနံ ပေ ၄၀၊ အမြင့်ပေ ၁၀၀ ခန့်ရှိသော မြေစာများ ပြိုကျမှုဖြစ်ပွားခဲ့ပြီး ထိုသို့ပြိုကျချိန်မှာ အလုပ်သိမ်းချိန်ဖြစ်ရာ ယင်းနေရာတွင် ရေမဆေးကျောက်ရှာဖွေသူများ ရှိနိုင်သဖြင့်လည်းကောင်း၊ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုမှ ဇော်ထွေး(၂၁)နှစ်၊ မောင်ထွေး(၂၁)နှစ်နှင့် သိန်းဇော်(၂၈)နှစ် တို့သုံးဦးမှာ ပျောက်ဆုံးနေကြောင်း နယ်မြေသတင်းများအရ လည်းကောင်း ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီခန့်မှစ၍ မြေစာများ ဖယ်ရှားရှင်းလင်းပြီး ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။



အဆိုပါ မြေစာပုံများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရှာဖွေခြင်းလုပ်ငန်းများကို တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပြီး ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများမှ ဘက်ဟိုးယာဉ် ခုနစ်စီးနှင့်အတူ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

## နောက်(၂)ရက်အတွက် ခန့်မှန်းချက်

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

» စာမျက်နှာ ၆ မှ

### (၁၂) အသုံးအဆောင်ပစ္စည်းများ ဖြည့်တင်းခြင်း

ကျောင်းဆောင်ကြီး လေးဆောင်အတွက် လိုအပ်သော မွေ့ရာအသေး ၃၂၀၊ ဇာခြင်ထောင်အလုံး ၂၅၀၊ ရေနွေးကြမ်းပန်းကန်အစုံ ၃၇၀၊ ဓာတ်ဘူးအလုံး ၁၃၀၊ စတီးလက်ဆေးဇလုံအလုံး ၁၀၀ တို့အား ဝယ်ယူဖြည့်တင်းခဲ့ရာ နိုင်ငံတော်ဘတ်ဂျက်မှ စုစုပေါင်းကုန်ကျငွေကျပ် ၃၃၀၅၅၀၀ အကုန်ကျခံ ဆောင်ရွက်ခဲ့ပါသည်။

### (၁၃) အထွေထွေလုပ်ငန်းများ ဆောင်ရွက်ခြင်း

ကျောင်းဆောင်ကြီး လေးဆောင်၌ ကြော်ငြာသင်ပုန်းအိမ်လေးခု၊ အခန်းနံပါတ်များအား ဖိုင်ဘာစာလုံးဖြင့် ရေးသားခြင်း၊ ကြေးပြားကမ္ပည်း လေးခု ချိတ်ဆွဲခြင်းလုပ်ငန်းအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၂၀၀၀၀၀၀ အား လေးကျွန်းသူမွေမိတ်ဆွေများအဖွဲ့က လှူဒါန်းခဲ့ပါသည်။

### (၁၄)နံရံကပ်ပန်ကာများ တပ်ဆင်ခြင်း

ကျောင်းဆောင်ကြီး လေးဆောင်ရှိ ဆရာတော်ကြီးများ သီတင်းသုံးသည့် အခန်း ၄၀၀ ၌ နံရံကပ်ပန်ကာ ၂၆၄ ခုအား ဝယ်ယူဖြည့်တင်း တပ်ဆင်ခဲ့ရာ စုစုပေါင်းကုန်ကျငွေကျပ် ၆၃၃၆၀၀၀ အား အလှူရှင်များက လှူဒါန်းခဲ့ပါသည်။

### (၁၅)ကြမ်းခင်းပါကေးများအရောင်တင်ခြင်း

ကျောင်းဆောင်ကြီး လေးဆောင်ရှိ ဆရာတော်ကြီးများ သီတင်းသုံးသည့် လိုအပ်သည့် အခန်းများ၌ ကြမ်းခင်းပါကေးများ အရောင်တင်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ စုစုပေါင်း ကုန်ကျငွေကျပ် ၁၀၀၀၀၀၀၀ အား လေးကျွန်းသူမွေမိတ်ဆွေများအဖွဲ့က လှူဒါန်းခဲ့ပါသည်။

### (၁၆) ကွန်ကရစ်လမ်းခင်းခြင်း

အပရဂေါယာန ကျောင်းဆောင် အနောက်ဘက်လမ်းအား အလျား ပေ ၆၈၀၊ အနံ ၁၆ ပေအကျယ်၊ ဒု ၆ လက်မရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ စုစုပေါင်းကုန်ကျငွေကျပ် ၁၉၂၀၉၂၈၀ အား အလှူရှင်များက လှူဒါန်းခဲ့ပါသည်။

နှစ်စဉ်ကျင်းပသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေး၊ တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၊ ပထမပြန်နှင့်ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲနှင့် သာသနာရေးဆိုင်ရာအခမ်းအနားများသို့ ကြွရောက်လာကြသည့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကဆရာတော်များ၊ ပရိယတ္တိစာမေးပွဲအသီးသီးမှ ပညာရေးဗဟိုအဖွဲ့ဝင်ဆရာတော်များ၊ တိပိဋကစာဖြေသံဃာတော်များ၊ စာထောက်စာမသံဃာတော်များ၊ အထူးပင့်ဖိတ်သည့် သံဃာတော်များသည် ကျောင်းဆောင်ကြီး လေးဆောင်၌ အာဂန္တုသီတင်းသုံးတော်မူကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်၌ ဆဋ္ဌသင်္ဂါယနာသမိုင်းဝင် ကျောင်းဆောင်ကြီးလေးဆောင် အရှည်တည်တံ့ခိုင်ခံ့စေရန်အတွက် ပြုပြင်မွမ်းမံမှုများ၊ အသစ်တည်ဆောက်မှုများ၊ အစားထိုးလဲလှယ်မှုများ၊ ဖြည့်တင်းမှုများ ဆောင်ရွက်ခဲ့သောကြောင့် နှစ်စဉ်ကျင်းပ ပြုလုပ်လျက်ရှိသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ ကြွရောက်တော်မူကြသည့် သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ချမ်းသာစွာ သီတင်းသုံး၍ သာသနာ့တာဝန်များကို ထမ်းဆောင်နိုင်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ အနေဖြင့် နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်များကို လေးလတစ်ကြိမ် အလှည့်ကျတာဝန်ထမ်းဆောင်ရာတွင် ချမ်းသာစွာ သီတင်းသုံးဆောင်ရွက်နိုင်ခြင်း၊ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ကြွရောက်ဖြေဆိုတော်မူကြသည့် သံဃာတော်များ ချမ်းသာစွာသီတင်းသုံးနိုင်ခြင်းတို့ကြောင့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာဟု ဆိုအပ်သော သာသနာတော် သုံးရပ်အတွက် များစွာအထောက်အကူပြုပြီး စေတနာရှင်၊ အလှူရှင်များအတွက်လည်း လွန်စွာအကျိုးများလှပါသည်။ နှစ်ကာလကြာမြင့်ပြီဖြစ်သည့်အတွက် ယိုယွင်းပျက်စီးနေသော ဆဋ္ဌသမိုင်းဝင် ကျောင်းဆောင်ကြီးလေးဆောင်အား နိုင်ငံတော်ဘတ်ဂျက်မှ ကုန်ကျငွေကျပ် ၂၇၉၁၄၅၀၀ နှင့် အများပြည်သူလှူဒါန်းငွေကျပ် ၃၅၁၁၈၂၂၈၀ စုစုပေါင်းကုန်ကျငွေကျပ် ၃၈၁၀၉၆၇၈၀ ကုန်ကျခံ မွမ်းမံပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် သစ်လွင်တောက်ပလျက်ရှိနေပြီဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ဆဋ္ဌသင်္ဂါယနာတင် သမိုင်းဝင်ပြယုဂ်တစ်ခုအဖြစ် ကျန်ရှိနေသော ကျောင်းဆောင်ကြီးလေးဆောင် အရှည်တည်တံ့ခိုင်ခံ့စေရန် ရည်သန်၍ ပြန်လည်ပြင်ဆင်မွမ်းမံ ဖြည့်ဆည်းဆောင်ရွက်ခဲ့မှုများသည် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ထွန်းကားပြန့်ပွားစေရေးအတွက် အားကောင်းသော အထောက်အပံ့တစ်ခု ဖြစ်ပါကြောင်း စေတနာမွန်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

# အသစ်ဝင်ရောက်လာသော ဗီယက်နမ်လေကြောင်းလိုင်း မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးကို ပီပြင်စွာဖော်ဆောင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**



မြန်မာနိုင်ငံမှ ပြည်ပခရီးသွားပြည်သူများအား ဗီယက်နမ်ဂျက်လေကြောင်းလိုင်းက အခမဲ့လေယာဉ်လက်မှတ်တစ်ထောင်ကျော်၊ စမတ်ဖုန်းနှင့် အပန်းဖြေခရီးသွားလက်မှတ်များပါဝင်သည့် Anamazing fairy tale အစီအစဉ်များကို စတင်ဆောင်ရွက်နေကြောင်းသိရသည်။

ထိုအစီအစဉ်တွင် ရန်ကုန်မှ ဟိုချီမင်းသို့ သွားလာကြမည့် မြန်မာပြည်သူများအပါအဝင် Vietjet နှင့် သွားလာကြမည့် ခရီးသည်အားလုံးလည်း အဆိုပါအစီအစဉ်တွင် အကျုံးဝင်မည်ဖြစ်ကာ ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှ အစီအစဉ်စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုလေကြောင်းလိုင်းတွင် လိုက်ပါစီးနင်းကြမည့် မြန်မာပြည်မှ ခရီးသွားများအနေဖြင့် နိုင်ငံတကာ ခရီးစဉ်များအတွက် အခမဲ့လေယာဉ်လက်မှတ်များ ကံစမ်းခွင့်ရရှိခြင်း၊ စမတ်ဖုန်းများနှင့် ဗီယက်နမ်နိုင်ငံရှိ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်များပါဝင်သော အပန်းဖြေစခန်းများတွင် အခမဲ့တည်းခိုနိုင်မည့် လက်မှတ်များရရှိနိုင်မည့် အခွင့်အရေးများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် ခရီးသည်များ ပိုမိုစိတ်ဝင်စားစေမည့် ဖျော်ဖြေရေးအစီအစဉ်များနှင့် အထူးလက်ဆောင်များကို ဗီယက်နမ်ပြည်တွင်းလေဆိပ်များနှင့် ရန်ကုန်၊ ဗန်ကောက်၊ ဆိုးလ်၊ တိုင်ပေနှင့် စင်ကာပူနိုင်ငံများရှိ လေဆိပ်များတွင် ခရီးသည်များအား ချီးမြှင့်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အသစ်ဝင်ရောက်လာသော ဗီယက်နမ်လေကြောင်းလိုင်းသည် ဈေးကွက်စီးပွားရေးကို ပီပြင်စွာဖော်ဆောင်သည့်အနေဖြင့် ထိုကဲ့သို့ အထူးအစီအစဉ်များကို ဖော်ဆောင်ပေးလျက်ရှိရာ ခရီးသွားပြည်သူများအတွက် နှစ်ခြိုက်ဖွယ်ဖြစ်စေသည်။ ခေတ်သစ်လေယာဉ်ပျံသန်းမှု အယူအဆသစ်များဖြင့် ပြေးဆွဲလျက်ရှိသော ဗီယက်နမ်လေကြောင်းလိုင်းသည် ၎င်းနိုင်ငံ၏ ပထမဆုံးပုဂ္ဂလိကလေကြောင်းတစ်ခုဖြစ်သည်။ ခရီးသွားများအတွက် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများသာမက ထုတ်ကုန်နှင့် အခြားဝန်ဆောင်မှုများကိုလည်း နောက်ဆုံးပေါ် အီးကော်မာ့ နည်းပညာများအသုံးပြု၍ ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

လက်ရှိတွင် အဆိုပါလေကြောင်းလိုင်းသည် A ၃၂၀ နှင့် A ၃၂၁ အမျိုးအစား ဂျက်လေယာဉ်များ အပါအဝင် လေယာဉ် ၂၉ စင်းဖြင့် နေ့စဉ်ခရီးစဉ်အကြိမ်ရေ ၁၉၀ ပျံသန်းပြေးဆွဲလျက်ရှိသည်။ ဗီယက်နမ် နိုင်ငံတစ်ဝန်းနှင့် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်ဝမ်၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံများသို့ ခရီးစဉ်လမ်းကြောင်း ၃၈ ခုဖြင့် ပျံသန်းပြေးဆွဲလျက်ရှိပြီး ပြီးခဲ့သည့် သုံးနှစ်ကာလအတွင်း ခရီးသည် ၁၈ သန်းကျော်ကို လိုရာခရီးသို့ပို့ဆောင်နိုင်ခဲ့သည့် စံချိန်သစ်ကို ချိုးထားနိုင်ခဲ့သည်။

၎င်းတို့အနေဖြင့် ဒေသတွင်းကွန်ရက်ကို ဆက်လက်ချဲ့ထွင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါချဲ့ထွင်မည့်အစီအစဉ်အတွက် နောက်ဆုံးပေါ် ခေတ်မီလေယာဉ်သစ်များကို ကမ္ဘာပေါ်ရှိ နာမည်ကြီးလေယာဉ်ကုမ္ပဏီများနှင့် ဝယ်ယူရန်သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ဝယ်ယူမည့်ကုမ္ပဏီများက လေယာဉ်နည်းပညာဆိုင်ရာဝန်ဆောင်မှုများအပြင် ဘေးကင်းရေးနှင့် လုံခြုံရေးအာမခံများအတွက်လည်း နည်းပညာဆိုင်ရာသင်တန်းများကို ရယူသွားမည်ဖြစ်ကြောင်း အဆိုပါလေယာဉ်ကုမ္ပဏီမှ သိရသည်။

**(ကြေးမုံ)**

# ရွှေတိဂုံပုံတူစေတီတော် ပန္နက်တော်တင် တွင်းတော်ဝန်းနှင့် သိမ်တော်ရေစက်ချပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာတိုက်နယ် နောင်ဝယ်ကျေးရွာရှိ လှရတနာမြေဇင်းတောရ ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်မည့် ဥဒယကေတုရွှေတိဂုံစေတီတော် ပန္နက်တော်တင် တွင်းတော်ဝန်းနှင့် သာသနပါလသိမ်တော် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက်က ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ကျိုက်မရောဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါရိန္ဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နံနက် ၈ နာရီ ၅၃ မိနစ်တွင် မတည်အလှူရှင် Asia Express Group Co., Ltd. ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်နှင့်ဇနီး ဒေါ်သက်သက်နိုင်နှင့် အလှူရှင်များက စေတီတော်ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမဟာမင်္ဂလာအခမ်းအနားကို သာသနာရေးဆိုင်ရာ ဓလေ့ထုံးစံများနှင့်အညီ ဆောင်ရွက်ကြသည်။

ထို့နောက် သာသနပါလ သိမ်တော်ကြီးကို ဆရာတော် သံဃာတော်များက သိမ်သမုတ်ပေးတော်မူကြပြီး သံဃာတော်အပါး ၄၀ အား သိမ်ဆင်းလောင်းလှူကြကြောင်း သိရသည်။

**(ကြေးမုံ)**

# ခရီးသွားရာသီအပြင် ဆရာကန်တော့ပွဲရာသီဖြစ်သောကြောင့် မုံရွာမြို့ ဟိုတယ်နှင့်တည်းခိုခန်းများ လူအပြည့်အခန်းငှားရ

**မုံရွာ ဒီဇင်ဘာ ၂၇**

ခရီးသွားပွင့်လင်းရာသီလည်းဖြစ် ဆရာကန်တော့ပွဲရာသီလည်းဖြစ်သောကြောင့် မုံရွာမြို့ရှိတည်းခိုခန်း၊ ဟိုတယ်ကြီးများတွင် ကြိုတင်မှာထားပြီး တည်းခိုသော ဧည့်သည်များ များပြားလျက်ရှိကြောင်း မုံရွာဟိုတယ်လုပ်ငန်းရှင်များထံမှ သိရသည်။

“အခုအချိန်က ပြည်တွင်းခရီးသွားတွေအပြင် ပြည်ပခရီးသွားတွေ၊ ဆရာကန်တော့ပွဲလာတဲ့ ကျောင်းသား ကျောင်းသူဟောင်းတွေ လာကြတဲ့အချိန်ဖြစ်တော့ တည်းခိုကြတဲ့သူတွေအခန်းပြည့်ပါ။ ဒီနှစ်ထူးခြားတာက မုံရွာဂျီတီအိုင် ဆရာကန်တော့ပွဲလာတဲ့ ကျောင်းသား ကျောင်းသူဟောင်း ၅၀၀ လောက်တစ်ပြိုင်တည်း တည်းခိုကြပါတယ်။ ဒါကြောင့် ဒီလိုအချိန်မှာ ကြိုတင်အခန်းမှာယူမှုရမှာပါ”ဟု မုံရွာမြို့ ဝင်းယူနတီဟိုတယ်တာဝန်ရှိသူက ပြောသည်။

မုံရွာမြို့ရှိ တည်းခိုခန်းနှင့် ဟိုတယ်ကြီးများ၌ တည်းခိုသူများပြားသော်လည်း ဟိုတယ်ကြီးများတွင်ရှိသည့် ခန်းမငယ်များတွင် ပြုလုပ်လေ့ရှိသော ဆွေးနွေးပွဲများ၊ ညှိနှိုင်းတွေ့ဆုံပွဲများ၊ ဟောပြောပွဲများ ကျင်းပမှုနည်းပါးချိန်ဖြစ်ကြောင်း ဝင်းယူနတီဟိုတယ်မှ ကိုကျော်ကျော်ခိုင်က ပြောသည်။ အဆိုပါခန်းမငယ်ငှားရမ်းရာတွင် နှစ်နာရီစာလူဦးရေ ၃၀ ဆံ့ကို ကျပ်တစ်သိန်းခွဲ၊ ၅၀ ဆံ့ကို ကျပ်နှစ်သိန်း၊ ၇၀ ဆံ့ကို ကျပ်သုံးသိန်းနှင့် ၁၀၀ ဆံ့ကို ကျပ်သုံးသိန်းခွဲ ကျသင့်ကြောင်း သိရသည်။

ထို့ပြင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အသုံးပြုလျှင် ကျပ်ခုနစ်သိန်းကျသင့်ကြောင်း၊ ၁၅ ဦးခန့် နေ့လယ်စာစားသုံးရာတွင် အသုံးပြုနိုင်ရန် အဆောက်အအုံငယ်တစ်ခုကိုလည်း တစ်နာရီ ကျပ်လေးသောင်းနှုန်းဖြင့် ငှားရမ်းအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ မုံရွာမြို့သို့ လာရောက်ကြသူအများစုသည် မုံရွာဟိုတယ်၊ ဝင်းယူနတီဟိုတယ်၊ ဟိုတယ်ချင်းတွင်း၊ ကျောက်စိမ်းဟိုတယ်များတွင် အတည်းများကြပြီး အလောင်းတော်ကဿပဘုရားဖူးရာသီရောက်လျှင် ဈေးချိုသောတည်းခိုခန်းများအလုပ်ဖြစ်သကဲ့သို့ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင်လည်း စုပေါင်းတည်းခိုမှုများကြောင်း သိရသည်။

မုံရွာဟိုတယ်၌ တည်းခိုကြရာတွင် နှစ်ယောက်ခန်းတစ်ခန်း ကျပ် ၂၅၀၀၀ နှင့် ၃၅၀၀၀ သတ်မှတ်ထားပြီး ဝင်းယူနတီဟော်တယ်တွင် ဘန်ဂလိုဖြင့် နှစ်ယောက်ခန်းကို ကျပ် လေးသောင်း၊ ကျပ်ငါးသောင်း၊ ကျပ်ခြောက်သောင်းနှင့် ကျပ်ရှစ်သောင်းဟူ၍ အမျိုးအစားအလိုက် သတ်မှတ်ထားပြီး ခြောက်ထပ်ရှိအထပ်မြင့်အဆောက်အအုံတွင် တည်းခိုလိုလျှင် ကျပ်သုံးသောင်း၊ ကျပ်နှစ်သောင်းခွဲနှင့် ကျပ်နှစ်သောင်းဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။

ဟိုတယ်ချင်းတွင်း၌ တည်းခိုရာတွင် ငွေကျပ် ၁၄၀၀၀ မှ ၃၅၀၀၀ ဈေးကြားရှိပြီး ကျောက်စိမ်းဟိုတယ်တွင် နှစ်ယောက်ခန်းတစ်ခန်းလျှင် ကျပ်သုံးသောင်းနှင့် သုံးဦးခန်းတစ်ခန်း ကျပ်ခုနစ်သောင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စီးပွားရေးတက္ကသိုလ်တည်ထောင်ခြင်း (၅၁)နှစ်ပြည့်အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်စီးပွားရေးတက္ကသိုလ် တည်ထောင်ခြင်း (၅၁)နှစ်မြောက် အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီးကို ၁၉၆၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို အထူး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ပြီး ယခု (၅၁)နှစ်မြောက် အထိမ်းအမှတ်တွင်လည်း ယခင်နှစ်ကဲ့သို့ပင် ကျင်းပခဲ့ကြောင်း သိရသည်။



“မနှစ်က ရွှေရတုပွဲမှာ တစ်နိုင်ငံလုံးအပြင် နိုင်ငံတကာကိုရောက်နေတဲ့ ကျောင်းသား ကျောင်းသူဟောင်းတွေပါ ပြန်လာကြတယ်။ ဒီနှစ်မှာလည်း မနှစ်ကလိုပဲ စည်ကားသိုက်မြိုက်ခဲ့ပါတယ်။ အာစရိယပူဇော်ပွဲကတော့ (၂၁)နှစ်မြောက်အခမ်းအနားဖြစ်ပါတယ်။ မနက် ၆ နာရီကနေ ည ၉ နာရီအထိ အခမ်းအနားကို ကျင်းပခဲ့ပြီး စတုဒိသာကျွေးမွေးတာကလည်း တစ်နေကုန်ပါပဲ။ စီးပွားရေးတက္ကသိုလ်ကြီးဖြစ်တာနဲ့အညီ နိုင်ငံအတွက် တစ်ဖက်တစ်လမ်းက ပါဝင်နိုင်ဖို့အတွက် အမြဲပြင်ဆင်ထားပါတယ်။ ဒီပွဲပြီးရင် စီးပွားရေးဖိုရမ်ပြုလုပ်မှာပါ။ ပြည်တွင်းပြည်ပ ပညာရှင်တွေ ဖိတ်ခေါ်ထားပြီး လာမယ့်ငါးနှစ်မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍအပေါ် သုံးသပ်ဆွေးနွေးသွားကြမှာပါ”ဟု မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးပညာရှင်များစွာ၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းအားအရင်းအမြစ်များစွာ၊ အစိုးရအဖွဲ့ဝင် ပြည်သူ့ဝန်ထမ်းများစွာတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ရှေ့အနာဂတ်တွင် တိုင်းပြည်တာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်ရန် ရည်မှန်းကာ စီးပွားရေးဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

## အနိမ့်ဆုံးအပူချိန်စံချိန်သစ်

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် အနိမ့်ဆုံးအပူချိန်စံချိန်သစ်ကို အောက်ပါအတိုင်း လေးစားစွာအစီရင်ခံအပ်ပါသည်-

| စဉ် | စခန်းအမည် | အနိမ့်ဆုံး အပူချိန်စံချိန်သစ် | | အနိမ့်ဆုံး အပူချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | ခန္တီး | ၂. ၇ | ၃၆. ၉ | ၃. ၁ | ၃၇. ၆ | ၂၃. ၁၂. ၂၀၁၅ | ၅၁ |

စာအုပ်စာပေ လူ့မိတ်ဆွေ

# ဗဟိုအဆင့်ထူးချွန်ဆရာရွေးချယ်ပွဲတွင် ဆရာစွမ်းရည်များဖော်ထုတ်ယှဉ်ပြိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဆရာအရည်အသွေးမြင့်မားရေး၊ ဆရာအတတ်ပညာမြင့်တင်ရေးနှင့်ဆရာများ၏အခန်းကဏ္ဍ အရေးပါမှုကို ပိုမိုသိမြင်လာစေရန်ရည်ရွယ်၍ ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ပူးပေါင်းဆောင်ရွက်သည့် ဗဟိုအဆင့်ထူးချွန်ဆရာဆုရွေးချယ်ရေးအတွက် ဆရာစွမ်းဆောင်ရည်ပြသခြင်း၊ ယှဉ်ပြိုင်ခြင်းများကို ယနေ့ နံနက် ၉ နာရီမှစ၍ သုံးနေရာခွဲကျင်းပသည်။

အထက်တန်းပြဆရာအဆင့်ပြိုင်ပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကမာရွတ်မြို့နယ်၌လည်းကောင်း၊ အလယ်တန်းပြဆရာအဆင့်ပြိုင်ပွဲကို သစ္စာလမ်းရှိ ရန်ကင်းပညာရေးကောလိပ်၌လည်းကောင်း၊ မူလတန်းပြဆရာအဆင့်ပြိုင်ပွဲကို ဦးဘဟန်လမ်းရှိ သင်္ဃန်းကျွန်းပညာရေးကောလိပ်တို့၌လည်းကောင်း နံနက်ပိုင်းတွင်ရေးဖြေ၊ မွန်းလွဲပိုင်းတွင် နှုတ်ဖြေနှင့်မနက်ဖြန်တွင်သင်ကြားရေးစွမ်းရည်များ လက်တွေ့သရုပ်ပြသင်ကြားခြင်းတို့ ဆောင်ရွက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အထက်တန်းပြဆရာရွေးချယ်ပွဲကို ရန်ကုန်ပညာရေးတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာဒေါ်ထူးထူးအောင်၊ အလယ်တန်းပြထူးချွန်ဆရာရွေးချယ်ပွဲကို အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာတင်ညိုနှင့် မူလတန်းပြထူးချွန်ဆရာရွေးချယ်ပွဲကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတာဝန်ခံ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးမြင့်ဟန်တို့က အခြားပညာရေးပညာရှင်များနှင့်အတူ ရွေးချယ်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ရွေးချယ်ပွဲကျင်းပသည့်နေရာများသို့ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းဦးနှင့် ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။ **(ပညာရေး)**



# စက်စက်ယိုချောင်းကူးတံတားသစ် တည်ဆောက်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုငွေသိန်း ၂၄၀ ဖြင့် တောင်တွင်းကြီး-အုတ်ရှစ်ကုန်း-လယ်ပြင်သာကျေးလက်ဖွံ့ဖြိုးရေးလမ်းပေါ်တွင် အလျားပေ ၄၀၊ အကျယ် ၁၅ ပေ၊ အမြင့်၁၀ ပေရှိ စက်စက်ယိုချောင်းကူးတံတားသစ် တည်ဆောက်လျက်ရှိသည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းခွင်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့်တာဝန်ရှိသူတို့သည် ဒီဇင်ဘာ ၂၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး သတ်မှတ်စံနှုန်းများနှင့်အညီ လုပ်ငန်းများအချိန်မီပြီးစီးရေး ရှင်းလင်းမှာကြားသည်။ နိုင်ငံတော်ထောက်ပံ့ငွေသိန်း ၃၀၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေသိန်း ၂၀ စုစုပေါင်း သိန်း ၅၀ ဖြင့် အရှည် ပေ ၃၅၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် သုံးပေရှိလယ်ပြင်သာ-အုတ်ရှစ်ကုန်း ကျေးရွာချင်းဆက်မြေသားလမ်းသစ်ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး လမ်းအရည်အသွေးကောင်းမွန်ရေးနှင့်သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။ **(နိုင်ဝင်း)**

# MFF U-14 ပြိုင်ပွဲ အုပ်စုပွဲစဉ်များမပြီးဆုံးမီ အသင်းသုံးသင်းဆီမီးတက်



ဧရာဝတီအကယ်ဒမီအသင်းနှင့် မန္တလေးအကယ်ဒမီ(ခ) အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF U-14 100 Plus Super Cup ပြိုင်ပွဲအုပ်စု ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပရာ အုပ်စုပွဲစဉ်များ မကုန်မီ အသင်းသုံးသင်း ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ဒုတိယနေ့ပွဲစဉ်များတွင် နံနက်ပိုင်း၌ အုပ်စု(က)တွင် ဧရာဝတီအကယ်ဒမီအသင်းက မန္တလေးအကယ်ဒမီ(ခ)အသင်းကို လေးဂိုး-နှစ်ဂိုး၊ ဇွဲကပင်အကယ်ဒမီ(က)အသင်းက တပ်မတော်အကယ်ဒမီအသင်းကို ခြောက်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိသည်။ ယခုပွဲအပြီးတွင် အုပ်စု(က)၌ နှစ်ပွဲဆက်တိုက်အနိုင်ရပြီး ခြောက်မှတ်ရရှိထားသည့် ဧရာဝတီ အကယ်ဒမီအသင်းနှင့် ဇွဲကပင်အကယ်ဒမီ(က)အသင်းတို့မှာ ပွဲစဉ်မကုန်မီ ဆီမီးတက်သွားပြီး အုပ်စု ပထမနေရာအတွက်သာ ကစားရတော့မည်ဖြစ်သည်။ မန္တလေးအကယ်ဒမီ(ခ) အသင်းနှင့် တပ်မတော် အကယ်ဒမီအသင်းတို့မှာ အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။

ညနေပိုင်း၌ ကျင်းပသည့် အုပ်စု(ခ) ပွဲစဉ်များတွင် မန္တလေးအကယ်ဒမီ(က) အသင်းက ဇွဲကပင်အကယ်ဒမီ(ခ) အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ရတနာပုံ အကယ်ဒမီအသင်းက ရန်ကုန်အကယ်ဒမီအသင်းကို ၁၃ ဂိုး- ဂိုးမရှိတို့ဖြင့် အနိုင်ရရှိသည်။ ယခုပွဲအပြီးတွင် မန္တလေးအကယ်ဒမီ(က) အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ဆီမီးတက်သွားပြီဖြစ်သည်။ လက်ကျန်တစ်နေရာအတွက် သုံးမှတ်စီရရှိထားသည့် ဇွဲကပင်အကယ်ဒမီ(ခ) အသင်းနှင့် ရတနာပုံအကယ်ဒမီ အသင်းတို့ အပြိုင်ဖြစ်နေပြီး နောက်ဆုံးပွဲ၌ ထိပ်တိုက်တွေ့ဆုံနေရာ အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိသည်။ ရန်ကုန်အကယ်ဒမီအသင်းမှာ အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**



# ပြင်ဦးလွင်မြို့တွင် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဒီဇင်ဘာမွေးမြူရေးခြံတွင် မွေးမြူရေးဆိုင်ရာပြပွဲနှင့် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲကို ဒီဇင်ဘာ၂၅ ရက်နှင့်၂၆ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ၂၆ရက်တွင် ကျင်းပခဲ့သည်။ ခွေးအမျိုးအစား ၁၈ မျိုးမှ ပြိုင်ပွဲဝင် ခွေးအကောင်ရေ ၅၄ ကောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

"ခွေးအမျိုးအစား ၁၈ မျိုးကို အုပ်စုခြောက်စုခွဲပြီး အမျိုးအစားအလိုက် ယှဉ်ပြိုင်စေပါတယ်။ ဆုအမျိုးအစား ၂၇ မျိုးချီးမြှင့်ပေးမယ့်အပြင် ပရိသတ်ကပေးမယ့် Popularity ဆုကိုလည်း ချီးမြှင့်ပေးသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး အိမ်မွေးတိရစ္ဆာန်အသင်းဥက္ကဋ္ဌ ဦးအောင်ခိုင်သန်းက ပြောသည်။

မန္တလေးမြို့မှ လာရောက်ယှဉ်ပြိုင်သည့် ကိုဝေလင်းအောင်ကလည်း "သူငယ်ချင်းတွေက ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖို့ တိုက်တွန်းတဲ့အတွက် လာရောက်ယှဉ်ပြိုင်တာပါ။ ဒီခွေးကို အတော်ဂရုစိုက်ပြီး မွေးမြူခဲ့ရတယ်။ ကျွန်တော့်ခွေးက အရောင်ကလည်း အတော်ရှားတဲ့အတွက် ဆုရရှိခဲ့တာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုပြိုင်ပွဲသည် (၅)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအချင်းချင်း ရင်းနှီးချစ်ကြည်မှုများ တိုးတက်ရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းဆင်း

**ဟားခါး ဒီဇင်ဘာ ၂၇**

ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို ရည်ရွယ်၍ ချင်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သင်ကြားသော မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၄ ရက်က ဟားခါးမြို့နယ် ဆတ္တားကျေးရွာ၌ ကျင်းပသည်။

သင်တန်းတွင် ချင်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးဖွန်မှုန်က ဘာသာရပ် ခုနစ်ခုကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး မော်တော်ဆိုင်ကယ်များကိုသာ အဓိကထားအသုံးပြုနေရသော ဒေသဖြစ်သည်နှင့်အညီ ဒေသခံသင်တန်းသား ၁၅ ဦးတို့ စိတ်ပါဝင်စားစွာသင်ယူခဲ့ကြကာ သင်တန်းအထောက်အကူပြုပစ္စည်းများ အခမဲ့ဖြစ်ကြောင်း သိရသည်။

အဆိုပါ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက် )**



# သပိတ်ကျင်းမြို့နယ် ကြာညှပ်-မြင်သာ ဆိပ်ကမ်းတွင် ထင်းလှေများဖြင့် စည်ကား

**သပိတ်ကျင်း ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကြာညှပ်-မြင်သာကျေးရွာရှိ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် ထင်းအရောင်းအဝယ် လုပ်ငန်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ်အတွင်းနှင့် မိုးမိတ်မြို့နယ်အတွင်းမှ သစ်ပင်များကို ခုတ်လှဲပြီး အပိုင်းပိုင်းဖြတ်ယူကာ ထင်းခွဲခြမ်းအဖြစ် ရယူ၍ စက်လှေများဖြင့် မန္တလေးဈေးကွက်သို့ ပို့ဆောင်နေကြောင်းသိရသည်။ စက်လှေတစ်စင်းလျှင် စက်လှေအမျိုးအစားအလိုက် ထင်းခွဲခြမ်း နှစ်သိန်းကျော်အထိ တင်ဆောင်နိုင်ပြီး ထင်းခွဲခြမ်းတစ်ခြမ်းကို နှစ်ဆယ့်ခုနစ်ကျပ်အထိ အရောင်းအဝယ်ရှိကြောင်း သိရသည်။

"ဒီဒေသမှာရှိတဲ့ ထောက်ကြံ့၊ သန်း၊ နှော အစရှိတဲ့ ခွဲခြမ်းရလွယ်တဲ့အပင်တွေကို အပိုင်းပိုင်းဖြတ်ယူပြီး ထော်လာဂျီယာဉ်တွေနဲ့ မြစ်ဆိပ်ကို အရောက်သယ်ပို့ပြီး ၁၀ လက်မခန့်ရှိတဲ့ခွဲခြမ်းဖတ်တွေဖြစ်အောင် ခုတ်ယူပါတယ်။ ခွဲခြမ်းတစ်ခုကို ခွဲခအဖြစ် ငွေကျပ်နှစ်ဆယ်ရပြီး တစ်နေ့ကို ငွေကျပ် ခုနစ်ထောင်၊ ရှစ်ထောင်ဝင်ငွေရလို့ မိသားစုအဆင်ပြေပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကြာညှပ်ကျေးရွာနှင့် မြင်သာကျေးရွာမှာ ကျေးရွာခြင်းထိစပ်လျက်ရှိပြီး ဧရာဝတီမြစ်ဘေးနှင့် မန္တလေး-ဗန်းမော် ကားလမ်းဘေးတွင် တည်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်ကာ ကုန်စည်စီးဆင်းမှုကောင်းမွန်သော ရွာကြီးများဖြစ်ကြောင်း သိရသည်။

**(စိုးနိုင်ဝင်း)**

# မန္တလေး၌ စီးပွားရေးဆိုင်ရာဟောပြောပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၇**

Hub Myanmar Company Limited မှ ကြီးမှူးကျင်းပသော Better Future Better Myanmar 2015 စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ဒီဇင်ဘာ၂၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆)လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်ရုံအလုပ်ရုံများမှ မန်နေဂျာများ၊ ဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်များမှ ဝန်ထမ်းများ၊ စီးပွားရေးပညာ အထူးပြုကျောင်းသားကျောင်းသူများနှင့် လူငယ်စီးပွားရေးစွမ်းဆောင်ရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် Hub Myanmar Co.,Ltd. မှ ဒေါက်တာထက်ဇော်လင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က Glocalization ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Decive Business Management Academy မှ Principal ဦးတင်ဇံကျော်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အခြခံများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

နိုင်ငံတော်သမ္မတ၏ အသေးစားထုတ်လုပ်ရောင်းချမှုအကောင်းဆုံး စီးပွားရေးလုပ်ငန်းဆုရ ဒေါ်သန်းသန်းဆွေ၊ ၂၀၁၅ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ တိုးတက်မှုရှိသော ကုမ္ပဏီများဆုရ ပါရမီစွမ်းအင် ကုမ္ပဏီအုပ်စုမှ ဦးပြည့်ဝထွန်း၊ Asian Business Awardဆုရ MIT မှ ဒေါက်တာထွန်းသူရသက်တို့က စီးပွားရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

■



**ထင်သာမြင်သာ ပြုပြင်စရာ**

**လူသွားလမ်းနှင့် ယာဉ်ရပ်နားရန်နေရာကိုပါ ပိတ်ဆို့ကာရံထားပြီး အပိုင်သိမ်းဆည်းထားသဖြင့် ဘုရားဖူးမော်တော်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များရပ်နားရန် အခက်အခဲဖြစ်ပေါ်ကာ လမ်းမပေါ်တွင် ယာဉ်ကျောတစ်ကြောသာ ကျန်ရှိနေတော့သည့် တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းမှ ကမ္ဘောဇဘဏ်ခွဲ ၁ မျက်နှာစာရှေ့မြင်ကွင်းကို တွေ့ရစဉ်။**

KZLM (တောင်ကြီး)

# ဖာပွန်မြို့နယ်၌ အရန်မီးသတ်သင်တန်းဆင်း

**ဖာပွန် ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်းရှိ ပြည်သူများ၏ အသက်အိုးအိမ်များ မီးဘေးကြောင့် မဆုံးရှုံးစေရန်ရည်ရွယ်ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အား လေ့ကျင့်ရေး(မွမ်းမံ) (၁/၂၀၁၅) သင်တန်းပို့ချ သင်ကြားပေးပြီးနောက် သင်တန်းဆင်းပွဲကို ဒီဇင်ဘာ၂၆ရက် နံနက် ပိုင်းက ဖာပွန်မြို့အမှတ်(၂) ရပ်ကွက် မိုးဟိန်း ခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ သင်တန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ရာ ပထမ၊ ဒုတိယ၊ တတိယဆုရ သင်တန်းသားများအား သင်တန်းဆင်း ထူးချွန်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

❐

*ဖတ်စရာ မှတ်စရာ*

# အစားထိုးမီနီဘတ်စ်တွေကို ပုံသေ ကျပ် ၂၀၀ ဘယ်သူသတ်မှတ်လိုက်တာလဲ

မဟာဗန္ဓုလလမ်းမကြီးပေါ်ရှိလမ်း (၅၀)မှတ်တိုင်မှ ပုဇွန်တောင်ဈေးမှတ်တိုင်သို့ သွားရန် ဒီဇင်ဘာ၂၂ရက် မွန်းတည့် ၁၂ နာရီခန့်က အားဆေးကြော်ငြာများကပ်ထားသော အမှတ်(၃၃)မီနီဘတ်စ်ပေါ်သို့ တက်လိုက်ပါသည်။ လွတ်နေသော ထိုင်ခုံ၌ထိုင်ရင်း ပုဇွန်တောင်ဈေးတစ်ယောက်ဟုပြောပြီး ယာဉ်နောက်လိုက်သို့ တစ်ရာတန်တစ်ရွက်ပေးလိုက်ပါသည်။

၎င်းတွင် ဦးထုပ်နောက်ပြန်ဆောင်း၊ အင်္ကျီဖိုးရိုးဖားရားဝတ်ထားသူ ယာဉ်နောက်လိုက်လူငယ်က "ဒါ ဒီဇယ်ကား တစ်ရာနဲ့မရဘူး။ တက်တာနဲ့ နှစ်ရာပဲ၊ မစီးချင်ပြန်ဆင်း"ဟု ပြောရာ စာရေးသူက "ရှေ့မှတ်တိုင်ဆင်းမှာပါကွာ"ဟု ပြန်ပြောသော်လည်း "ဘယ်နှမှတ်တိုင်စီးစီး တက်တာနဲ့နှစ်ရာပဲ။ သုံးရာလည်း ပိုမတောင်းဘူး၊ နှစ်ရာပုံသေပဲ" ဟု ပြန်ပြောသဖြင့် "သုံးရာမတောင်းတာဘဲ ကျေးဇူးတင်ရဦးမည်"ဟု စိတ်ထဲတွင် ရေရွတ်ပြီး တစ်ရာတန်နှင့် နှစ်ရာတန် ပြန်လဲပေးလိုက်ပါသည်။ သို့နှင့် ဗိုလ်တထောင် ဘုရားလမ်းနှင့် ဗန္ဓုလလမ်းမီးပွိုင့်တွင်ရပ်ပြီး လူတင်ရာတက်လာသော ခရီးသည်တစ်ဦးက "ပုဇွန်တောင်ဈေး"ဟုပြောပြီး တစ်ရာပေးရာ ယာဉ်နောက်လိုက်က ထုံးစံအတိုင်း "ဒီဇယ်ကား တစ်ရာနဲ့မရဘူး၊ နှစ်ရာပေး မစီးနိုင်ရင်ဆင်းသွား"ဟု ပြောရာ ထိုအမျိုးသားက ဆင်းမည်ဟု ပြောသဖြင့် ကားဆရာကို ကားရပ်ပေးလိုက် တစ်ရာမပေးနိုင်လို့ဆင်းမယ်ဟု လှမ်းပြောပါသည်။ ထိုခရီးသည်လည်း ကားရပ်ပေးသဖြင့် ပြန်ဆင်းသွားပါသည်။ ဒါတောင် ယာဉ်နောက်လိုက်လူငယ်က ထုံးစံအတိုင်း ဒီဇယ်ကားနှစ်ရာကျပ်အကြောင်း ဆက်ပြောနေပါသည်။ ယာဉ်မောင်းကတော့ မည်သို့မျှဝင်ရောက်ပြောဆိုခြင်းမရှိပေ။

ထို့ကြောင့် မိမိလည်း ယာဉ်နောက်လိုက်ကို မှတ်တမ်းတင်ရန်အတွက် ဖုန်းကိုအသုံးပြုပြီး ဗီဒီယိုရိုက်လိုက်ပါသည်။ ကားအတွင်း၌ ယာဉ်စီးခနှုန်းထား၊ မထသဖုန်းနံပါတ်စသည်တို့ကို ကပ်ထားခြင်းမရှိကြောင်း တွေ့ရပါသည်။ ထို့နောက် ပုဇွန်တောင်ဈေးမီးပွိုင့်တွင် ဈေးတွင်ဆင်းမည့် ခရီးသည်များကို ဆင်းခိုင်းသဖြင့် မိမိလည်း ကားပေါ်မှ ဆင်းခဲ့ရပါသည်။

သို့နှင့် အဆိုပါ (၃၃)မီနီဘတ်စ်ကားတိုင်း ပုံသေကျပ်နှစ်ရာကောက်ခံနေမှု ရှိ၊ မရှိ သေချာစေရန်အတွက် နောက်တစ်နေ့ မွန်းလွဲ ၁ နာရီတွင် ပုဇွန်တောင်ဈေးမှ (၃၃)မီနီဘတ်စ်ကို ရွေးစီးခဲ့ပါသည်။ ဗီဒီယိုရိုက်မှတ်တမ်းတင်ရန် ဟန်းဖုန်းကိုအသင့်ဖွင့်ပြီး ကားပေါ်တက်ခဲ့ပါသည်။ နောက်ဆုံးခုံတွင်ထိုင်ပြီး ကားခတောင်းသော ယာဉ်နောက်လိုက်ကို "ပုဇွန်တောင်ဈေးကနေ လမ်း (၅၀) မှတ်တိုင်ကိုဘယ်လောက်လဲ"ဟု မေးပါသည်။ ယာဉ်နောက်လိုက်က ကျပ် ၂၀၀ ဟုဖြေပါသည်။ "တစ်မှတ်တိုင်တည်းစီးတာလည်း ကျပ် ၂၀၀ ပဲလား။ ၁၀၀ မဟုတ်ဘူးလား" ဟုထပ်မေးရာ ယာဉ်နောက်လိုက်က "စိတ်ချမ်းသာရင်စီးသွား"ဟု ခနဲ့တဲ့တဲ့ပြောပြီး ၂၀၀ယူသွားပါသည်။ ဒီဇင်ဘာ ၂၂ ရက်ကစီးသော မီနီဘတ်မှာ (YGN) -4F/---ဖြစ်ပြီး ဒီဇင်ဘာ ၂၃ ရက်စီးသော မီနီဘတ်စ်မှာ 4I/--- ဖြစ်ပါသည်။

စာရေးသူသိထားသည်မှာ (၃၃)မီနီဘတ်စ်များသည် မထသ(၃၃)ဘတ်စ်ကားကြီးများနေရာတွင် အစားထိုးဝင်ရောက်မောင်းနှင်သည့် ကားများဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် မထသအနေဖြင့် မည်သည့်ယာဉ်လိုင်းအသစ်ကိုမျှ အထူးကား ကျပ် ၂၀၀ အဖြစ် ပြေးဆွဲခွင့်ပြုခဲ့ခြင်းမရှိပါ။ မထသမှ တရားဝင်ခွင့်ပြုထားသည်မှာ မထသ အထူးကား ကျပ် ၂၀၀ များမှလွဲ၍ ကျန်ဘတ်စ်ကားလိုင်းများ၏ အခြေခံယာဉ်စီးခမှာ ခရီးစဉ်တစ်ဖြတ်လျှင် ငွေကျပ် ၅၀ ဖြစ်ပါသည်။ အစားထိုးမီနီဘတ်စ်ယာဉ်များကိုလည်း ခရီးစဉ်တစ်ဖြတ်လျှင် ကျပ် ၅၀ သာ ခွင့်ပြုထားပါသည်။ သို့ရာတွင် ဘတ်စ်ကားယာဉ်လိုင်းတိုင်းက ယာဉ်စီးခကို အနိမ့်ဆုံး ကျပ်တစ်ရာ တောင်းခံနေသဖြင့် ဘတ်စ်ကားစီးသူများကလည်း အလိုက်တသိ ကျပ် ၅၀ အစား တစ်ရာပေးနေကြခြင်းဖြစ်ပါသည်။

သို့သော်လည်း ရလေ လိုလေ အိုတစ္ဆေဆိုသည့်အတိုင်း တရားဝင် ကျပ် ၅၀ ခရီးကိုတရားမဝင် ကျပ်တစ်ရာတောင်းနေရာမှ ယခုအခါတွင် လောဘတက်၍ ကျပ်၂၀၀ တောင်းနေကြခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ကားယာဉ်နောက်လိုက်များ ပါးစပ်ထဲရှိသည့်နှုန်းဖြင့် ယာဉ်စီးခတောင်းခံနေခြင်းအပေါ် မည်သူကမျှ စစ်ဆေးအရေးယူပေးနေသည်ကို မတွေ့ရပေ။ လူစည်ကားပြီး ဘတ်စ်ကားလိုင်းပေါင်းစုံရပ်တန့်နေသော ပုဇွန်တောင်ကားဂိတ်တွင်လည်း တာဝန်ကျ မထသဝန်ထမ်းများထားရှိသည်ကို မတွေ့ရှိသကဲ့သို့ ကားပေါ်တွင်လည်း ယာဉ်စီးခ နှုန်းထား၊ မထသ ဖုန်းနံပါတ်များတပ်ထားသည်ကို မတွေ့ရပေ။ ထို့ပြင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်စသည်တို့မှာလည်း မည်သည့်အခါမျှ ယူနီဖောင်းဝတ်ထားခြင်းမရှိဘဲ တိုင်စာတက်လာသောအခါတွင် ပြစ်မှုကျူးလွန်သူ(ယာဉ်စီးခပိုတောင်းသူ၊ ရိုင်းပျစွာဆက်ဆံသူ)မှာ သူတို့အဖော်ခေါ်လာသော သူများဖြစ်ကြောင်း အကြောင်းပြပြီး ရှောင်ထွက်သွားလေ့ရှိပါသည်။

ထို့ကြောင့်လည်း ရန်ကုန်မြို့တွင်းရှိ ဘတ်စ်ကားလိုင်းများ၏ စည်းကမ်းပျက်မှုမှာ တစ်နေ့တခြားဆိုးရွားလာနေခြင်း ဖြစ်သည်။ ခရီးသည်များမှာ ယာဉ်စီးခနှုန်းထားကိုလည်းမသိ၊ ခရီးစဉ်ပိုင်းဖြတ်သည့် မှတ်တိုင်များကိုလည်းမသိ ဖြစ်နေရပါသည်။ ခရီးစဉ်ပိုင်းဖြတ်မှု၊ ယာဉ်စီးခနှုန်းထားများနှင့် မကျေနပ်လျှင်တိုင်ကြားရန် မထသ၊ တိုင်းဒေသကြီး အစိုးရတို့၏ ဖုန်းနံပါတ်များကို ကားမှတ်တိုင်များတွင် ဆိုင်းဘုတ်များ၌ ရေးသားစိုက်ထူပြီး အများပြည်သူများသို့ အသိပေးသင့်ပါသည်။ သို့မှသာ ခရီးစဉ်ပိုင်းဖြတ်မှု၊ ကားခပိုတောင်း၍ အငြင်းပွားရမှုများ လျော့နည်းပပျောက်သွားမည် ဖြစ်ပါသည်။ ယာဉ်စီးခနှုန်းထားကို လိမ်လည်ပြီး ပိုတောင်းသော ယာဉ်နောက်လိုက်များအား လိမ်လည်မှုဖြင့် မထသမှ အမှုဖွင့်ပြီး အရေးယူပါက ထိုပြဿနာများပြေလည်သွားမည်ဖြစ်ပါသည်။

ယခုတွေ့ကြုံရသော တစ်မှတ်တိုင်စီးရုံဖြင့် မီနီဘတ်စ်များကို ကျပ် ၂၀၀ တောင်းရန် မည်သူကခွင့်ပြုခဲ့သည်ကို စာရေးသူမသိပါ။ ယာဉ်နောက်လိုက်ပြောသလို အမှန်တကယ်တက်တာနှင့် ငွေကျပ် ၂၀၀ တောင်းရန် သူတို့ယာဉ်လိုင်းကပဲ ခွင့်ပြုခဲ့သလား၊ တိုင်းဒေသကြီး အစိုးရကပဲခွင့်ပြုခဲ့သလားဆိုတာ စာရေးသူမသိပါ။ ထို့ကြောင့် စာရှုသူအပေါင်းက သိရှိလျှင် ဖြေပေးစေလိုပါသည်ခင်ဗျား။ စာရေးသူမေးလိုသော မေးခွန်းကတော့ **"အစားထိုးမီနီဘတ်စ်များကို ပုံသေငွေကျပ် ၂၀၀ တောင်းရန် ဘယ်သူက သတ်မှတ်လိုက်တာလဲ"** ဆိုတဲ့ မေးခွန်းပါခင်ဗျား။ ။

**(လင်းကိုကို)**


# ချင်းပြည်နယ်အထိမ်းအမှတ် တောင်ဇလပ်နှင့် ချယ်ရီပင်များ လှိုင်လှိုင်ပွင့်၍ ထိန်းသိမ်းစောင့်ရှောက်သင့်

ဖိုးဟောဆာ



**တီးတိန် ဒီဇင်ဘာ ၂၇**

ချင်းပြည်နယ်ကိုဖော်ကျူးသည့် ချင်းပြည်နယ်၏ အမှတ်သင်္ကေတဖြစ်သော တောင်ဇလပ်နှင့် ချယ်ရီပန်းများအများဆုံး ဖူးပွင့်သော တီးတိန်မြို့နယ် ကနေဒီတောင် (Thangmual) ခေါ် လေသာတောင်ကြောတစ်လျှောက်တွင် ခရီးသွားဧည့်သည်များအား ကြိုဆိုလျက် နှစ်စဉ်နှစ်တိုင်း ဧည့်ဝတ်မပျက် မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ပွင့်နေပြီဖြစ်ကြောင်း သိရသည်။



ပင်လယ်ပြင်အမြင့် ၈၈၇၁ ပေရှိသော ကနေဒီတောင်သည် ချင်းပြည်နယ်(မြောက်ပိုင်း)တွင် အမြင့်ဆုံးဖြစ်ကာ ဒေသအလှကို အကောင်းဆုံးမြင်တွေ့နိုင်သည့် နေရာဖြစ်သဖြင့် ခရီးသွားလုပ်ငန်းအတွက် များစွာအထောက်အကူပြုနိုင်သည့် ဒေသဖြစ်ကြောင်း၊ ယခုအခါ ချင်းတောင်ပေါ်တွင် တစ်နှစ်ထက်တစ်နှစ် သစ်တော၊သစ်ပင်များ ခုတ်ထွင်နေမှုကြောင့် ပြုန်းတီးလာပြီး ရာသီဥတုဖောက်ပြန်လာကြောင်း၊ အအေးပိုင်းဒေသပေါက်ပင်တစ်မျိုးဖြစ်သည့် ပြည်နယ်၏ သင်္ကေတပြု တောင်ဇလပ်နှင့် ချယ်ရီပန်းပင်များမှာလည်း တဖြည်းဖြည်းပြုန်းတီးစပြုလာပြီဖြစ်ကြောင်း၊ ယင်းတို့ကြောင့် သစ်တော၊ သစ်ပင်ပန်းမန်များ ချစ်မြတ်နိုးပြီး ထိန်းသိမ်းတတ်လာစေရန် ယခုလိုလုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေရာ လျာထားချက်များတွင် ကနေဒီတောင်ထိပ်လည်း ပါဝင်ကြောင်း၊ ကနေဒီဒေသ သစ်တောပြန်လည်ထူထောင်ရေးအတွက် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကလည်း များစွာလိုအပ်နေပြီး ချင်းတောင်ရှိ တောင်ဇလပ်၊ ချယ်ရီပင်များခုတ်ယူမှုကို တားဆီးကာကွယ်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးမှုများကိုလည်း ဆက်လက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ကနေဒီတောင် စိမ်းလန်းစိုပြည်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးငင့်ရှင်းခွာလ် (ခ) ဦးလှိုင်အောင်က ပြောသည်။

"တောင်ဇလပ်နဲ့ ချယ်ရီပန်းတွေက နှစ်စဉ် ဒီဇင်ဘာနဲ့ ဇန်နဝါရီနှစ်ဆန်းပိုင်းမှာပွင့်တယ်။ လမ်းဘေးအပင်ကြီးတွေမှာ ပွင့်နေတဲ့ တောင်ဇလပ်၊ ချယ်ရီပန်းတွေကို ခရီးသွားတွေက အမှတ်တရဆိုပြီး အကိုင်းခုတ်တယ်။ ချိုးတယ်။ ခူးပြီးရင်လည်း ပန်းမန်တွေက ကလေးမြို့ အပူပိုင်းဒေသကို ရောက်တာနဲ့ သိပ်မကြာဘူး ညှိုးသွားတယ်။ ချင်းပြည်နယ်အလှက တောင်ဇလပ်နဲ့ ချယ်ရီပန်းပဲရှိတာ။ ချင်းပြည်နယ်ကို ပြည်တွင်းပြည်ပခရီးသွားတွေလာကြတာဆိုတော့ သဘာဝအလှအပနဲ့ ရှုခင်းကောင်းကောင်းကြည့်နိုင်မယ့်နေရာက ကနေဒီတောင်ကြောတစ်လျှောက်ပဲရှိတယ်"ဟု ၎င်းကပင် ပြောသည်။

ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်အာရုံကို ဆွဲဆောင်နိုင်သည့် သဘာဝအခြေခံခရီးသွား ဒေသတစ်ခုဖြစ်လာစေရန်ရည်ရွယ်ကာ ဒေသသာယာလှပရေးအတွက် ၂၀၁၂ ခုနှစ်မှ စတင်၍ ကနေဒီတောင်စိမ်းလန်းစိုပြည်ရေးအဖွဲ့ ဖွဲ့စည်းပြီး အာလွယ်ကျေးရွာတွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ချယ်ရီ၊ ခါတော်မီ၊ ထင်းရှူးစသည့်အပင် နှစ်သောင်းရှိ နှစ်ဧကကို ကနေဒီဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံများ၏ ဘဝနေထိုင်မှုလိုအပ်ချက်အတွက် သစ်တောပြုန်းတီးမှုဖြစ်ပေါ်နေသည့် နေရာများတွင် ပြန်လည်ပျိုးထောင်စိုက်ပျိုးခြင်းနှင့် လှုံ့ဆော်ထိန်းသိမ်းခြင်းဖြင့် လည်းကောင်း၊ တောင်ဇလပ်နှင့် ချယ်ရီသစ်ပင်ပန်းမန်များ ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ တီးတိန်မြို့နယ် လိုင်ဘုံကျေးရွာ ရေကြီးမြေပြိုမှုတွေ၊ ၂၀၁၄ ခုနှစ် တွီးဆောက်ကျေးရွာမှာ တောင်ပြိုပြီး ရွှံ့ညွှန်ချောင်းစီးတာတွေ၊ ဒီနှစ် ၂၀၁၅ ခုနှစ်မှာ ချင်းပြည်နယ် တွန်းဇံမြို့နယ် တွီးခိန်ဇန်(ဟားခါးလေး)မှာ ရွှံ့ညွှန်ချောင်းစီးတာနဲ့ ကလေးမြို့မှာ ကြီးမားတဲ့မကြုံစဖူး သဘာဝဘေးအန္တရာယ် ရေကြီးရေလျှံမှုတွေကလည်း ဒီအကျိုးဆက်တွေပါတယ်။ ကလေးမြို့ကို စီးတဲ့ မြစ်ချောင်းတွေက အဲဒီကနေဒီတောင်ကြောမှာ ချောင်းဖျားခံတာဖြစ်ပြီး တောင်ပေါ်မှာ သစ်ပင်တွေပြုန်းတီးတော့ တောင်ပြိုတယ်။ အဲဒီမြေတွေက ချောင်းထဲကိုရောက်ပြီး ရေတိုက်စားတာတွေ၊ ရေကြီးတာတွေဖြစ်လာတယ်။ ၁၉၉၃ ခုနှစ်ကနေစပြီး ကနေဒီဒေသမှာ သစ်ခုတ်တာတွေရှိလာတယ်။ အရင်ကတော့ အဲဒီတောမှာ ကျားတွေ၊ ရှားပါးငှက်မျိုးတွေလည်း ကျက်စားဖူးတယ်။ ဒါ့အပြင် ချင်းပြည်နယ်ရဲ့အမှတ်သညာဟာ အောက်ချင်းငှက်ဖြစ်ပြီး ချင်းပြည်နယ်ရဲ့ သဘာဝအလှဟာ တောင်ဇလပ်နဲ့ ချယ်ရီပန်းဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုတွေကြောင့် အမှတ်သညာဖြစ်တဲ့ အောက်ချင်းငှက်နဲ့ သဘာဝအလှကို ဖော်ကျူးတဲ့ တောင်ဇလပ်နဲ့ ချယ်ရီလည်း ပျောက်ကွယ်လုနီးဖြစ်နေပါပြီ။ နောက်ပြီး ကနေဒီတောင်တန်းဟာ တီးတိန်မြို့နဲ့ ကဘော်ချိုင့်ဝှမ်းရဲ့ ရေသောက်မြစ်ဖြစ်တယ်။ ကနေဒီတောင်ပြုန်းတီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝဘေးဒဏ်ကျရောက်မှုဟာ ကလေးကဘော်ကို တိုက်ရိုက်ဆိုသလို ရိုက်ခတ်လာပါတယ်။ ဒါကြောင့် အခုလိုမျိုးအဖွဲ့ ဖွဲ့စည်းထားခြင်းပဲဖြစ်ပါတယ်"ဟု အဖွဲ့ဥက္ကဋ္ဌက ဆက်လက်ပြောပြသည်။

ချင်းပြည်နယ်ရှိ ဒေသခံတို့မှာ ယခုနှစ် ဆောင်းနံနက်ခင်းတွင် နှင်းမှုန်များအကြား လှလှပပ ဝေဝေဆာဆာ ဖူးပွင့်နေသော တောင်ဇလပ်ပန်းနှင့် ပန်းချယ်ရီတို့၏ တစ်မူထူးခြားသော ရသတစ်ခုကို ခံစားနေရပြီဖြစ်သလို ဤအချိန်အခါဝယ် ချင်းတောင်ပေါ်မြေသို့ ကြွလှမ်းခဲ့ပါက မြေပြန့်သူတို့နှင့် ပြည်တွင်းပြည်ပ ဧည့်သည်တို့ကို တောင်ဇလပ်နှင့် ချယ်ရီပန်းတို့က ဧည့်ဝတ်ကျေစွာ ကြိုဆိုနေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မြိတ် ဒီဇင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်နယ်မြေ မြို့သစ်(၅)ရပ်ကွက်ရှိ မြန်မာရေနံထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် သိုလှောင်ဖြန့်ဖြူးရောင်းချရေးဌာန(ခွဲ)၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင် မီးသတ်ဦးစီးအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဇော်ဝင်းက မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဇာတ်တိုက်လေ့ကျင့်ရခြင်းအကြောင်းများကို အကျယ်တဝင့်ပြောကြားသည်။ မြန်မာ့ရေနံထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ ဌာနမှူး ဒု-လက်ထောက်ညွှန်ကြားရေးမှူး ဦးဆင့်ကိုကိုက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းများကို သန္ဓေမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၃၅ ဦးတို့က သရုပ်ပြပြီး မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် ဝန်ထမ်းများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေလင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူး ဦးစိုးသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး၊ ဒု-ရဲမှူးဝင်းနိုင်တို့ တက်ရောက်ကြပြီး မီးငြိမ်းသတ်ရေးနှင့်ပတ်သက်၍ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၂၇၈)



## မြန်မာ-အိန္ဒိယ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး ပဒေသာကပွဲ ကျင်းပ အိန္ဒိယရိုးရာလက်မှုအနုပညာပစ္စည်းများနှင့် စာအုပ်များပြသ

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ မြန်မာ- အိန္ဒိယယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ မြန်မာ-အိန္ဒိယယဉ်ကျေးမှုပဒေသာကပွဲနှင့် အိန္ဒိယရိုးရာလက်မှုအနုပညာပစ္စည်းများနှင့် စာအုပ်များပြသပွဲကို ဒီဇင်ဘာ၂၆ ရက် ညနေ ၆ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆)လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မဏိပူရယဉ်ကျေးမှုအဖွဲ့က အိန္ဒိယရိုးရာအဆို၊အကများဖြင့် လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာအဆို၊ အကများဖြင့် လည်းကောင်း၊ မြန်မာ့ရုပ်စုံသဘင်ဖွံ့ဖြိုးရေး အသင်းဥက္ကဋ္ဌ ဒေါ်မမနိုင်နှင့်အဖွဲ့က ရုပ်စုံသဘင်ဖြင့် လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာအကများဖြင့်လည်းကောင်း၊ မဏိပူရယဉ်ကျေးမှုအဖွဲ့များက ရာမဇာတ်တော်ကြီးဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

မြန်မာ-အိန္ဒိယ ယဉ်ကျေးမှုပဒေသာကပွဲအပြီးတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်တို့သည် ဖျော်ဖြေတင်ဆက်သော အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။




ထို့နောက် ဧည့်သည်တော်များသည် အမျိုးသားကဇာတ်ရုံပတ်လည်တွင် ခင်းကျင်းပြသထားသော အိန္ဒိယရိုးရာအနုပညာပစ္စည်းများနှင့် စာအုပ်ပြသမှုများကိုလည်းကောင်း၊ မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွား အမျိုးသမီးအဖွဲ့များက နိဗ္ဗာန်ဈေးဖွင့်ကာ အိန္ဒိယအစားအစာများ ရောင်းချနေမှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် သံရုံးအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ဂီတပညာဌာနပါမောက္ခနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မြန်မာ့ရုပ်စုံသဘင်ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌနှင့် အနုပညာရှင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွားများ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# မယ်စကြဝဠာဆုရှင် ဖိလစ်ပိုင်အလှမယ်က ကိုလံဘီယာအလှမယ်ထံ စာရေးသားပေးပို့



ဖိလစ်ပိုင်အလှမယ်(ဝဲ)နှင့် ကိုလံဘီယာအလှမယ်(ယာ)တို့ မယ်စကြဝဠာဆုရှင် ကြေညာချိန်ကို စောင့်ဆိုင်းနေစဉ်။

ယခုနှစ် မယ်စကြဝဠာပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပပြီးစီးခဲ့ပေမယ့် ယင်းပြိုင်ပွဲကြီးမှာ မယ်စကြဝဠာဆုရှင်ကို မှားယွင်းကြေညာခဲ့မိခြင်းအပေါ် ရိုက်ခတ်ခဲ့တဲ့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေရဲ့တုံ့ပြန်မှု ဂယက်တွေကတော့ မပြီးဆုံးနိုင်သေးပါဘူး။ ယခုလိုလွဲမှားခဲ့မှုအတွက် မယ်စကြဝဠာဆုရှင်အဖြစ်မှားယွင်းကြေညာခံခဲ့ရပြီး သရဖူနဲ့ လွဲခဲ့ရတဲ့ ကိုလံဘီယာအလှမယ်အပေါ် ကရုဏာသက်ကာ သရဖူကို ပိုင်ဆိုင်ခွင့်ရသွားတဲ့ ဖိလစ်ပိုင်အလှမယ်အပေါ် တိုက်ခိုက်မှုတွေနဲ့ အလှမယ်နှစ်ဦးရဲ့ ပရိသတ်များအကြား အပြန်အလှန်တိုက်ခိုက်မှုတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေခဲ့ပါတယ်။

သို့သော် ကာယကံရှင်တွေဖြစ်ကြတဲ့ ကိုလံဘီယာအလှမယ်နဲ့ ဖိလစ်ပိုင်အလှမယ်နှစ်ဦးကတော့ အွန်လိုင်းကနေတစ်ဆင့် တစ်ဦးနဲ့တစ်ဦး အပြန်အလှန်အားပေးနှစ်သိမ့်တဲ့စာတွေပို့ကြရင်း သူတို့ရဲ့မေတ္တာတရားကို ဖော်ပြခဲ့ကြပါတယ်။ ကိုလံဘီယာအလှမယ်က ပြိုင်ပွဲအပြီးနောက်တစ်နေ့မှာ မယ်စကြဝဠာဆုရှင် ဖိလစ်ပိုင်အလှမယ်ထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း စာရေးသားပေးပို့ခဲ့ပါတယ်။ ဖိလစ်ပိုင်အလှမယ်ကလည်း သူတို့နှစ်ဦးဟာ အမြဲစည်းစည်းလုံးလုံးနဲ့မခွဲတမ်းရှိနေမည်ဖြစ်ကြောင်း သူ့ရဲ့အင်စတာဂရမ်စာမျက်နှာနဲ့ မယ်စကြဝဠာအဖွဲ့ကြီးရဲ့ ဖေ့စ်ဘွတ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဒီဇင်ဘာ ၂၆ရက် (သောကြာနေ့)က ဖိလစ်ပိုင်အလှမယ် ဝက်ဇ်ဘာ့ချ်က "အေရီရက်ဒ်ရေ မင်းဟာအံ့သြဖွယ်ကောင်းပြီး ထူးခြားတဲ့အမျိုးသမီးတစ်ဦးပါ။ ဒီထူးခြားတဲ့ အတွေ့အကြုံလေးနဲ့အတူ တို့နှစ်ယောက်ဟာလည်း မခွဲစတမ်းအမြဲစည်းစည်းလုံးလုံးရှိနေကြမယ်နော်။ လွန်ခဲ့တဲ့ သီတင်းပတ်သုံးပတ်အတွင်း တို့တွေအတူ ရှိခဲ့စဉ်မှာ မင်းဟာ ရုပ်ရည်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာမှာပါ ဘယ်လောက် လှပမွန်မြတ်ပြီး ခိုင်မာတယ်ဆိုတာကို ငါတွေ့မြင်ခဲ့ရပါတယ်။ မင်းဟာ မင်းရဲ့တိုင်းပြည်အတွက် ဂုဏ်သိက္ခာကို အမှန်တကယ်ဖော်ပြပေးနိုင်ခဲ့တဲ့သူတစ်ဦးဖြစ်လို့ မင်းနိုင်ငံမှာရှိတဲ့လူတိုင်းက မင်းအတွက် ဂုဏ်ယူနေကြမယ်ဆိုတာ ငါကောင်းကောင်းခံစားလို့ရပါတယ်။ ကံကြမ္မာက မင်းအတွက်အကွက်ချဖန်တီးခဲ့ပေမယ့် မင်းရဲ့တုံ့ပြန်မှုတွေကြောင့် ငါတကယ်ကို စိတ်လှုပ်ရှားခဲ့ရပါတယ်"လို့ ကိုလံဘီယာအလှမယ်ထံကို အွန်လိုင်းမီဒီယာကနေတစ်ဆင့် စာရေးသားပေးပို့ခဲ့ပါတယ်။

ဆက်လက်ပြီး ဝက်ဇ်ဘာ့ချ်က "ဒီလွဲမှားခဲ့မှုအတွက် တိုက်ခိုက်နေကြတဲ့ ကျွန်မရဲ့ပရိသတ်တွေကိုလည်း ရပ်တန့်ပေးဖို့တောင်းဆိုချင်ပါတယ်။ အခုလို နှစ်ဖက်ပရိသတ်တွေ အပြန်အလှန်ငြင်းခုန်ကာ အမုန်းတရား တိုးပွားစေတဲ့စာတွေရေးသားတိုက်ခိုက်နေကြခြင်းဟာ မယ်စကြဝဠာအဖွဲ့ကြီးရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ကမ္ဘာတစ်ဝန်းက ကိုယ်စီစွမ်းအားတွေရှိကြတဲ့ အမျိုးသမီးတွေကို စည်းလုံးစေလိုတဲ့ ရည်ရွယ်ချက်ကို ဖျက်ဆီးရာ ရောက်နေပါတယ်"လို့ ဖော်ပြခဲ့ကြောင်း အေ့စ်ရှိုးဘေ့ဒ်ဓါ့ကွန်းမှာ ရေးသားတင်ပြထားပါတယ်။

# ကိုးနှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ဖျော်ဖြေတင်ဆက်မှုဆုကိုရရှိခဲ့တဲ့ ကင်မ်ဂျွန်မင်



တောင်ကိုရီးယားတေးသံရှင်နှင့် အကပညာရှင်တစ်ဦးဖြစ်သည့် ကင်မ်ဂျွန်မင်သည် သူ၏ အနုပညာသက်တမ်းကိုးနှစ်အတွင်း KBS ရုပ်သံလိုင်းမှ ပေးအပ်သော ဖျော်ဖြေတင်ဆက်မှုဆုကို ပထမဦးဆုံးအကြိမ် လက်ခံရရှိခဲ့ကြောင်း စွန်ပီဒေ့ါကွန်းက ဒီဇင်ဘာ ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

ကင်မ်ဂျွန်မင်သည် တေးဂီတဖျော်ဖြေပွဲနှင့် ဖျော်ဖြေတင်ဆက်မှုဆုအတွက် ချီးမြှင့်သည့် အကောင်းဆုံးဖျော်ဖြေတင်ဆက်မှုဆုကို တေးသံရှင် ပါ့ခ်မြောင်စိုးနှင့် တွဲဖက်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုကို လက်ခံရယူအပြီးတွင် ကင်မ်က "ဒီဆုရတဲ့အတွက် ကျွန်တော်အလွန်ဝမ်းသာပါတယ်။ ပထမတော့ ကျွန်တော်တွေးမိတာက ကျွန်တော့အနေနဲ့ တေးသံရှင်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုရင်ပိုကောင်းလိမ့်မယ်လို့။ ဒါပေမယ့် ပရိသတ်တွေက ကျွန်တော်ဟာ အဆိုတော်တစ်ဦးထက် ဖျော်ဖြေတင်ဆက်မှုအပိုင်းမှာ ပိုပြီး ပါရမီပါတယ်လို့ ပြောကြတယ်။ ဒါကြောင့် ကျွန်တော် အကပညာရှင်တစ်ဦးအဖြစ် အနုပညာလမ်းခရီးကို ရှေ့ဆက်ဖို့ရွေးချယ်ခဲ့တယ်။ ပြီးခဲ့တဲ့ ကိုးနှစ်တာကာလမှာတော့ ဆုမရရှိခဲ့ပါဘူး။ ဒါကြောင့် ဖျော်ဖြေတင်ဆက်မှုအတတ်ပညာဟာ ကျွန်တော့်အတွက် မဟုတ်ဘူးလို့ ထင်ခဲ့မိတာ။ အခုလိုပရိသတ်ပေးတဲ့ဆုရတော့မှ သက်ပြင်းချနိုင်တော့တယ်။ နောက်ဆုံးတော့ ကျွန်တော်အောင်မြင်ခဲ့ပါပြီ" ဟု ပြောကြားခဲ့သည်။



# လမ်းခွဲလိုက်ပြီဖြစ်တဲ့ သယ်ဝိခ်ကန်ဒ်နဲ့ ဘယ်လာဟတ်ဒစ်

နာမည်ကျော် ဟောလိဝုဒ်စုံတွဲတစ်တွဲဖြစ်တဲ့ ပေါ့ပ်အဆိုတော် သယ်ဝိခ်ကန်ဒ်နဲ့ မော်လ်ဒယ်တစ်ဦးဖြစ်သူ ဘယ်လာဟတ်ဒစ်တို့ဟာ လအတော်ကြာချစ်သူတွေဖြစ်ခဲ့ကြပြီး လတ်တလောမှာတော့ တစ်ဦးအပေါ်တစ်ဦးအပြန်အလှန်စွပ်စွဲချက်တွေနဲ့လမ်းခွဲခဲ့ကြပြီဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ယခုနှစ် မေလကစတင်ပြီး ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ကြတာပါ။ ဒါပေမယ့် ချစ်သူတွေဖြစ်ပြီး မကြာခင်မှာပင် များပြားလွန်းလှတဲ့ သူတို့ရဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် တစ်ယောက်ကိုတစ်ယောက်အချိန်မပေးနိုင်ဖြစ်ခဲ့ကြရပါတယ်။ အဲဒီကနေတစ်ဆင့် အခုလိုဝမ်းနည်းစွာလမ်းခွဲခဲ့ရတဲ့ အခြေအနေအထိ ဖြစ်လာခဲ့ရတာပါ။

အသက် (၂၅)နှစ်အရွယ် သယ်ဝိခ်ကန်ဒ်နဲ့(၁၉)နှစ်အရွယ် ဘယ်လာတို့ဟာ သူတို့နှစ်ဦးကြားက ဆက်ဆံရေးကို ယခုနှစ်ခရစ္စမတ်မတိုင်မီက အဆုံးသတ်ခဲ့ကြတာဖြစ်ပါတယ်။ လတ်တလောမှာ ဘယ်လာဟာခရစ္စမတ်ကို မိသားစုနဲ့အတူ ဖြတ်သန်းလျက်ရှိပြီး သယ်ဝိခ်ကန်ဒ်ကတော့ သူ့ရဲ့ တေးဂီတဖျော်ဖြေပွဲအတွက် မိုင်ယာမီကို ရောက်ရှိနေကာ အဲဒီနေရာမှာပဲ စင်မြင့်နောက်ကွယ်က မိန်းကလေးပရိသတ်တွေနဲ့ သူ့ရဲ့ ခရစ္စမတ်နေ့ကို ကုန်ဆုံးစေခဲ့ပါတယ်။ ဒါ့အပြင် ခရစ္စမတ်အကြိုနေ့က သူ့ရဲ့သီချင်းသစ်နှစ်ပုဒ်ဖြစ်တဲ့ "Low Life" နဲ့ "Pass Dat" တို့ကိုလည်း ခရစ္စမတ်လက်ဆောင်အဖြစ် စတင်ထုတ်လွှင့်ခဲ့ကာ လတ်တလောမှာတော့ တေးဂီတအပေါ်သာ အာရုံစိုက်နေပါတယ်။

သယ်ဝိခ်ကန်ဒ်ဟာ ယခုနှစ်ဂရမ်မီဆုပေးပွဲကြီးရဲ့ ဆုလျာထားစာရင်းမှာ ဆုအရေအတွက်အများဆုံးနဲ့ အမည်စာရင်းတင်သွင်းခြင်းခံထားရတဲ့ အဆိုတော်တစ်ဦးလည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၈ - ၁၂ -၂၀၁၅ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၁) |
| ၆း၂၀ | ပြည်သူ့နီတိ "ပင်အို" |
| ၆း၄၀ | ဝတ်စားဆင်ယင်မှုပြပွဲ |
| ၆း၅၀ | တေးဂီတအစီအစဉ် |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၂၇) |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၆၆) |
| ၈း၃၅ | ငယ်မူပြန်ပန် သူ့ဆိုဟန်(ခင်ယုမေ) |
| ၈း၅၀ | မြန်မာဗီဒီယိုဇာတ်လမ်း "မင်္ဂလာပါ ဆရာမ" (ပထမပိုင်း) (မြင့်မြတ်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ- နေပိုင်) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | ASEAN China Cultural Show |
| ၁၀း၂၀ | မြန်မာဗီဒီယိုဇာတ်လမ်း "(၇)ရက် အတွင်းရည်းစားရနည်း" (နေမင်း၊ ရွှေမှုံရတီ) (ဒါရိုက်တာ- ပြည်ဟိန်း သီဟ) |

တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့ စကားသံများ |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၃၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၉း၅၅ | တစ်ခုတည်းသော အသိုက်အဝန်းကို ဖော်ဆောင်နေတဲ့ အာဆီယံ |
| ၁၀း၃၅ | အနုပညာအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၅၅) |
| ၁း၂၀ | Tasty Trip (ဟားခါးမြို့နှင့် ဈေးဟောင်း ရပ်ကွက်) |
| ၁း၅၀ | ဂီတတံခါးလေးဖွင့်ပါဦး |
| ၃း၃၅ | ပြည်သူတို့ရဲ့ စကားသံများ |
| ၄း၁၅ | Colour of ASEAN(4) (Cambodia & Myanmar) |
| ၄း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၆း၃၅ | ရာမည‌မြေမှ ခရီးသွားလုပ်ငန်း |
| ၆း၄၅ | စည်းလုံးခြင်းမှသည် လွတ်လပ်ရေးသို့ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း- ၁၆) |
| ၈း၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | Thilawa SEZ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ - နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ ဆု"(အပိုင်း-၅၆) -Channel Zero (အပိုင်း-၅) |

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၅ | မှတ်တမ်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | ရှေးဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈း၃၅ | မြဝတီနေ့စဉ်သတင်း |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၀၅ | တစ်ပတ်အတွင်း မွေးမြူရေးသတင်း |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၁၅ | ရင်ခုန်စရာအမှောင်ကမ္ဘာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၈၄) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သီးခြားချစ်လိပ်ပြာ အပိုင်း(၅၂) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း မိုးလေဝသသတင်း ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် မေးမြန်းစူးစမ်း ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝသစ်ရဲ့လင်းရောင်စဉ် အပိုင်း(၁၄) |

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ရတနသုတ် |
| ၅း၄၀ | "ဗုဒ္ဓဘာသာတို့၏ ယုံကြည်ချက်အကြောင်းတရား"တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၄) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၇၈) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၀ | ခေတ်သစ်ပျို့မေ |
| ၁၁း၀၅ | သွားမယ် စားမယ်(ရှမ်းရိုးရာစားသောက်ဆိုင်) |
| ၁၁း၃၀ | Forever Music Tribute Bossa (အပိုင်း-၂) (ပထမပိုင်း) |
| ၁၁း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၄) |
| ၁၂း၃၀ | တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ မဟာဗောဓိစေတီတော်မြတ်နှင့် အခြားဖူးမြော်စရာ သတ္တဋ္ဌာန တန်ခိုးကြီးမားဘုရားစေတီ ပုထိုးများ) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅၅) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါ စံအိမ်" (အပိုင်း-၂၆) |
| ၈း၂၀ | Drive It |
| ၈း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၇၉) |
| ၉း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၅) |
| ၁၀း၁၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၃၀ | MRTV-4 Stage |
| ၁၀း၅၅ | World of Knowledge (Doomsday Preppers:Nine Meals Away From Anarchy) |

# ဆောက်သမ်တန်ကို လေးဂိုးပြတ်ရှုံးခဲ့ခြင်းကြောင့် ဇယားထိပ်၌ ဦးဆောင်ခွင့် အာဆင်နယ်လွဲချော်

ပရီမီယာလိဂ်ပွဲစဉ်(၁၈)အဖြစ် ဆောက်သမ်တန်အသင်းနှင့် အာဆင်နယ်အသင်းတို့ ဒီဇင်ဘာ ၂၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်သမ်တန်အသင်းက အာဆင်နယ်အသင်းကို အိမ်ကွင်း၌ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဂီရော့ဒ်၊ ဝဲလ်ကော့၊ အိုဇေးလ် တို့ကို တိုက်စစ်အတွဲအဖြစ် အသုံးပြုကာ ပွဲထွက်လာခဲ့သည့် အာဆင်နယ်အသင်းသည် ပွဲကစားချိန် ၁၉ မိနစ်မှာပင် အိမ်ရှင်ဆောက်သမ်တန်အသင်း၏ ဦးဆောင်ဂိုးသွင်းယူခြင်းကိုခံခဲ့ရသည်။ အာဆင်နယ်အသင်းသည် ချေပဂိုးသွင်းယူရန် အကြိတ်အနယ်ကစားခဲ့သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးထပ်မံပေးလိုက်ရသည်။ အာဆင်နယ်အသင်းသည် ချေပဂိုးတစ်ဂိုးမျှ ပြန်လည်သွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ပေ။



အဆိုပါပွဲစဉ်တွင် ဆောက်သမ်တန်အသင်းအတွက် သွင်းဂိုးများကို မာတီနာကတစ်ဂိုး၊ ရှိန်းလောင်းက နှစ်ဂိုးနှင့် ဖွန်တီက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်(၁၈)အဖြစ် တစ်ရက်တည်းကစားခဲ့သည့် လက်စတာစီးတီးအသင်းသည် လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ယင်းရှုံးနိမ့်မှုကို အခွင့်ကောင်းယူကာ အာဆင်နယ်အသင်း အမှတ်ပေးဇယားကို ဦးဆောင်နိုင်မည်ဖြစ်သော်လည်း အာဆင်နယ်အသင်းသည် ဆောက်သမ်တန်အသင်းကို လေးဂိုးပြတ်ရှုံးပွဲကြုံခဲ့ခြင်းကြောင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခွင့်နှင့် လွဲခဲ့ရသည်။

ထို့ကြောင့် ပွဲစဉ်(၁၈)အပြီးတွင် လက်စတာစီးတီးအသင်းသည် ရမှတ် (၃၈) မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး အာဆင်နယ်အသင်းမှာမူ ရမှတ် ၃၆ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိသည်။

**ငွေကြယ်။**

## ဒီဇင်ဘာ ၂၈ ရက်ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်များ

### ပရီမီယာလိဂ်ပွဲစဉ်များ

| | | | |
|---|---|---|---|
| နော့ဝှစ်ချ် | - | အက်စတွန်ဗီလာ | ၉း၃၀ |
| ဝက်စ်ဘရွန်း | - | နယူးကာဆယ် | ၉း၃၀ |
| အဲဗာတန် | - | စတုတ်စီးတီး | ၉း၃၀ |
| ခရစ္စတယ်ပဲလေ့စ် | - | ဆွမ်ဆီး | ၉း၃၀ |
| ဝက်ဖို့ဒ် | - | စပါး | ၉း၃၀ |
| အာဆင်နယ် | - | ဘုန်းမောက် | ၁၂း၀၀ |
| မန်ယူ | - | ချယ်လ်ဆီး | ၁၂း၀၀ |
| ဝက်စ်ဟမ်း | - | ဆောက်သမ်တန် | ၁၂း၀၀ |

### ချန်ပီယံရှစ်ပွဲစဉ်များ

| | | | |
|---|---|---|---|
| ဘော်လ်တန် | - | ဘလက်ဘန်း | ၇း၁၅ |
| ဘာမင်ဂမ် | - | MKဒွန်းစ် | ၉း၃၀ |
| ဘန်လေ | - | ဘရစ္စတိုးလ်စီးတီး | ၉း၃၀ |
| ချာလ်တန် | - | ဝုလ်ဖ် | ၉း၃၀ |
| ပရက်စတန် | - | ဟားလ်စီးတီး | ၉း၃၀ |
| QPR | - | ဟတ်ဒါဖီးလ် | ၉း၃၀ |
| ရက်ဒင်း | - | ဘရန့်ဖို့ဒ် | ၉း၃၀ |
| မစ်ဒယ်ဘရော့ | - | ရှက်ဖီးဝင်းစ်ဒေး | ၁၁း၄၅ |

**မောင်မောင်ဇော်။**

## လှုပ် လှုပ် ရှား ရှား ပြည် တွင်း အား က စား

### အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ဝမ်းတွင်း ဒီဇင်ဘာ ၂၇**

၂၀၁၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် အသက်(၁၃)နှစ်နှင့်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇွန်လှိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စွာလင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီဌာန ဦးစီးအရာရှိ ဒေါ်ထက်ထက်ဝင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်စခန်းမှူးဒုရဲမှူးသိန်းနိုင်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ ဘောလုံးအဖွဲ့ကော်မတီများ၊အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ဘောလုံးအသင်း(၁၆)သင်း ယှဉ်ပြိုင်ကစားခဲ့ရာ ဗိုလ်လုပွဲတွင် ငွေကြယ်ဘောလုံးအသင်းနှင့် ရေဆုံးဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ငွေကြယ်ဘောလုံး အသင်းကအနိုင်ရရှိသွားခဲ့သည်။ ဆက်လက်၍ဆုပေးပွဲကျင်းပရာ နေရာ အလိုက်ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုချီးမြှင့်ပေးခြင်း၊ ပထမဆု ကျပ် ၈၀၀၀၀၊ ဒုတိယဆု ကျပ် ၅၀၀၀၀၊ တတိယဆု ကျပ် ၃၀၀၀၀ နှင့်အတူ ဆုဖလားအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဒွေးလှိုင်(ဝမ်းတွင်း)**

### ဒီဇင်ဘာလ အားကစားပြိုင်ပွဲများ ပျော်ရွှင်စွာ ဆင်နွှဲ

**မကွေး ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ အားကစားလ၏ နောက်ဆုံးပတ်ဖြစ်သည့် ယနေ့ နံနက် ၅ နာရီက မကွေးမြို့ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်ရာ တောင်တွင်းလမ်း-မြို့ပတ်လမ်း- ပြည်တော်သာလမ်း-ဗိုလ်ချုပ်လမ်းမှတစ်ဆင့် မကွေးခရိုင်အားကစားကွင်းအတွင်းသို့ဝင်ရောက်ပြီး ကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ကြသည်။

ဆက်လက်ပြီး မြို့ပတ်တာဝေးအပြေးပြိုင်ပွဲကို လမ်းငါးသွယ်အဝိုင်းရှေ့တွင် ဆက်လက်ကျင်းပရာ အမျိုးသား ၁၅၀ နှင့် အမျိုးသမီး ၁၅၀ တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ တာဝေးပြိုင်ပွဲတွင် အမျိုးသားပထမဆုကို သရက်မြို့နယ်၊ ဒုတိယဆုကို ထီးလင်းမြို့နယ်၊ တတိယဆုကို သရက်မြို့နယ်မှလည်းကောင်းရရှိပြီး အမျိုးသမီးပထမဆုကို မင်းဘူး၊ ဒုတိယဆုကို အောင်လံနှင့် တတိယဆုကို ဆောမြို့နယ်များမှ ရရှိခဲ့သည်။

ထို့နောက် လွန်ဆွဲပြိုင်ပွဲများ၊ သံပြားပစ်ပြိုင်ပွဲများ၊ လှံတံပစ် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပြည်သူများ တပျော်တပါး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

✱ ကျော်ဖုံးမှ

Free rider အဖွဲ့မှ မန်နေဂျာ ကိုအောင်ဝင်းထွန်းက ပြောသည်။

"နိုင်ငံတကာမှာ သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ အတွေ့အကြုံအရ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးချင်တဲ့ဆန္ဒနဲ့ ဒီ MFR အသင်းကိုဖွဲ့စည်းပြီး ၂၀၁၂ ခုနှစ်ကတည်းက စတင် ကျင်းပခဲ့တာပါ။ စတင်ကျင်းပခဲ့စဉ်က ပြိုင်ပွဲဝင်ဦးရေ ၁၀၀ မကျော်ပေမယ့် တစ်နှစ်ထက်တစ်နှစ်များပြားလာပြီး ဒီနှစ်မှာတော့ ၃၀၀ ကျော်တဲ့အထိ တိုးတက်လာတာကို တွေ့ရပါတယ်။ ဒီပြိုင်ပွဲမှာ ထူးခြားချက်အနေနဲ့ကတော့ မန္တလေးကို လာရောက်လည်ပတ်ကြတဲ့ ကနေဒါ၊ အိုင်ယာလန်နဲ့ လန်ဒန်နိုင်ငံတွေက ဧည့်သည်တွေပါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့အပြင် အငယ်ဆုံး အသက် (၉) နှစ်ကနေ အကြီးဆုံး အသက် (၇၈) နှစ်ရှိတဲ့ သူတွေပါ အားတက်သရောဝင်ပြိုင်ကြတာကို တွေ့ရပါတယ်"ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် အသက်(၆၀)နှင့် အထက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကနေဒါနိုင်ငံသားတစ်ဦးက "ပြိုင်ပွဲကျင်းပဖို့ ကြေညာထားတဲ့ ပိုစတာကိုဖတ်မိပြီး ဝင်ပြိုင်တာပါ။ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရောက်လာပြီး မန္တလေးမြို့မှာ ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရလို့ ပျော်ရွှင်ရပြီး အမှတ်တရလည်း ဖြစ်သွားပါတယ်။ နောက်နှစ်တွေလည်း ဒီပြိုင်ပွဲကို ယှဉ်ပြိုင်ဖို့လာခဲ့ပါဦးမယ်"ဟု ပြောကြားသည်။

ထို့နောက် နံနက် ၉ နာရီတွင် Down Hill ပြိုင်ပွဲကို နိုင်ငံတကာအဆင့်မီကျင်းပနိုင်ရန် စီစဉ်ဖောက်လုပ်ထားသည့် မီတာ(၁၅၀၀) အရှည်ရှိ အားကစားကွင်းတွင် ကျင်းပသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ခြင်းကို နံနက် ၁၁ နာရီတွင် ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် အစောဆုံးပန်းဝင်သူ ၁၀ ဦးကို ရွေးချယ်၍



ပထမဆုကျပ်သုံးသိန်း၊ ဒုတိယဆုကျပ်နှစ်သိန်း၊ တတိယဆုကျပ်တစ်သိန်း၊ စတုတ္ထဆုကျပ်ခုနစ်သောင်း၊ ပဥ္စမဆုကျပ်ငါးသောင်း အသီးသီးချီးမြှင့်ပြီး ပြိုင်ပွဲဝင် ငါးဦးအား နှစ်သိမ့်ဆုအဖြစ် ငွေကျပ်သုံးသောင်းစီချီးမြှင့်ခဲ့သည်။ အသက်(၆၀) နှစ်အထက် ပြိုင်ပွဲဝင် ၁၇ ဦးနှင့် အမျိုးသမီးပြိုင်ပွဲဝင် ၁၃ ဦးတို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကိုတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် MFR တာဝန်ရှိသူတို့က အသီးသီးပေးအပ်ကာ ပြိုင်ပွဲဝင်အားလုံးအား ငွေကျပ် ၂၁ သိန်းတန် BMW စက်ဘီးအပါအဝင် ပစ္စည်းအမျိုးပေါင်း ၂၀၀ ကျော် ကံစမ်းမဲဖောက်ပေးခဲ့သည်။

### စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၇**

၂၀၁၅ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၆ နာရီခွဲက မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ မုံရွာဂေါက်ကလပ်တွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးသင်းလှိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာကိုယ်စားပြု၊ မြို့နယ်ကိုယ်စားပြု ဂေါက်သီးရိုက်အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

"ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပတာပါ။ ဒီနှစ်ပြိုင်ပွဲမှာ အမျိုးသား၊အမျိုးသမီးပြိုင်ပွဲဝင်တွေလည်းပါတယ်။ ဆုအနေနဲ့ကတော့ တံခွန်စိုက်ဆု အသင်းလိုက် အကျော့ပေး၊ အကျော့မဲ့ တစ်ဦးချင်းအကျော့ပေး၊ အကျော့မဲ့၊ အမျိုးသမီးပြိုင်ပွဲ၊အဝေးဆုံးရိုက်ချက်(တစ်ဦးချင်း)၊ လိုင်းနဲ့အနီးဆုံးဆု၊အပင်နှင့် အနီးဆုံးရိုက်ချက်ဆုတွေပေးဖို့စီစဉ်ထားပါတယ်"ဟုပြိုင်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားအသင်းများအား နှုတ်ဆက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စမုတ်ဘောအားလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က အဖွင့်ဂေါက်သီးနှစ်လုံးရိုက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

"ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်တာ နှစ်ကြိမ်ရှိပါပြီ။ ခြောက်ယောက် တစ်အုပ်စုနဲ့ပါ။ ဒီနှစ်ကပိုပြီးစည်ကားပါတယ်၊ ဂေါက်သီးရိုက်အားကစားက ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်သလို မိတ်ဆွေအပေါင်းအသင်းတွေပိုရပြီး အသိပညာတွေများစွာရရှိပါတယ်"ဟု တမူးမြို့နယ်ရွှေကဘော်ဂေါက်ကလပ်အဖွဲ့ဝင် ဦးခင်မောင်ချိုက ပြောသည်။

၂၀၁၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲသို့တိုင်းဒေသကြီးအတွင်းရှိဌာနဆိုင်ရာ ကိုယ်စားပြုအသင်းများ၊ မြို့နယ်ကိုယ်စားပြုအသင်းများ စုစုပေါင်း ၃၅ သင်းမှပြိုင်ပွဲဝင်အားကစားသမားအမျိုးသား အမျိုးသမီး ၂၅၇ ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ဆိုင်ကယ်နှင့်ပွတ်တိုက်မိရာမှ ခရီးသည်တင်ယာဉ်တိမ်းမှောက် ယာဉ်ပေါ်လိုက်ပါလာသူ ၁၆ ဦး ဒဏ်ရာရ

**တောင်ငူ ဒီဇင်ဘာ ၂၇**

တောင်ငူမြို့ အနောက်ဘက်ငါးမိုင်ခန့်အကွာ ညောင်ကိုင်းကျေးရွာအနီး တောင်ငူမြို့နှင့် အမြန်လမ်းကို ဆက်သွယ်ဖောက်လုပ်ထားသော ကွန်ကရစ်လမ်းတွင် ဒီဇင်ဘာ၂၅ ရက် မွန်းလွဲ ၂ နာရီခန့်က ဆိုင်ကယ်နှင့် ခရီးသည်တင်ယာဉ်တို့ပွတ်တိုက်မိပြီး ယာဉ်တိမ်းမှောက်ကာ ခရီးသည် ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့မှ စပါးကြွယ်ကျေးရွာဘက်သို့ တောင်ငူမြို့ ကြက်တည်(၃)ရက်ကွက်နေ အောင်ကိုဦး မောင်းနှင်သည့် 5H/----ကင်ဒါခရီးသည်တင်ယာဉ်သည် အရှေ့မှအနောက်သို့ ကွန်ကရစ်လမ်းအတိုင်း မောင်းနှင်လာစဉ် ညောင်ကိုင်းကျေးရွာ အနောက်ဘက်ထိပ် အရောက်တွင် လမ်းတောင်ဘက်ရှိ လယ်ကွင်းဘက်မှ ကံတရာကျေးရွာနေ အောင်စိုးဦး(ခ)စိုးပေ မောင်းနှင်ပြီး နောက်တွင် တစ်ရွာတည်းနေ ကျော်လင်း စီးနင်းလိုက်ပါလာသော နံပါတ်မပါ လော်ဂျားဆိုင်ကယ်နှင့်ပွတ်တိုက်မိကာ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာကြသည့် ခရီးသည် ၁၆ ဦးတွင် ဒဏ်ရာများရရှိခဲ့ပြီး တောင်ငူအမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စစ်ကိုင်းမြို့၌ သစ်လုံးတန်(၆၀) လိမ်လည်သွားသူအား အရေးယူ

**စစ်ကိုင်း ဒီဇင်ဘာ ၂၇**

ခင်မင်ရင်းနှီးသူဖြစ်၍ စိတ်ချယုံကြည်စွာ အပ်နှံလိုက်သော သစ်လုံးတန် ၆၀ (တန်ဖိုးငွေကျပ် ၂၆၁၃၀၀၀၀)ကို စာချုပ်ချုပ်ဆို၍ ပေးအပ်လိုက်ပြီး ကတိအတိုင်း ငွေပေးချေခြင်းမပြုဘဲ လိမ်လည်ယူသွားသည့် ဖြစ်စဉ်တစ်ရပ် စစ်ကိုင်းမြို့၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်နေ ဦးလေးမြင့်သူသည် စစ်ကိုင်းမြို့ ဇေယျာရပ်ကွက် နယ်မြေ(၃)နေ ဒေါ်အေးအေးမြင့် (၅၃)နှစ်ထံမှ သစ်လုံးများ ဝယ်ယူနေသူဖြစ်သည့်အတွက် စိတ်ချယုံကြည်သောကြောင့် သစ်လုံးတန် ၆၀ ကို စက်တင်ဘာ ၃ ရက်က ဒေါ်အေးအေးမြင့်ထံမှ ဝယ်ယူရာ သစ်လုံးဖိုးငွေများကို နိုဝင်ဘာ ၃၀ ရက်တွင် ပေးချေရန် ပျက်ကွက်ပါက သစ်လုံးများနှင့် စာရွက်စာတမ်းများကို ဒေါ်အေးအေးမြင့်ထံသို့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း ကတိစာချုပ်ချုပ်ဆိုပေးခဲ့ပြီး သစ်လုံးများ သယ်ယူသွားခဲ့သည်။

နိုဝင်ဘာ ၃၀ရက်တွင် ဒေါ်အေးအေးမြင့်က ဦးလေးမြင့်သူနေအိမ်သို့ သွားရောက်တောင်းခံရာ ဦးလေးမြင့်သူကမပေးနိုင်ကြောင်း ပြောခဲ့သည်။

သို့ပါ၍ သစ်လုံးတန် ၆၀ (တန်ဖိုးငွေကျပ် ၂၆၁၃၀၀၀၀) ကို ယုံကြည်အောင် ပြောဆိုရယူသွားပြီး ပေးဆပ်ခြင်းမရှိဘဲ လိမ်လည်သွားသည့် ဦးလေးမြင့်သူအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# လင်းခေးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ပြား သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လင်းခေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၄ ရက်က လင်းခေးမြို့ မြို့မအနောက်ရပ်ကွက်ရှိ တင်အေး(ခ)လုံးဝိ၏ တောင်ယာတဲကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ပြား၊ တူမီးသေနတ် နှစ်လက်နှင့် တူမီးသေနတ် ပစ်ခတ်ရာတွင် အသုံးပြုသည့်ခဲသီး ၁၀ လုံးတို့ကို သိမ်းဆည်းရမိသဖြင့် တင်အေး(ခ) လုံးဝိ (၆၂) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**တင်အေး(ခ)လုံးဝိအား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ကုန်တင်ယာဉ်နှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

**ရေတာရှည် ဒီဇင်ဘာ ၂၇**

တောင်ငူခရိုင် ရေတာရှည်မြို့နယ် မြို့လှကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းတွင် ဒီဇင်ဘာ၂၆ ရက် ည ၁၁နာရီ မိနစ် ၅၀ ခန့်က ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တို့မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်စီးနင်းသူ သေဆုံးသွားကြောင်း သိရသည်။

ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ပုဗ္ဗသီရိမြို့နယ် အေးမေတ္တာအုပ်စု တံတားဦးကျေးရွာနေ ကိုမျိုး မောင်းနှင်လာသော 8H/------JAC ခြောက်ဘီးကုန်တင်ယာဉ်သည် မြို့လှကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာအနီး ကားလမ်းမိုင်တိုင်အမှတ် (၂၁၃/၁-၂) အကြားအရောက် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဆပ်သေကျေးရွာအုပ်စုနေ ချစ်ကိုကို မောင်းနှင်လာသည့် LANJAN 110 ၄၇ယ/--- ဖြင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မိမှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ချစ်ကိုကိုတွင် ဒဏ်ရာများရရှိပြီးနေရာတွင် သေဆုံးသွားခဲ့၍ မြို့လှနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုလွင်**

## ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ
သံအမတ်ကြီး ဦးတင်ထွန်း(ငြိမ်း)-ဒေါ်နန်းဖောင်း
တို့၏သားငယ်

**မောင်သက်ဆွေထွန်း**

B.A (English), B.Sc (Hons.), University of Kent, UK
M.D, Zino Tech Co.,Ltd.

နှင့်

နေပြည်တော်၊ တပ်ကုန်းမြို့နေ
ဦးမြင့်သိန်း-ဒေါ်ရီရီမြင့်(ရွှေကျားမင်း ဆန်ရောင်းဝယ်ရေး)တို့၏သမီးကြီး

**မထွန်းပပဝင်း**

B.A (English), Diploma in Mass Communication, Singapore
Assistant Producer, BBC Media Action

တို့၏ ၁၀-၁၂-၂၀၁၅ ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော နေပြည်တော်၊ တပ်ကုန်းမြို့၊ မြို့နယ်တရားသူကြီး ဦးအောင်ကျော်ဦးနှင့် အသိသက်သေများအားလည်းကောင်း၊ ၂၆-၁၂-၂၀၁၅ရက် ရန်ကုန်မြို့၊ Sule Shangri-La Hotel ၌ ကျင်းပသည့် မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ အောင်သန်းထွဋ်(ငြိမ်း)နှင့် ဇနီး ဒေါ်ချယ်ရီတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ရပ်နီး၊ ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေးသီဆိုချီးမြှင့်ပေးသော တေးသံရှင်ဒေါ်ချိုပြုံးနှင့် New Heaven Music Band၊ သတို့သားအရံများဖြစ်သော မောင်ကျော်ထက်နှင့် မောင်ဖြိုးဇာနည်ဝင်း၊ သတို့သမီးအရံများဖြစ်သော မယဉ်မင်းသူနှင့် နန်းပင်းတစ်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မရှုမဝခင်၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မငုရည်ထွေး၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ် ရတနာများ ဆင်မြန်းပေးပါသော ကိုစိုးမင်းနိုင်-မဇာဇာသဲဦး Zar & Diamonds, Gems & Jewellery၊ မင်္ဂလာဝတ်စုံများပြင်ဆင်ပေးပါသော Designer နားနား(မြောက်ကျွန်းသူပိုးထည်တိုက်)၊ မိတ်ကပ်ဆံပင် မေဦးမောင်(တော်ဝင်သူ)၊ ဓာတ်ပုံနှင့်ဗီဒီယို အေးဇော်မိုး(ဖြိုးမိုးသိခ်)၊ မင်္ဂလာအခမ်းအနားအား အစအဆုံး အောင်မြင်စွာ ကူညီဆောင်ရွက်ပေးကြသော Sule Shangri-La Hotel မှ ဝန်ထမ်းများအားလည်းကောင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း ကျေးဇူး ဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သက်ဆွေထွန်း-မထွန်းပပဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၅၄၊ မြေကွက်အမှတ်(၃၅၉/ခ)၊ (၃၅၉/က)၊ မြေကွက်တည်နေရာ အမှတ်(၁၀၁)၊ လှော်ကားလမ်း၊ ဒဂုံတောင်မြို့နယ်၊ ဦးမြင့်သိန်း အမည်ပေါက် ပါမစ်မြေအား ဦးမြင့်သိန်းထံမှ ၁-၇-၂၀၁၃ ရက်စွဲပါ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်ဝင်း[၁၂/ကတတ(နိုင်)၀၀၀၅၅၃]မှ ဂရန်သစ်လျှောက်ထားလာရာ တင်ပြပါမစ်တွင် မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ ရာဇဝင်အကျဉ်းချုပ်စာရွက်သာ မူရင်းတင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးသူများ၏ မှီခိုသူများစာရင်းစာရွက်သည် မိတ္တူမှန်သာတင်ပြနိုင်၍ ပါမစ်ရှိ စာရွက်အချို့ပျောက်ဆုံးသွားကြောင်း ကျမ်း ကျိန်လွှာ ၉-၄-၂၀၁၄ ပါမစ်ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ ၉-၄-၂၀၁၄ ပါမစ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာများ တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တစ်ချက်တည်းကျင်းဝင်သွားပါကြောင်း

ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း(ငြိမ်း)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်းအတွင်း၌ ၂၆-၁၂-၂၀၁၅ ရက် ၁၇း၃၀ နာရီတွင် ကစားဖော်များဖြစ်ကြသော ဦးသက်ထွေး၊ ဦးကျော်နိုင်စိုး၊ ဦးညီညီမောင်၊ ဦးမြင့်ဇော်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)၊ ၁၆၃ကိုက်အကွာမှ Titleist No.(3) ဘောလုံးကို Taylarmade Iron No(6) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ရန်ကုန်မြို့တော်ဂေါက်ကွင်း**

ဦးအောင်ဟိန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)
ဆရာဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)ဖွင့်ပြီ
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
● 392468
09517184

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၆၊ မြေကွက်အမှတ်(၁၁၄၅)၊ မြေကွက်တည်နေရာအမှတ်(၁၁၄၅)၊ ရွှေရတနာလမ်းသွယ်လမ်း၊ ရွှေလင်ပန်းကျေးရွာအုပ်စု လှိုင်သာယာ(ဒေါ်ဇူလိုင်မြင့်) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်ဇူလိုင်မြင့်ထံမှ အရပ်ကတိအရောင်းစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဌေးဌေးလွင်[၁၄/ရကန(နိုင်)၀၅၆၄၀၆၂]မှ ပါမစ်တွင် ရေစိုပျက်စီးနေသော ဓာတ်ပုံ၊ ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာ ချထားပေးခံရသူများ၏ မှီခိုသူများစာရင်းမူရင်းတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဒါနဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် 800 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ (၄) ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 700 USD + ၅၀၀၀၀ိ/-
(၁၅)ရက်ခရီးစဉ်များ - ဒီဇင်ဘာ ၂၀ ဇန်နဝါရီ ၃၊ ၁၇ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇ ဧပြီ ၃၊ ၁၀ (၈)ရက်ခရီးစဉ်များ - ဧပြီ ၁၀
ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
ဖုန်း - 545215, 545216, 555173
09 402 64 8989, 09 5300305

"ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"
(၁၁) ညအိပ် (၁၂) ရက်ခရီးစဉ်အထူးဈေးနှုန်းဖြင့် ကုသိုလ်ယူပို့ဆောင်ပေးပါမည်။
(၁) ၁၅ . ၂ . ၂၀၁၆ ၊ (၂) ၂ . ၃ . ၂၀၁၆ ၊ (၃) ၁၄ . ၃ . ၂၀၁၆ ၊ (၄) ၂၀ . ၃ . ၂၀၁၆ နေ့တွင်ထွက်ခွာပါမည်။
☎ - 211944, 211953, 225915, 225989, 222720, 229313, 227702, 227703

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သောVacuum Truck (ရေပုပ်စုပ်ယာဉ်)(၈၀၀)ဂါလန်ဆံ့ (၅)စီးကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၅-၁-၂၀၁၆ရက် (၁၆း၀၀)နာရီဖြစ်ပြီး တင်ဒါပုံစံ(၁)စုံလျှင် ကျပ်၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန်အတွက် HMIS မှတ်တမ်း/ပုံစံ(၁၁)မျိုး၊ ဆေးရုံလချုပ်ပုံစံ (၃)မျိုး၊ ပြင်ပလူနာရောဂါစာရင်းပုံစံနှင့် ကလေးကျန်းမာရေးဌာနခွဲမှ IMNCI သင်တန်းတွင် အသုံးပြုမည့် လက်စွဲစာအုပ်များအား ပုံနှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇) နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာ ပုံစံများစတင်ရောင်းချမည့်ရက်-၇-၁-၂၀၁၆
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁၈-၁-၂၀၁၆ (မွန်းလွဲ၂နာရီ)

**ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၆၇-၄၃၁၀၈၅/၀၆၇-၄၃၁၀၇၇**

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲဖိတ်ကြားလွှာ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**ပြုလုပ်မည့်ရက်** -၄-၁-၂၀၁၆(လွတ်လပ်ရေးနေ့)
**ပြုလုပ်မည့်အချိန်** -နံနက် ၉း၀၀နာရီ
**ပြုလုပ်မည့်နေရာ** -အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊အောင်မြေဗောဓိမွေ့ရိပ်သာ၊ တာမွေမြို့နယ်၊
**ဆက်သွယ်ရန်ဖုန်း** -၀၉-၄၂၁၁၄၁၅၈၆၊ ၀၉-၂၅၁၁၆၉၁၃၃

**ဖြစ်မြောက်ရေးကော်မတီ**

EPI
Software ၁ သိန်း
Hardware ၁ သိန်း
ဖုန်းပြုပြင်နည်းသင်တန်း
Data 2000 GB 10% Discount
အမှတ်(၁၃၂)၊ဒုထပ်(ဝ)၊(၃၇)လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 09 25 4040 200, 09 300 47 422

EPIC Education
January Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ။
10% Early Bird Discount until 31st Dec 2015
- IELTS Preparatory Course
- Communicative English
အမှတ် ၃၁၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

Infoava Learning Centre မှ ဖွင့်လှစ်မည့်အတန်းခွဲအသစ်များ
- Professional Web Development Course (OJT Available) (200000 Kyats)
- Web Fundamental & Design Course (100000 Kyats)
- Programming in C++ for Beginner Course (40000 Kyats)
- Programming in C++ Advance Course (60000 Kyats)
- Java Standard Edition Course (200000 Kyats)



ကြော်ငြာ

ဦးအောင်အောင် LCCI
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
Level - I + II, III = 15%Dis:
(၂၃၉)၊ ၃လမ်း၊ ဘားလမ်း၊ ကျောက်တံတား။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉၉၇ ၅၁၀၃၀၀၂၊ ၀၉၇၈၅၁၀၃၀၀၂

Level - I+II

| | | | |
|---|---|---|---|
| (A) | SAT 7:00 - 8:30am SUN 26.12.2015 | (D) | THU 6:00 - 8:00pm FRI 14.1.2016 |
| (B) | THU 9:30 - 12:00am FRI 31.12.2015 | (E) | MON 7:00 - 8:30am TUE / WED 18.1.2016 |
| (C) | SUN 2:00 - 5:00pm 10.1.2016 | (F) | MON 4:00 - 6:00pm TUE 25.1.2016 |

Level- III (B) (5.1. 2016)
A/C IAS (MON, TUE12:00-2:00pm)
Cost (MON, TUE 2:00 - 4:00pm)
M A (WED 12:00- 2:00pm)
ABC (MON 10:00 -11:30am)
Stats (TUE,WED 9:30 -11:30am)

မိုးသောက်ဝန်းအဆင့်မြင့်မူကြို
(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)
"ဘယ်နေ့ပဲ တက်တက်၊ ဘယ်အချိန်ပဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ
(1) Junction စေရအိုး Ph-01-571545, 09-5126882, 09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း Ph-01-566592, 09-421008133

အကောင်းကြိုက်သူများအတွက်
သန့်
စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ ပဲဆီမွှေး၊ ရှမ်းဆန်၊ ဘာစမတီဆန်မျိုးစုံ
ရွေးချယ်သန့်စင်ပြီး(စပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။
ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။
(ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက
တစ်ပါတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။
ရွှေဘိုပေါ် ဆန်းမွှေးချို။
ဘုရင့်နောင်ပွဲရုံများ၊ ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-681209, 681504, 682934, 09 73249922

တရုတ်
ENGLISH Conversation Practice
Sayar.Yang
Great Wall
TAMWE - 540714, 09 5183636
09 49 285182

ဦးအောင်ကျော် (Tu Tu - Su Su)
နည်းပြ / သရုပ်ပြ
ဖုန်း- 250727, 09-5163884




ရန်ကုန် - ရွှေဆောင်၊ သွင်၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ မင်္ဂလာဝင်ရာ(လှိုင်သာယာ)၊ JCGV(Square & Maw Tin)၊ နဝဒေး၊ ရွှေဝဟိုရ်(တာမွေ)၊ မြရတနာ(သာကေတ)၊ မြဟံသာ(သန်လျင်)၊
မန္တလေး - မြို့မ၊ မြို့ဂုဏ်ရောင်၊ JCGV၊ ပြည်-မင်္ဂလာထွန်းသီရိ၊ နေပြည်တော်-JCGV၊ အောင်သပြေ၊ တောင်ကြီး-မြသုခ၊ ပြင်ဦးလွင်-Movie Planet၊
လားရှိုး-သိတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပုသိမ်-ရွှေပြည်တော်၊ ဘားအံ-တက်နေဝင်း၊ ထားဝယ်-အောင်မင်္ဂလာ၊ မြိတ်-မင်္ဂလာ၊ အဆင့်မြင့်ရုပ်ရှင်ရုံများတွင်တစ်ပြိုင်တည်းပြပြီ။

"အမေ" စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်
MOTHER INDUSTRIAL CO., LTD.
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဦးစွာပထမ တည်ထောင်သော
ပေါ့ပါးခိုင်ခံ့သည့် ကွန်ကရစ်ဘလောက်နှင့် ဖိအားမြင့်ခံ ကွန်ကရစ်အုတ်စက်ရုံ၊ ရန်ကုန်
(တည်နေရာ၊ ဖော့ကန်)




ပုလဲလမ်း၊ MEC တာယာစက်ရုံရှေ့၊ ဖော့ကန်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph : 09-970618300, 09-970618700 E-mail : miplant2n3@gmail.com

ဆံတော်ရှင်ကျိုက်ထီးရိုးရင်ပြင်တော်

(၃၈)ကြိမ်မြောက်

ဆီမီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ နံ့သာတိုင် (၉၀၀၀) စီ

ဆက်ကပ်လှူဒါန်းပူဇော်ပွဲကြီးကို နှစ်စဉ်ကျင်းပမြဲဖြစ်သော

( ၁-၁-၂၀၁၆ ) ရက်နေ့တွင်

လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကြပါရန်

လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ခန္တီ၊ သစ္စာ၊ သာသနာ
ဆီမီး(၉၀၀၀)အဖွဲ့


# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၂၀၁၅–၁၆ နှစ်အတွက် အသွားမရှုပ်နှင့်၊ အလျှော့ဝန်ဆောင်မှုအစီအစဉ်သစ်
အသက်သာဆုံးဈေးနှုန်းနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။

(၇)ညအိပ် (၈)ရက်ခရီး - သံဃဇနီယလေးဌာန (ဗွားဟွင့်ဟောင်း) Hotel 2 days ➔ (၉.၅)သိန်း၊
(၁၂)ရက်ခရီး - သံဃဇနီယလေးဌာန + အဋ္ဌမဟာတသုံးဌာန (အိန္ဒိယ+နီပေါ) Hotel 4 days ➔ (၁၀)သိန်း
(၁၅)ရက်ခရီး - သံဃဇနီယလေးဌာန + အဋ္ဌမဟာတလေးဌာန + နယူးဒေလီတော်ချီမဟာ Hotel 6 days ➔ (၁၁.၅)သိန်း၊
သီရိလင်္ကာ စွယ်တော် + မူလတောဝီဟင် + ဇမ်ကောက်မြဲဘုရား (၇)ညအိပ် (၈)ရက်ခရီး ➔ (၁၈)သိန်း စရိတ်ငြိမ်း

[illegible]

ဗုဒ္ဓဂယာတွင် ခါတ်လေ့ကာပါဟိုတယ်၌ တည်းခိုပြီး နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။
AI နှင့် MAI Air Bus 320 (ရန်ကုန်-ဂယာ-ရန်ကုန်)
(DVD)ခွေများကိုအခမဲ့လက်ဆောင်ယူနိုင်ပါသည်။

ထွက်ခွာမည့်ရက်များ: ၁၂ ရက်ခရီးစဉ် (Dec-28), (Jan-11,25), (Feb-8,22), (Mar-7,21),(April-12)
၁၅ ရက်ခရီးစဉ် (Dec-23),(Jan-5,19),(Feb-2,16),(Mar-1,15),(April-5,12),
သီရိလင်္ကာခရီးစဉ်များ– (Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(နံ့တံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၀၀၊ ၃၇၂၀၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉

# ပေါ်ဆန်းမွှေးသစ်ရဖြိုး

ဈေးချိုတဲ့ပေါ်ဆန်းမွှေးသစ်များရပြီ 12 ပြည်
အိတ်များဖောင်မှာပေးနေပါပြီ။
09-43334111 01-682844
09-43334222 01-682844
စိတ်ကောက်ကြည့်လင် ချွန်ပီယံပေါ်ဆန်းမွှေး

# ပုလဲ နည်းပညာတက္ကသိုလ် (TU)
ME,B.E ဝင်ခွင့်
အပြတ်
00000
နှစ်စဉ်ဝင်ခွင့်အများဆုံးရနေသည့်ကျောင်း
Section (A,B,C) ➔ 22.1.2016 (SAT) နေ့ စာစသင်မည်။





ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ်(၃)အဆန် (၄)အစုန်ရထားတွင် စားသောက်တွဲ(၂)တွဲ၊ အမှတ်(၁၁)အဆန် (၁၂)အစုန်ရထားတွင် စားသောက်တွဲ(၂)တွဲနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ်(၅၇) အဆန်(၅၈)အစုန်ရထားတွင် စားသောက်တွဲ(၂)တွဲ၊ စုစုပေါင်း စားသောက်တွဲ(၆)တွဲကို ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များသို့ သက်တမ်းကာလ (၁)နှစ်ငှားရမ်း လုပ်ကိုင်ခွင့်ပြုမည် ဖြစ်ပါသည်။

၂။ တင်ဒါပုံစံအဆိုပြုလွှာများကို စာအိတ်(က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာ အဆိုပြုလွှာကို စာအိတ်(ခ)ဖြင့်လည်းကောင်း ပြည်စုံစွာ ဖြည့်စွက်ဖော်ပြနိုင်ရေး အတွက် မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)မန္တလေးရုံးနှင့် မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇) ရန်ကုန်ရုံးတို့တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်း ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပါ ငှားရမ်းခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စီးပွားရေး)သို့ ၁-၁-၂၀၁၆ရက် ၁၂း၀၀ နာရီ နောက်ဆုံးထားပေးပို့သွားရမည် ဖြစ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တယ်လီဖုန်းအမှတ်- ၀၂-၆၆၇၆၄၊ ၀၁-၃၉၃၄၂၈၊ ၀၆၇-၇၇၀၈၃၊ ၀၆၇-၇၇၁၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ကြိုတင်ငွေပေးသွင်းခြင်းကို (၃၁.၁၂.၂၀၁၅)ရက်နေ့သို့ ထပ်မံတိုးမြှင့်ကြောင်း ကြေငြာခြင်း

## မန္တလေးတိုင်းဒေသကြီး ၊ အမရပူရမြို့နယ် ၊ ဆင်ရှာမြင်းမှူးဒေသ
## နိုင်ငံတကာအဆင့်မြင့် ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာဈေးကြီး
## Shop House (၃)ထပ်ခွဲ လူနေဆိုင်ခန်းများနှင့် ခေတ်မီ (၂)ထပ်ဈေးဆိုင်ခန်းများရောင်းချခြင်း

၁။ ဆိုင်ခန်းဝယ်ယူရန် အဆိုပြုထားသူများ (Slip ပြားရရှိသူများ) ၏ တောင်းဆိုချက်အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုတင်ငွေပေးသွင်းသည့်ရက်ကို (၃၁.၁၂.၂၀၁၅) ရက်နေ့ထိ ထပ်မံတိုးမြှင့်ပေးလိုက်ပါသည်။

၂။ Shop House လူနေဆိုင်ခန်း အကျယ်အဝန်း (20'x 30') (၃)ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၅၀၀) နှင့် (30'x 35') (၃)ထပ်ခွဲအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၈၀၀) ကို (၃၁.၁၂.၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ထားသည့် ဘဏ်များသို့ ပေးသွင်းရပါမည်။

၃။ ခေတ်မီ(၂)ထပ် ဈေးဆိုင်ခန်း အကျယ်အဝန်း (12'x12') အတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၁၅၀) ကိုလည်းကောင်း၊ (10'x 12') ၊ (8' x 12')ဆိုင်ခန်းများအတွက် ကြိုတင်ငွေ (Deposit) ကျပ်သိန်း (၁၀၀) ကိုလည်းကောင်း (၃၁.၁၂.၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ ကြိုတင်ငွေများကို ပေးသွင်းရပါမည်။

**(၃၁.၁၂.၂၀၁၅)ရက်နေ့ထိ ကြိုတင်ငွေပေးသွင်းမှုမရှိပါက ဝယ်ယူရန်အဆိုပြုထားသော စလစ်ပြားပိုင်ရှင်များအားလုံး ဆိုင်ခန်းဝယ်ယူခွင့် ပျက်ပြယ်ပြီးဖြစ်ပါသည်။**

## Shop House (၃)ထပ်ခွဲလူနေဆိုင်ခန်းနှင့် (၂)ထပ်ဈေးဆိုင်ခန်းများအတွက်မဲနှိုက်ဆောင်ရွက်ပေးမည့်အစီအစဉ်

၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ (၁)ရက်နေ့ တွင် Shop House လူနေဆိုင်ခန်းများအတွက် ကြိုတင်ငွေပေးသွင်းပြီး **"မဲနှိုက်ခွင့်ကတ်ပြား"** ကိုင်ဆောင်ထားသူများအား နံနက် (၉)နာရီမှ စတင်၍ မဲနှိုက်နေရာချထားပေးပါမည်။

၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ (၃)ရက်နေ့ တွင် ဈေးဆိုင်ခန်းများအတွက် ကြိုတင်ငွေပေးသွင်းပြီး **"မဲနှိုက်ခွင့်ကတ်ပြား"** ကိုင်ဆောင်ထားသူများအား နံနက် (၉)နာရီမှ စတင်၍ မဲနှိုက်နေရာချထားပေးပါမည်။

**"လူနေဆိုင်ခန်းများနှင့်ဈေးဆိုင်ခန်းများရောင်းချပွဲကို သတ်မှတ်ရက်အတွင်း ပိတ်ရက်မရှိ ရောင်းချပေးပါမည်။"**

**သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ မန္တလေးတိုင်းဒေသကြီး။**

**စုံစမ်းရန်ဌာန** - သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - 02 24963
- တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ Marketing Department ၊ ကျောက်စိမ်းဘုရားအနီး၊ စစ်ကိုင်း-မြစ်ငယ်ကားလမ်းဘေး။
ဖုန်း - 09 792727372 , 09 792727375 , 09 792727376 , 09 792727378 , 09 792727379
http://www.facebook.com/JadeandGemModernMarketComplex သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## အထက(၂)ကမာရွတ်(ယခင် စိန့်ဩဂတ်စတင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက(၂)ကမာရွတ်(ယခင် စိန့်ဩဂတ်စတင်း)ကျောင်းတွင် ၁၉၅၈ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော လုပ်သက်(၂၅)နှစ်နှင့်အထက် ဆရာ၊ ဆရာမများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများအား (၁၈)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ လာရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၄-၁-၂၀၁၆ရက် (စနေနေ့)
အချိန် - နံနက် ၉း၃၀ နာရီမှ ၁၁း၃၀နာရီအထိ
နေရာ - အထက(၂)ကမာရွတ်၊ နှင်းဆီခန်းမ။
ဆက်သွယ်ရန် - (၁)ဒေါ်နီနီမာ(ဒေါ်လီမြင့်သိန်း) ဖုန်း-၀၉-၅၁၀၆၉၄၇၊ (၂) ဦးပီတာဘသိန်း ဖုန်း-၀၉-၅၁၃၆၃၇၇၊ (၃) ဦးဘိုကြည် ဖုန်း-၀၉-၅၀၀၅၅၃၃၊ (၄) ဒေါ်မော်မော်မြင့် ဖုန်း-၀၉-၇၉၁၆၄၁၀၇၆၊ (၅) ဒေါ်ခင်တိုးယဉ် ဖုန်း-၀၉-၅၀၂၈၄၁၃၊

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား (Lot)အလိုက် ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | ကုန်ကြမ်း(Scrap) HMS-1 | 18,000 Tons |

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် -၂၉-၁၂-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၆-၁-၂၀၁၆ရက်၊ ၁၃း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀၊ ၀၆၇-၄၀၅၁၃၉**

## (၁၂)ကြိမ်မြောက် (၅)ရက်တရားစခန်း (နှစ်ဦးအထူးတရားစခန်း)

မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးဌေးအောင်၏ ဥပနိဿယအတိုင်း ဗုဒ္ဓနည်းနာမ်-ရုပ် လေ့ကျင့်ရေး တရားအလုပ်စခန်းအား အောက်ပါအတိုင်း ကျင်းပပါမည်။

နေ့ရက် - ၁-၁-၂၀၁၆ ရက်မှ ၅-၁-၂၀၁၆ ရက်(သောကြာနေ့မှ အင်္ဂါနေ့)
အချိန် - နံနက် ၈း၃၀နာရီမှ ၁၂း၀၀နာရီထိ
နေရာ - ကျေးလက်ဦးစီးဓမ္မာရုံ(ယခင်နယ်စပ်စည်ပင်ဓမ္မာရုံ)၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး၊ သွေးဆေးကန်ရှေ့

**ထေရဝါဒဗုဒ္ဓဒေသနာနှင့်ဝိပဿနာ ပြန့်ပွားရေးအသင်း(ရန်ကုန်)**

**ဖုန်း-၀၉-၂၅၀၂၇၉၂၉၀၊ ၀၁-၆၅၅၉၄၃၊ ၀၉-၇၃၀၇၈၃၉၄၊ ၀၉-၄၅၀၀၆၃၇၀၅**

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

### ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသည့်လုပ်ငန်းဆိုင်ရာအသင်း(၄)သင်း၏ နှစ်ပတ်လည်အစည်းအဝေးများကျင်းပမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းနှင့် မြန်မာနိုင်ငံ ငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများ အသင်းများ၏ နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၃ရက် နံနက်၉နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဆိုပါ အသင်း(၄)သင်းမှ အသင်းဝင်များအနေဖြင့် ဖိတ်ကြားစာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မင်္ဂလာဈာပနအသင်းချုပ်

## မင်္ဂလာတရားတော်သင်တန်း

ရွှေတိဂုံစေတီတော်၊ အာဇာနည်လမ်း၊ ဗဟန်း၊ မင်္ဂလာဈာပနအသင်းချုပ်၊ ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားများ၏ ယဉ်ကျေးမှုသည် ပိဋကတ်သုံးပုံ၏အနှစ်ချုပ်ဖြစ်သည့်မင်္ဂလာတရားတော်တွင် မူတည်ပါသဖြင့် ဗုဒ္ဓအဆုံးအမဖြစ်သော (၃၈)ဖြာ မင်္ဂလာတရားတော်သင်တန်းအား သင်တန်းမှူးဆရာတော် ဘဒ္ဒန္တဝါယာမသာရ (သာသနဓဇ ဓမ္မာစရိယ M.A.(Q)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဥဘတောဝိဘင်္ဂရေ)က (၉.၁.၁၆)မှ(၆.၃.၁၆)အထိ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် (၈း၃၀)နာရီမှ (၁၁း၀၀)နာရီအထိ၊ ဓမ္မဒါန သင်ကြား ပို့ချပေးမည်ဖြစ်ပါသဖြင့် ဓမ္မမိတ်ဆွေများ မင်္ဂလာတရားတော်ပြန့်ပွားရေးအတွက် ကုသိုလ်ပြုတက်ရောက်သင်ယူနိုင်ကြပါသည်။
(သင်တန်းဝင်ခွင့်အားအချိန်မီဆက်သွယ်လျှောက်ထားပါရန်။)

အမှုဆောင်အဖွဲ့၊ ၃၇၀၉၅၈

**ဦးဝင်းကို** B.Com(Q), CPA
Accounting Gold Medalist

**CPA ဝင်ခွင့်**

ကျောင်းအပ်လက်ခံပြီ။
အမှတ်(၂၃-B)၊ ပထမထပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။
Tel: 09 550 7139, 09 511 8648






myanmar
national airlines




မြန်မာအမျိုးသားလေကြောင်းလိုင်း၏ရန်ကုန်-စင်ကာပူနှင့်စင်ကာပူ-ရန်ကုန်
ခရီးစဉ်များကို ဇန်နဝါရီလ၊ (၁)ရက်နေ့ ၂၀၁၆ မှစတင်၍
ပြောင်းလဲပါမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အောက်ဖော်ပြပါအချိန်များအတိုင်းဖြစ်ပါသည်။

| Flight No. | Dep. | | Arr. | |
|---|---|---|---|---|
| UB-001 | Yangon | (07:15) | Singapore | (11:45) |
| UB-002 | Singapore | (13:00) | Yangon | (14:30) |

*For more information, please contact your travel agent or MNA Reservation at below contact.*

www.flymna.com
Email : reservations@flymna.com
**Tel : +95 1 378603, +95 1 377840**



**ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း**
ယာဉ်အမှတ် 9B-2312 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဦးချိုလမ်း၊ အကွက်အမှတ် -၁၄၊ ဦးပိုင်အမှတ်-၂(ခ)၊ ဧရိယာ-၀.၆၃၃ဧကနှင့်ပတ်သက်၍အများသိစေရန် သတိပေးကြေငြာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဦးချိုလမ်း၊ အကွက်အမှတ်-၁၄၊ ဦးပိုင်အမှတ်-၂(ခ) ဧရိယာ-၀.၆၃၃ ဧကသည် ကွယ်လွန်သူမိဘများပိုင်ဖြစ်၍ ၁၉၃၃ ခုနှစ်ကတည်းကသားကြီး ဖြစ်သူဦးဂျော်ဘိုသာ အမည်ပေါက်မြေဖြစ်ကြောင်း ယင်းမြေနှင့်ပတ်သက်၍ ဦးဂျော်ဘိုသာ ကွယ်လွန်သောအခါ ၎င်း၏ဇနီးဖြစ်သူ ဒေါ်တင်မေမှာမန္တလေးမြို့တွင် ဆေးကုသမှုခံယူနေခဲ့ရသဖြင့် ဦးဂျော်ဘိုသာ၏ လူမမယ်သားသမီးဖြစ်သူ မခင်ခင်သာနှင့် မောင်သာသိန်းတို့အား ပြုစုစောင့်ရှောက်ရသည်ကို အကြောင်းပြု၍ ဦးဂျော်ဘိုသာ၏ညီ ဦးညိုသာကၡ၎င်း၏ အမည်သို့ပြောင်းလဲထားသည့်အပေါ်၊ ဒေါ်တင်မေက ၁၉၆၀ ခုနှစ်မှသိရသဖြင့်၊ အဆိုပါ အမည်ပြောင်းလဲမှုအတွက် အခွန်တော်အမှုအမှတ်-၅၈(၁၉၆၀/၆၁)ကိုစွဲဆိုခဲ့ရာ ကွယ်လွန်သွားသူ ဦးညိုသာ၏ဇနီးဒေါ်ကြိုင်ဘက်မှ ညှိနှိုင်းမှုပြုလုပ်ခဲ့သဖြင့် အမှုပြန်လည်ရုပ်သိမ်းကာ၊ (၁)ဦးညိုသာ၏ ဇနီးဒေါ်ကြိုင် (၂) ဦးသာချိုပ်၏သားသမီး မလှသာသာနှင့်ကိုသာတို့၊ (၃) ဦးဂျော်ဘိုသာနှင့် ဒေါ်တင်မေ၏ သားသမီးမခင်ခင်သာနှင့်ကိုသာသိန်းတို့က တရားဝင်မြေကွက်ခွဲစိတ်ခြင်းမပြုသေး ဘဲ ၂၉.၄.၆၅ နေ့စွဲပါ အရပ်စာချုပ်ချုပ်ဆိုကာ အေးချမ်းစွာနေထိုင်ခဲ့ကြကြောင်းနှင့်၊ ယင်းမြေပေါ်ရှိမူလနေအိမ်ကြီးကို မခင်ခင်သာနှင့် ကိုသာသိန်းတို့မှ ငွေအမ်းယူလိုက်သဖြင့် မခင်ခင်သာနှင့်ကိုသာသိန်းတို့က နေအိမ်ကိုလက်ရောက်ပိုင်ဆိုင်ကာ အငှားချထားခဲ့ကြောင်းသိရှိရပါသည်။

ဒေါ်ကြိုင်သည်ခင်ပွန်းဖြစ်သူ ဦးညိုသာကွယ်လွန်ပြီး ဦးဂျော်ဘိုသာ၏ဇနီးဒေါ်တင်မေ တရားစွဲဆိုစဉ်ကတည်းက၊ ၁၉၆၅ ခုနှစ်ကတည်းက၊ မြေခွဲဝေခြင်းစာချုပ်ကိုကိုယ်တိုင်ပြုလုပ်သိရှိလက် မှတ်ထိုးခဲ့ပါလျက် ၁၉၇၅ ခုနှစ်တွင် အဆိုပါ ဧရိယာ၀.၆၃၃ဧကရှိ မြေအမည်ပေါက်ကိုဦးညိုသာအမည်မှ ၎င်း၏အမည်သို့ ဆင့်ပြောင်းဆောင်ရွက်ခဲ့၍ ဒေါ်ကြိုင်အမည်ရှိနေခဲ့သော်လည်း ဦးဂျော်ဘိုသာ၊ ဦးညိုသာ၊ ဦးသာချိုပ်တို့ညီအစ်ကိုများ၏ အမွေဆိုင်မြေများသာဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေနှင့်ပတ်သက်၍ ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူ အမွေဆိုင်တစ်ဦးဖြစ်သူ ဦးဂျော်ဘိုသာ၏ဆက်ခံသူ သားသမီးမြေးမြစ်တစ်ဦးဖြစ်သော ဦးသီဟမင်း (၁၂/လမန (နိုင်)၀၄၅၅၇၃)၏ စာဖြင့် ရေးသားထားသော သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်း ခြင်း၊ ပေးကမ်းခြင်း၊ လျှော်နှံခြင်း၊ အဆောက်အဦးဆောက်လုပ်ခြင်းမှအစ အခြားနည်းတစ်စုံတစ်ရာ လွှဲပြောင်းခြင်း၊ သုံးစွဲခြင်းမပြုရန်နှင့် ဒေါ်ခင်ခင်သာနှင့် ဦးသာသိန်းတို့ ၏ပိုင်ဆိုင်မှုဖြစ်သော နေအိမ်အဆောက်အဦးကို တစ်စုံတစ်ရာထိပါးခြင်းမပြုလုပ်ကြပါရန် သတိပေးတား မြစ်ကန့်ကွက်ပါကြောင်းနှင့် ပြုလုပ်ပါကပြုလုပ်သူများအပေါ် ဥပဒေနှင့်အညီတရားစွဲဆိုသွားမည်ဖြစ် ကြောင်းအသိပေးကြေငြာပါသည်။ ဦးသီဟမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်နီလာအေး တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၂၆)**
**မြန်မာသမာဓိ LAW-FIRM၊ အမှတ်-၁၀၄၊ ပထပ်၊**
**၇၉လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။(၀၉. ၅၀ ၇၀၀၂၈)**

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.

ဂရိတ်ဝေါလ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

**ရွှေအသည်း**
အမှတ်တံဆိပ်

အသည်းအားဆေး

**အသည်းရောဂါ ဘီပိုး၊ စီပိုးကို နှိမ်နင်းနိုင်တဲ့ တိုင်းရင်းဆေး**





- အသည်းရောဂါ ဘီပိုး၊ စီပိုးကို လျော့နည်းတားဆီးနှိမ်နင်းနိုင်ကြောင်း၊ ရောဂါပိုးရှာမတွေ့နိုင်သော အနေအထားသို့ ရောက်ရှိသွားကြကြောင်းကို ဖော်ပြသည့် Case Study သုတေသနအား တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ၌ တင်သွင်းခဲ့ပါသည်။
- အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေပြီး အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။
- အသည်းပျက်စီးမှုကို ကာကွယ်ထားခြင်းကြောင့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့မှ ကင်းဝေးစေနိုင်ပါသည်။ အသည်းခြောက်နေသူများအတွက် ပိုမို၍အသည်းခြောက်ခြင်းမှ လျော့နည်းသက်သာလာစေပါသည်။
- Antioxidant Action ရှိကြောင်း သုတေသနပြုလုပ်တွေ့ရှိရပါသည်။
- Sub-acute Toxicity Test ကို စမ်းသပ်ထားပြီးဖြစ်ပါသည်။
- ဤဆေးသည် အမှန်တကယ်ဆေးစွမ်းအာနိသင်ထက်မြက်ကြောင်းကို ခိုင်မာသောအထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသနပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းများကို ဂုဏ်သိက္ခာမြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသနညီလာခံများတွင် တင်သွင်းနိုင်ခဲ့ပါသည်။
- နာတာရှည်အသည်းရောဂါရှိသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ အသည်းကြီး/ရောင်၊ အသည်းဝေဒနာရှင်များ၊ အားကိုးအားထားပြုရာ တိုင်းရင်းဆေးဖြစ်ပါသည်။

*Reference :*
(1) Myanmar Health Research Congress 2010 / (2) Myanmar Traditional Medicine Conference 2010 / (3) The 2nd Traditional Medicine Research Congress 2011 / (4) Indo-US Symposium on "Frontiers in Medicinal Chemistry and Drug Discovery" INDIA 2011 / (5) The 4th Traditional Medicine Research Congress 2013 / (6) ကြေးမုံသတင်းစာ ဇွန် ၂၂ ၊ ၂၀၁၃

ကြော်ငြာ

GOLDEN STAR Travels & Tours
ဂျာမနီနိုင်ငံထုတ် MAN ကားသစ်ကြီးများဖြင့်...
ပုဂံ(ညောင်ဦး)–ပုပ္ပါး–ပခုက္ကူ Jan-1
မန္တလေး–ပြင်ဦးလွင်–စစ်ကိုင်း–မင်းကွန်း Jan-1
တောင်ကြီး–အင်းလေး–ဝင်းတော–ကက္ကူ Jan-1
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph;01-703448, 209200, 09-5081580, 09-5036640

Jan 1, 8, 15, 22, 29
373275, 708342, 0949219404

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

420144148, 421153797

## နှစ်(၅၀)မြောက်ရွှေရတုမိတ်ဆုံစားပွဲဖိတ်ကြားလွှာ

(၇-၁-၁၉၆၆၊ ၇-၁-၂၀၁၆)

ဖောင်ကြီး ရဲအရာရှိအပတ်စဉ်(၃/၁၉၆၆) သင်တန်းဆင်းသူငယ်ချင်းများ၏ နှစ်(၅၀)မြောက် ရွှေရတုအထိမ်းအမှတ် မိတ်ဆုံစားပွဲအား ရွှေမင်္ဂလာအမှတ်(၂)စားတော်ဆက် အမှတ်-၁/ခ၊ အုတ်ပုံဆိပ်လမ်း၊ (စွယ်တော်မုဒ်ဦးမျက်စောင်းထိုး)၊ မရမ်းကုန်းမြို့နယ်တွင် ၇-၁-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီမှ ၁၂း၃၀ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-

ဦးအောင်ဝင်းနိုင်- ၀၉-၂၅၀၆၇၆၂၄၈၊ ၀၉-၂၆၁၉၇၅၃၉၈၊

ဦးတင်အေး(ဒုရဲမှူး-ငြိမ်း)-၀၉-၇၃၁၄၈၅၂၊ ၀၁-၅၈၁၀၆၇

NELC
"Don't Worry, Just Speak!"
Nelson English Language Centre
5 Fundamental Development!
mental critical social emotional physical
Pre-school
★ 3 to 5 years old
Opening in January
Enroll Now!!



STARFISH
English (4 skills) ကို အချိန်တိုအတွင်း confidence ရှိရှိ
Level 1, 2, 3, 4, 5
Ph : 09-79 990 75 15, 09-253179825



Fuji Xerox Authorised Distributor
Let's Enjoy Fuji Xerox Copiers Happy Days
from 10% to 30% off
( 28.12.2015 to 31.12.2015 )
CONCORDIA INTERNATIONAL



glamour

ကမ္ဘာကျော် Designer Brand များမှအသုံးပြုသောပြင်သစ်နိုင်ငံထုတ် "Sophie hallette" မှဇာများ၊
ဆွစ်ဇာလန်ဇာများ၊ မြန်မာ့ရိုးရာလွန်းရာကျော်ချိတ်၊ ထိုင်းပိုးမျိုးစုံနှင့် ဖင်းမယ်မျိုးစုံတို့အားပစ္စည်းဈေးနှုန်းမှန်ကန်စွာ
ရောင်းချပေးနေပြီး၊ ပြင်ပအပ်ထည်များကိုပါ Designer များ၏ဆန်းသစ်လှပသေသပ်သောလက်ရာများဖြင့်၊
ရက်ချိန်းတိကျသေချာစွာဝန်ဆောင်မှုအပြည့်ဖြင့်ချုပ်လုပ်ပေးနေသည်ဖြစ်ပါသောကြောင့်
လာရောက်ကြည့်ရှုဝယ်ယူအားပေးနိုင်ပါကြောင်း သတင်းကောင်းအားဖိတ်ကြားအပ်ပါသည်။

အမှတ်(၁၅၂/A) အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁–၅၅၆၁၁၈၊ ၀၉ ၅၀၃၆၇၈၈၊ ၀၉ ၅၀၀၆၆၈၃၊ ၀၉ ၅၀၃၂၀၀၀

ရွှေသမင်
အမှတ်တံဆိပ်



Ph : 01-664636, 01-662065, 09781596530

ကြော်ငြာ


ပညာရေးဝန်ကြီးဌာန တရားဝင်အသိအမှတ်ပြုသောကျောင်း မှတ်ပုံတင်အမှတ်- ကက-၁၃/၄၂/၀၈၂

ဒေါ်စုစုဝေ၊ B.Sc, B.Ed, M.Ed ကိုယ်တိုင်ဦးစီးတည်ထောင်ဖွင့်လှစ်သော

**GREAT LIGHT** ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ဘော်ဒါ



- (၂၀၁၆– ၂၀၁၇) ပညာသင်နှစ်အတွက် နေ့တက်သင်တန်း၊ ဘော်ဒါကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံ နိုင်ပါသည်။
- သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်း အထိ ကျောင်းအပ်လက်ခံပါသည်။
- လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှု စိတ်ချရပါမည်။
- စုံစမ်းအပ်နှံရန် – အမှတ်(၇)၊ သမိုင်း– ၂လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ✆ ၀၁-၅၂၂၈၅၅၊ ၀၁-၉၆၈၈၆၉၆၊ ၀၉-၄၉၃၁၉၅၂၆၊ ၀၉-၇၃၂၀၈၄၁

မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ၊ ဆရာမများ လာရောက်လျှောက်ထားနိုင်ပါသည်။

ကျောင်းသားအများဆောင်
**ရွှေလက်ဆောင်**
Reg. 1123/2003

စာပိုဒ်ပေး၊ ဖတ်မှတ်နားလည်မှု စစ်ဆေးသည့် အမေးများကို ဖြေတတ်ဖို့ ဘက်စုံအသုံးချ အင်္ဂလိပ် သဒ္ဒါလမ်းညွှန်

**COMPREHENSIVE GUIDE TO COMPREHENSION**

တက္ကသိုလ်ဝင်တန်း နှင့် အဋ္ဌမတန်း

တစ်အုပ်ချင်း **ထွက်နေပြီ**

စာမေးပွဲမေးခွန်းပုံစံနှင့် ရင်းနှီးကျွမ်းဝင်စေပြီး သင်ခန်းစာတစ်ခုပြီးတိုင်း လေ့ကျင့်နိုင်ရန် မေးခွန်းပုံစံတူလေ့ကျင့်ခန်းများပေးထားသည့်

အဋ္ဌမတန်း

**ENGLISH WORKBOOK**

ဆရာဦးညွန့်ဝင်းထက် (စာပေဗိမာန်)

PQI အသိအမှတ်ပြုစင်တာ

**ဦးသန့်ဇော်** B.Sc.IC.Q.DA, DMP, MBA, ACCA (pro)

**LCCI I, II & III**

ဇန်နဝါရီတန်းခွဲသစ် (5-1-2016) စမည်

I & II Sec (D): Mon to Wed 9:00 - 11:00 am / Sec (E): Mon to Wed 1:00 - 3:00 pm (သုံးလအပြတ်)

ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည်

စင်ကာပူအမျိုးသားတက္ကသိုလ်

**NUS** (GDip.SA) ဝင်ခွင့်သင်တန်း

ISS Institute of Systems Science

Graduate Dip: in Systems Analysis

Application Form စတင်လက်ခံပြီ

(Class, 10 Jan 2016 စမည်)

ဖါရင်ဆရာ/ဆရာကြီးများသင်မည်

စီးပွားရေးတက္ကသိုလ်

**MBA/DMA** ဝင်ခွင့်

GMAT, Reasoning & English သင်တန်း

10 Jan 2016 စမည် ။ (ရုံးချိန်လွတ်)

- ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည် ။
- မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။

**ORION** Business School ●●● အမှတ်–၂၆/၇၊ ပ–ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (အုံ့စင်တာအနီး)။ Call ; 09 5115997, 09 32358423

အခွင့်အလမ်းဂျာနယ် နှစ်သစ်ကူး အထိမ်းအမှတ်အထူးထုတ်

ပါဝင်ရေးသားနေကျ စာရေးဆရာများ၏ Change Management အကြောင်း ဆောင်းပါးများနှင့်အတူ နှစ်စဉ်ပါဝင်နေကျ Planner စာအုပ် လက်ဆောင်ထည့်သွင်းပေးထားပါသည်။

အခွင့်အလမ်း ဂျာနယ် Opportunity Journal

ဂျာနယ်ဈေးနှုန်း မပြောင်းလဲပါ။

Quality Products UPT Serving People

အမျိုးသားစာပေဆုရှင်ကြီး

**ဦးဖေသိန်း**

B. Sc. Engg. Electrical

လျှပ်စစ်ပညာကျွမ်းပြီးဆရာကြီး ကိုယ်တိုင်ကျွမ်းကျင်တဲ့ပညာရှင် တိုင်းတပါးသားအားကိုးခြင်းမရှိ လုပ်ငန်းသက်တန်း၃၄နှစ်ကျော်ရှိ

ရပ်ကွက်၊ ကျေးရွာစက်ရုံသုံး ထရန်(စ)ဖေါ်မာကြီးများထုတ်လုပ်ရောင်းချနေတာ ၁၄နှစ်ရှိခဲ့ပါပြီ၊သရီးဖေ့(စ)စလုံးကျိုင်လောင်ပြီးပြန်လာတာမရှိသေးပါဘူး။ 6.6/0.4 KV, 11KV/ 0.4 KV, 33/0.4KV အရွယ်စုံထုတ်လုပ်နေပါတယ်။ ရောင်းချတဲ့အလုံးတိုင်း အင်အားပြည့်ထွက်ရှိကြောင်း ဝယ်ယူသူရှေ့မှာ နာရီများစွာ စမ်းပြပေးပါတယ်၊ ၁၀%ဝန်ပိုပြီးလည်းစမ်းပြပါတယ်၊မည်သည့်နိုင်ငံလုပ်မည်သည့် တံဆိပ်ပဲဖြစ်ဖြစ် 50 KVA မှ 1500 KVA အတွင်း ပြုပြင်ပေးပါတယ်။ ထရန်(စ) ဖေါ်မာ အကြိမ်ကြိမ်လောင်တဲ့နေရာကိုကွင်းဆင်းလေ့လာပြီး ပြဿနာရဲ့အကြောင်းအရင်းကို စစ်ဆေးဖေါ်ထုတ်ပြုပြင်ပေးတယ်။ Tel.01-561868,577404,095019348

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်

**နေရာတိုင်းဆောင်ထား**

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Since 2001

Rain Flower

3 Years



ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁

မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၁၅၄၆၇၀

၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆

ပေါက်တော၁၀၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၃၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄

နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၁

မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

**သစ်လုံး** နဝလိခွဲသည်

ကျွန်း၊ ပျဉ်းကတိုး၊ အင်/ကညင်၊ အခြား

ဖုန်း - ၀၉-၅၁၃၁၀၂၇

ညှိနှိုင်းဈေးဖြင့်/ အမြန်ရောင်းမည်/ တိုက်ခန်းနှင့်လဲမည်

သာကေတမြို့နယ်၊ (၅) ရပ်ကွက်၊ သီဟိုလမ်း၊ ရုပ်ရှင်ရုံနှင့် ရှေ့ချင်း သာလမ်းမကြီးကြား BN(၂)ထပ်တိုက်၊ မြေ(၂၂×၆၀) ဂရန်အမည်ပေါက် အဲကွန်း(၄)လုံးပါ ရေပူ ရေအေး၊ အဝီစိရေ၊ ဘိုထိုင်အသင့်နေ၊ ဈေး၊ ကျောင်း၊ ကားဂိတ်နီး (အကျိုးဆောင် 2%)

Ph-09-253520623, 09-798175993, 09-254498200

**စိန်ငါးလုံး** လိမ်းဆေးရည် အမှတ်တံဆိပ်

ကြက်နဲ့၊ ငါးမျက်စိ၊ နင်းခူ၊ အကျိတ်၊ မှဲ့ခြောက်၊ မှဲ့ကြီး အသားပိုသီးများနှင့် ခြေသည်းလက်သည်း ညှိမည်းခြင်း အပူလောင်ခြင်း၊ အဆိပ်တက်ခြင်း အနာအမျိုးမျိုးဖြစ်ပွားခြင်းတို့အတွက် ဆေးစွမ်းထက်သည့် စိန်ငါးလုံး လိမ်းဆေးရည်ကိုသုံးစွဲပါ

ဖုန်းနံပါတ် - ၀၉ ၇၃၁၅၅၁၇၇ ၊ ၀၉ ၄၂၀၄၀၀၀၅

# မန္တလေးတောင် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ ကျင်းပ




တင်မောင်(မန်းကိုယ်ပွား)
မင်းထက်အောင်(မန်းကိုယ်ပွား)

Mandalay Hill Bike Challenge 2015 ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ စတင်တာလွှတ်နေစဉ်။

**မန္တလေး ဒီဇင်ဘာ ၂၇**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ ကြီးမှူး၍ Mandalay Free Rider စက်ဘီးစီးအဖွဲ့က ဦးဆောင်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် Mandalay Hill Bike Challenge 2015 ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးမြို့ (၇၈)လမ်းနှင့် (၃၂)လမ်းထောင့် စုရပ်မှစတင်တာလွှတ်၍ မန္တလေးတောင်ပေါ်သို့ စီးနင်းယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာဝင်းလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ MFR စက်ဘီးအဖွဲ့နှင့် ပြိုင်ပွဲဖြစ်မြောက်ရေးကူညီပံ့ပိုးသည့် အော်တိုမိုဘိုင်းမှ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

ရှေးဦးစွာ လူမှုရေးဝန်ကြီးက အချက်ပြတာလွှတ်သေနတ်ပစ်ဖောက်ပြီး ပြိုင်ပွဲဝင်စက်ဘီးသမားများသည် စုရပ်နေရာမှ (၃၅)လမ်း၊ (၆၂)လမ်းမှ ကျုံးအနောက်ဘက်အတိုင်းပတ်၍ ရွှေမန်းတောင်ဂေါက်ကွင်းမှ မန္တလေးတောင်အဆင်းလမ်းအတိုင်း တောင်ပေါ်သို့ စီးနင်း၍ မန္တလေးတောင်ခါတ်လှေကားအနီးရှိနေရာတွင် ပန်းဝင်ခဲ့ကြသည်။

မန္တလေးပြည်သူများ အားကစားလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရန်၊ စက်ဘီးစီးခြင်း၏ အကျိုးရလဒ်များကို သိရှိစေရန်နှင့် ယာဉ်အစီးရေတိုးတက်များပြားလာသော မန္တလေးမြို့တော်တွင် စက်ဘီးစီးသူများပြားလာခြင်းဖြင့် ယာဉ်လမ်းကျပ်တည်းမှုများနှင့် လေထုညစ်ညမ်းမှုများကြောင့် ကျန်းမာရေးထိခိုက်နိုင်မှုတို့အား လျော့ပါးသက်သာစေရန်ရည်ရွယ်၍ အဆိုပါပြိုင်ပွဲကို (၂၅)နှစ်အောက်၊ (၃၅)နှစ်အောက်၊ (၄၅)နှစ်အောက်နှင့် (၆၀)နှစ်နှင့်အထက်အလွတ်တန်းဟူ၍ ပြိုင်ပွဲအမျိုးအစားအလိုက်ကျင်းပခြင်းဖြစ်ပြီးပြိုင်ပွဲသို့ MFR စက်ဘီးအဖွဲ့ဝင်များနှင့် မြို့ခံစက်ဘီးအားကစားသမားများသာမက နိုင်ငံတကာမှ ဧည့်သည်များပါ စိတ်အားထက်သန်စွာ ပါဝင်ဆင်နွှဲခဲ့ကြရာ စုစုပေါင်း စက်ဘီးအစီးရေ ၃၂၇ စီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မန္တလေး **စာမျက်နှာ ၁၃ ကော်လံ ၃ သို့** ✱

ယနေ့ **မာတိကာ**

မြစ်ကြီးနား ဆရာအတတ်သင်မှုပိုင်တေးသီချင်းသတ်မှတ်ခံရ
သတင်း စာမျက်နှာ - ၂

ကွန်ပျူတာစာစီ သင်ရိုးပိဋကတ်ကျမ်းစာတော်များ လှူဒါန်း
သတင်း စာမျက်နှာ - ၅

အစားထိုးမီနီဘတ်စ်တွေကို ပုံသေ ကျပ် ၂၀၀ ဘယ်သူသတ်မှတ်လိုက်တာလဲ
ဖတ်စရာ မှတ်စရာ စာမျက်နှာ - ၁၀

# ကမ္ဘာလှည့်ခရီးသွားများထံမှ ဆိုင်ကယ်ကယ်ရီသမားနှင့် အနေးယာဉ်လုပ်သားတချို့ ကျသင့်ငွေကြေးထက် ပိုမိုတောင်းယူနေ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များထံမှ ဆိုင်ကယ်ကယ်ရီသမားနှင့် အနေးယာဉ်လုပ်သားတချို့က ကျသင့်ငွေကြေးထက် ပိုမိုတောင်းမှုများ ပြုလုပ်နေကြောင်း ကမ္ဘာလှည့်ခရီးသွားဧည့်လမ်းညွှန်များထံမှ သိရသည်။

"ရန်ကုန်မြို့ကြီးနဲ့အနီးဆုံးနေရာမှာရှိပြီး တစ်ဖက်ကမ်းကို ကူးလိုက်တာနဲ့ လူမှုဘဝနေထိုင်မှုတွေ ပြောင်းလဲသွားတယ်။ Life Style နှစ်ခု သိသိသာသာကွာခြားသွားတဲ့အတွက် ဒလဘက်ကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေ စိတ်ဝင်တစား သွားရောက်လည်ပတ်ကြတယ်။ သွားတဲ့အခါမှာ ဆိုင်ကယ်ကယ်ရီတို့၊ ဆိုက်ကားတို့ကို အသုံးပြုပြီး လည်ပတ်ကြတယ်။ အဲဒီအခါမှာ လောဘသမားတချို့နဲ့တွေ့ပြီး ခရီးစဉ်အဆုံးမှာ မူလသဘောတူထားတဲ့ ဈေးနှုန်းထက် ငွေပိုတောင်းလို့ ခရီးသွားဧည့်သည်တွေ စိတ်ဆိုးသွားတာကြုံတွေ့ရတယ်။ ဒါမျိုးတွေ မဖြစ်သင့်ပါဘူး။ အခုနောက်ပိုင်းပိုများလာလို့ သက်ဆိုင်ရာအနေနဲ့ ကြပ်မတ်သင့်ပါတယ်"ဟု ဧည့်လမ်းညွှန်ကိုမျိုးက ပြောသည်။

ထိုသို့ ငွေကြေးပိုမိုတောင်းနေမှုနှင့်ပတ်သက်၍ "နိုင်ငံခြားသား ခရီးသည်တွေထံက ငွေပိုတောင်းတဲ့ဖြစ်ရပ်တွေ ကြားနေရတယ်။ အဖွဲ့လိုက် လာတဲ့ဧည့်သည်တွေမှာ မရှိပါဘူး။ တစ်ယောက်တည်းလာတဲ့သူတွေ အနေနဲ့တော့သတိထားဖို့လိုပါတယ်။ ဒီလိုကိစ္စတွေကတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ မလုပ်သင့်ပါဘူး။ ကျွန်တော်တို့လည်း ဧည့်လမ်းညွှန်တွေနဲ့ ချိတ်ပြီး လိုက်ပို့ပေးနေကျပါ။ သတ်မှတ်ဈေးထက်ပိုရပြီး ဧည့်သည်တွေက မုန့်ဖိုးတောင် ပေးပါတယ်"ဟု မြို့နေ အနေးယာဉ်လုပ်သား ဦးတင့်က ဆိုသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ဒလမြို့သို့ နေ့စဉ် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❒




Gmail themirror.npt@gmail.com
www.facebook.com/themirrordaily